ရှေးဟောင်းမြင့်မြတ်ခန္ဓာမှစတင်၍
(ကျွင်းရှောင်ယောက်)

မူရင်း စာစဉ်အမည် ; Scoring the Sacred Body of the Ancients from the Get-go

မူရင်း စာရေးသူ ; God j

ဘာသာပြန် ; နိုင်လင်းအောင်

အခန်း ( ၁၆၆ ) ရန်လိုလွန်းသော လင်းဖုန်း၊ ခရမ်းရောင်အိမ်တော်၏ မြင့်မြတ်မိန်းမပျို... စုဇီချုံ။

လင်းဖုန်း၏ အေးစက်စက် အော်သံက ရှေးဟောင်းဝိညာဉ် တောင်တန်းတစ်ခုလုံးကို လွှမ်းခြုံသွားသည်။

မြင့်မြတ်ဝိညာဉ်တောင်တန်းအတွင်းရှိ နာလန်မိသားစုဝင်များမှာတော့ ဝမ်းနည်းခြင်းနှင့်

ဒေါသဖြစ်ခြင်းများ ပြည့်နှက်နေ၏။

၎င်းတို့၏ နာလန်မိသားစုက လင်းဖုန်းနှင့် လင်းမျိုးနွယ်အတွက် အကောင်းဆုံး လုပ်ဆောင်ပေးခဲ့သည်။

သို့တိုင် လင်းဖုန်းက ၎င်းတို့ကို ခွေးရူးကဲ့သို့ လာကိုက်၏။

ယခုလည်း အင်အားစု အများကြီးရှေ့တွင် နာလန်မိသားစုကို မျက်နှာပျက်ရန် လာရောက်စိန်ခေါ်နေခဲ့ပြီ။

"ဂျူနီယာ၊ အရမ်းလွန်မလာနဲ့"

မျက်နှာမသာယာဖြင့် အဘွားကြီးတစ်ယောက် ပေါ်လာသည်။ ၎င်းမှာ လွန်ခဲ့သည့်တစ်နှစ်က

လက်ထပ်စာချုပ်ဖျက်သိမ်းရန် လာရောက်ချိန်က နာလန်လော်ရှီးနှင့်အတူ လိုက်လာခဲ့သော အဘွားလျို ဖြစ်သည်။

အဘွားအိုကိုမြင်သောအခါ လင်းဖုန်းက လှောင်ပြောင် ပြောဆိုလိုက်သည်။

"ကံကြမ္မာတစ်ပတ်လည်လာခဲ့ပြီ၊ အခုတော့ လင်းမိသားစုရဲ့ အရှက်ရမှုကို မင်းတို့ သဘောပေါက်သွားပြီပေါ့"

"ဂျူနီယာ၊ မင်း..."

အဘွားလျိုလည်း မျက်နှာသုန်မှုန်သွားကာ အခြေတည်နတ်ဘုရားအဆင့် အရှိန်အဝါများအား ထုတ်ဖော်လိုက်၏။

သို့သော်လည်း ဤအခိုက်အတန့်တွင် အေးစက်ပြီး

နူးညံ့သောအသံတစ်ခု ထွက်ပေါ်လာသည်။
“ရပ်စမ်း”

ခပ်လှမ်းလှမ်း ကောင်းကင်ယံမှ လူတစ်စု
ထွက်ပေါ်လာခဲ့၏။

၎င်းတို့ထဲတွင် တောက်ပသော မျက်လုံးများနှင့်
ဖြူစင်သော သွားများရှိသည့် ခရမ်းရောင်ဝတ်
မိန်းကလေးဇီရန်လည်း ရှိလေသည်။

ယခုပြောလိုက်သူက ဇီရန်ဖြစ်ပြီး အဖွားလျိုကို
အေးစက်စက်ဖြင့် ကြည့်လိုက်သည်။

သူ့အနီးမှာတော့ အစွမ်းထက်အရှိန်အဝါများ
ထွက်ပေါ်နေသော လူတချို့ရှိ၏။

ထိုအထဲတွင် ခရမ်းရောင်ဝတ်စုံနှင့် လှပသော မိန်းမပျိုတစ်ဦးလည်း ပါလေသည်။

ထိုမိန်းမပျိုက ရှည်လျားသော ခရမ်းရောင်ဆံပင်ရှည်များကို ကျောဘက်တွင် ဖြန့်ချထားသည်။ သူမ၏ အသားရေကလည်း အဆင့်မြင့်ကျောက်စိမ်းထက် ဖြူစင်ဝင်းပ၏။

သူမ၏ ခရမ်းရောင် မျက်လုံးများမှာတော့ ကြည်လင်ပြတ်သားမှုများ ပြည့်နှက်နေတော့သည်။

ခရမ်းရောင်ဆံပင်ရှည်နှင့် မိန်းမလှလေး၏ ကျင့်ကြံခြင်းအခြေခံကတော့ အမှန်ပင် တာအိုပေါင်းစည်းခြင်းနယ်ပယ်သို့ ရောက်ရှိနေသောကြောင့် အင်မော်တယ်နယ်မြေကြီးမှ

ပါရမီရှင်တစ်ဦးဖြစ်ကြောင်း ထင်ရှားသည်။

အဘွားလျှိုကို ကြောက်သွားစေသူက အဆိုပါ ခရမ်းရောင်ဆံပင်ပိုင်ရှင် မိန်းမလှလေး မဟုတ်ပေ၊ ယင်းက သူမ၏နောက်ကွယ်မှ အစွမ်းထက်အရှိန်အဝါများဖြင့် ပြည့်နှက်နေသော လူတစ်စု ဖြစ်သည်။

ထိုလူများက သူ၏ အခြေတည်နတ်ဘုရား ကျင့်ကြံခြင်းအခြေခံနှင့် ရန်စနိုင်သောအရာ မဟုတ်ပေ။

"အောက်ကမ္ဘာရဲ့ လျှို့ဝှက်မိသားစုက ဒီလောက်ပဲလား။ အဲဒီမိန်းကလေးကို အခုထွက်လာခိုင်းလိုက်စမ်း၊ မဟုတ်ရင် ဒီနေ့ ရှင်တို့နာလန်မိသားစု အေးချမ်းနိုင်မယ် မထင်နဲ့"

ခရမ်းရောင်ဆံပင်ရှည်နှင့် မိန်းမလှလေးက
ထူးခြားမှုမရှိဟန်ဖြင့် ပြောလိုက်သည်။

ယင်းကိုကြားသောအခါ အဘွားလျို
မျက်နှာပျက်သွား၏။

ပတ်ဝန်းကျင်ရှိ အင်အားစုများမှာလည်း
ထိတ်လန့်တုန်လှုပ်သွားတော့သည်။

ထိုမိန်းမပျို၏ နောက်ကွယ်မှ အင်အားစုက
အံ့သြစရာဖြစ်ပြီး ပျက်ဆီးခြင်းကောင်းကင်
အင်မော်တယ်နယ်မြေကြီးရှိ ခရမ်းရောင်အိမ်တော်
မြင့်မြတ်နယ်မြေဖြစ်ကြောင်း သူတို့သိကြသည်။

ခရမ်းရောင်အိမ်တော် မြင့်မြတ်နယ်မြေက
အင်မော်တယ်မျိုးရိုးမဟုတ်သော်လည်း

သူ့အောက်တွင် အလွန်တန်ခိုးထွားသော
အင်အားစုတစ်ခု ဖြစ်နေဆဲပင်။

အရှေ့ဆန်းကျယ်ဒေသရှိ ခရမ်းရောင်အိမ်တော်
မြင့်မြတ်နယ်မြေက အောက်ကမ္ဘာရှိ အကိုင်းခက်လေး
တစ်ခုမျှသာ ဖြစ်သည်။

ဇီရန်က အောက်ကမ္ဘာမှ လူတစ်ယောက်သာ
ဖြစ်လေသည်။

သို့ရာတွင် စုဇီချုံဟုခေါ်သော
ခရမ်းရောင်ဆံပင်ရှည်နှင့် မိန်းကလေးက
အင်မော်တယ်နယ်မြေကြီးရှိ ပါရမီရှင်တစ်ဦးဖြစ်ပြီး
အလွန်လည်း အဆင့်အတန်း မြင့်မားသည်။

စုဇီချုံ၏ စကားကိုကြားတော့ အဘွားလျို

မျက်နှာပျက်သွားသည်။

တကယ်တော့ သူသည် နာလန်လော်ရှီးနှင့် လင်းဖုန်းကို မတိုက်ခိုက်စေလိုပေ။

ယခုနှစ်တွင်း လင်းဖုန်း၏ တိုးတက်မှုက လျင်မြန်လွန်းလှသည်။

တိုက်တိုက်ဆိုင်ဆိုင် သူက ရှေးဟောင်းအင်မော်တယ်မျိုးစေ့တစ်ခုကို ပေါင်းစည်းလိုက်၏။ ထို့ကြောင့် ကျင့်ကြံခြင်းအခြေခံကလည်း တာအိုပေါင်းစည်းခြင်းနယ်ပယ်သို့ ရောက်ရှိသွားကာ အလွန်ကြောက်စရာကောင်းလာတော့သည်။

ဝင်းက အင်မော်တယ်နယ်မြေကြီးမှ ပါရမီရှင်

တချို့ထက်ပင် ပိုအစွမ်းထက်သည်။

တခါတရံ အဖွားလျိုဟာ လင်းဖုန်းက ဘာတွေများစားနေသလဲဟုပင် တွေးမိသည်။ နောက်ဆုံးမှာတော့ ၎င်း၏ခွန်အားက အလွန်လျင်မြန်စွာ တိုးတက်လာနေခဲ့သည် မဟုတ်ပါလား။

လင်းဖုန်းနှင့် နှိုင်းယှဉ်ပါက နာလန်လော်ရှီးသည် အစစ်အမှန်ဝိညာဉ် ကိုးဆင့်ကို ဖြတ်ကျော်ပြီး ကောင်းကင်တံတားနယ်ပယ်သို့သာ ရောက်သေးသည်။

အောက်ကမ္ဘာမှ ပါရမီရှင်များအတွက် ဤအရှိန်က အလွန်မြန်နေပြီ ဖြစ်သည်။

သို့သော်လည်း လင်းဖုန်းကဲ့သို့ တည်ရှိမှုမျိုးနှင့်တော့ နှိုင်းယှဉ်နိုင်းစရာပင် လုံးဝမရှိပေ။

တွေးနေစရာမလိုဘဲ နာလန်လော်ရှီး ရှုံးမည်။

အဘွားလျိုက နာလန်လော်ရှီးကို သူ့မြေးမလေးအဖြစ် သတ်မှတ်ထားပြီးသားဖြစ်ပြီး သဘာဝအတိုင်း အရှက်ရစေလိုခြင်းမရှိပါချေ။

ယင်းကိုမြင်သောအခါ လင်းဖုန်းက လျောင်ပြောင် ပြောဆိုလိုက်သည်။

"လွန်ခဲ့တဲ့တစ်နှစ်မှာ မင်းငါ့ကို အရှက်ခွဲခဲ့တုန်းက ကျိုးကြောင်းဆီလျော်သလို ပြောခဲ့တယ်။ အခုလည်း ငါက နာလန်လော်ရှီးကို အရှက်လာခွဲတာ မဟုတ်ပါဘူး"

"ဂျူနီယာ၊ အနောက်ဆုတ်လိုက်တာ ပိုကောင်းမယ်"
အဘွားလျိုကြ အသက်ပြင်းပြင်းရှူကာ ပြောလိုက်၏။

လင်းဖုန်း၏မျက်နှာက အေးစက်သွားကာ ဇီရန်ကို
အချက်ပြလိုက်သည်။

ထိုအခါ ဇီရန်ကလည်း စုဇီချုံ့ထံသို့ အသံလွှင့်ပြီး
ပြောလိုက်၏။

စုဇီချုံ့က အနည်းငယ်
ခေါင်းညိတ်လိုက်သောအခါမှာတော့ သူ့နောက်ကွယ်မှ
တာအိုကာကွယ်သူသည် ကောင်းကင်နတ်ဘုရား
အရှိန်အဝါများဖြင့် ပေါက်ကွဲထွက်ပေါ်လာတော့သည်။

"ဝုန်း"

ကျယ်လောင်သော ပေါက်ကွဲသံနှင့်အတူ အဘွားလျို သွေးအန်လိုက်ရသည်။

လင်းဖုန်း၏ အကြည့်များကတော့ အေးစက်နေဆဲပင်။

သူ့ကို အရှက်ခွဲခဲ့သောကြောင့် အဆတစ်ရာ ပြန်ပေးဆပ်ရမည်။

"လုံ... လုံလောက်ပါပြီ၊ အဖွားလျို၊ အဆင်ပြေရဲ့လား"

တုန်ရင်နေသော အသံတစ်ခု ထွက်လာသည်။

မြင့်မြတ်ဝိညာဉ် တောင်တန်းအတွင်းမှ စကတ်ရှည်နှင့် မိန်းကလေးတစ်ယောက် ပေါ်လာခဲ့၏။

သူမ၏ နူးညံ့သော မျက်နှာထက်တွင် ဒေါသနှင့်

သည်းခံနေမှုတို့ ပြည့်နှက်နေပြီး အဘွားလျှိုနှံဘေးသို့ ရောက်ရှိလာတော့သည်။

"သခင်မလေး၊ အပြင်ကို ထွက်မလာပါနဲ့"

အဘွားလျှိုက အားနည်းသည့်လေသံနှင့် ပြောလိုက်သည်။

"ဖွားဖွားလျှို..."

နာလန်လော်ရှီးသည် ပန်းနုရောင်နှုတ်ခမ်းကို ကိုက်လိုက်၏။

သူမက ဒေါသမျက်လုံးများကဖြင့် လင်းဖုန်းထံသို့ လှမ်းကြည့်ကာ ပြောလိုက်သည်။

"သခင်လေးလင်း၊ ရှင်ကိုယ့်ကိုကိုယ်

ပြန်မေးကြည့်ပါဦး။ လက်ထပ်စာချုပ်
ဖျက်သိမ်းတာကလွဲရင် နာလန်မိသားစုက ရှင်နဲ့
လင်းကလန်ကို ထိခိုက်အောင် ဘာမှ မလုပ်ဖူးဘူး၊
ဒါပေမဲ့ ရှင်တို့နှစ်ယောက်က ဘာဖြစ်လို့ ဒီလောက်
အခက်တွေ့အောင် လုပ်ရတာလဲ"

နာလန်လော်ရှီး တကယ်ကို နားမလည်နိုင်ပေ။

သူ၏ တောင်းပန်မှုနှင့် ကြင်နာခဲ့မှု အဘယ်ကြောင့်
ဤသို့ဆက်ဖြစ်လာစေရသနည်း။

"ဟမ့်၊ လက်ထပ်စာချုပ်ကို ဖျက်သိမ်းတာက မင်းရဲ့
အကြီးမားဆုံး အပြစ်ပဲ"

လင်းဖုန်းက လက်ပိုက်ကာရပ်နေပြီး အေးစက်စက်ဖြင့်
အော်လိုက်သည်။

သူ၏အမြင်တွင် သူက မိုးနှင့်မြေ၏

အစိကဇာတ်ဆောင် ဖြစ်သည်။

သူ့လိုလူကို လက်ထပ်စာချုပ်ကို နာလန်လော်ရှီးက ဘာကြောင့်ဖျက်သိမ်းရသနည်း။

သူ့ကို အထင်မြင်သေးရအောင် ဘယ်လိုအရည်အချင်းများ ရှိသနည်း။

လင်းဖုန်း၏အမြင်တွင် သူက အမှိုက်ဖြစ်လျှင်ပင် နာလန်လော်ရှီးက ဒူးထောက်ပြီး သူ့ကို နမ်းသင့်သည်။

ယင်းက သူ့ကို ကျေနပ်စေလိမ့်မည်။

ဇီရန်ကလည်း ရှေ့သို့ လှမ်းကာ ပြောလိုက်သည်။

"နာလန်လော်ရှီး၊ ငါပြောခဲ့သလို နင်နဲ့

နာလန်မိသားစုက သေချာပေါက် နောင်တရလိမ့်မယ်"

နာလန်လော်ရှီးက နှုတ်ခမ်းကိုကိုက်ပြီး
ပြောလိုက်သည်။

"လော်ရှီးက ဘယ်တော့မှနောင်တမရပါဘူး၊ လင်းဖုန်း၊
နင်က တိုက်ခိုက်ချင်မှတော့ တိုက်ခိုက်မယ်"

"ဟမ့်၊ ဒါဆိုရင်လည်း တိုက်ခိုက်ကြတာပေါ့"

လင်းဖုန်းက တာအိုပေါင်းစည်းခြင်းအဆင့်
အရှိန်အဝါများကို တိုက်ရိုက် ပေါက်ကွဲစေလိုက်သည်။

၎င်းက လက်ဝါးရိုက်ချက် ထုတ်ဖော်လိုက်သောအခါ
ကြောက်စရာ အရှိန်အဝါများနှင့် လက်ဝါးပုံရိုက်ကြီး
ထွက်လာခဲ့၏။

"ပျက်ဆီးခြင်းရှစ်ပါး လက်ဝါး"

လက်ဝါးတစ်ချက်က ပျက်ဆီးခြင်းရှစ်ပါး
ပါဝင်လေသည်။

နာလန်လော်ရှီး၏ မျက်နှာအမူအရာလည်း ချက်ချင်း
ပြောင်းလဲသွားခဲ့သည်။

လင်းဖုန်းကို ယခုနှစ်အတွင်း
အလွန်အားကောင်းလာကြောင်း သူမသိသော်လည်း…
ဤမျှ သန်မာဖို့တော့ မျှော်လင့်မထားခဲ့ပေ။

လူတိုင်း၏ အာရုံစိုက်မှုအောက်တွင်
နာလန်လော်ရှီးလည်း အံကြိတ်ပြီး
တိုက်ခိုက်လိုက်သည်။

နာလန်မိသားစု၏ ပါရမီရှင်တစ်ယောက်အနေဖြင့်

တိုက်ပွဲမှ ရှောင်ပြေးရန် မဖြစ်နိုင်ပါချေ။

ယင်းက သူမအတွက် အရေးကြီးဆုံး ဖြစ်သည်။

သို့သော်လည်း တစ်ချက်တည်းဖြင့် နာလန်လော်ရှီး အနောက်ပြန်ဆုတ်သွားရကာ နှုတ်ခမ်းထောင့်မှ သွေးများစီးကျလာတော့သည်။

"သခင်မလေး"

အဖွားလျိုလည်း မျက်နှာအမူအရာ ပြောင်းလဲသွားသည်။

လင်းဖုန်း၏ တိုက်ခိုက်မှုက တကယ်ကို ကြင်နာမှု စိုးစိမျှ မရှိပေ။

နာလန်လော်ရှီးသည် ထိုစဉ်က လူကိုယ်တိုင်လာရောက်၍ တောင်းပန်ခဲ့သော်လည်း ထိုကဲ့သို့ ရက်စက်ကြမ်းကြုတ်သော ဆက်ဆံမှုဖြင့် လဲလှယ်ခံခဲ့ရပေသည်။

"ဟမ့်၊ နာလန်လော်ရှီး၊ မင်းက ပါရမီရှင်တစ်ယောက် မဟုတ်ဘူးလား၊ ဘာလို့ ဒီလောက် ပျော့ညံ့လာရတာလဲ"

လင်းဖုန်းက လှောင်ပြောင် ပြောဆိုလိုက်သည်။

နာလန်လော်ရှီးကတော့ အပြောင်းအလဲမရှိသောမျက်နှာဖြင့် အားတင်းကာ ဆက်လက်တိုက်ခိုက်၏။

သူမက ဓားရှည်တစ်ချောင်းကို ထုတ်ယူကာ ဓားမုန်တိုင်းတစ်ခုကဲ့သို့ တိုက်ခိုက်လိုက်သည်။

"မရုန်းကန်နဲ့၊ ဘာမှ အသုံးဝင်မှာ မဟုတ်ဘူး"
လင်းဖုန်းက လှောင်ပြောင်ကာ ရိုးရှင်းသော
လက်သီးတစ်ချက်ကို ထုတ်ဖော်လိုက်၏။

နာလန်လော်ရှီး၏ တိုက်ခိုက်မှုက တိုက်ရိုက်
အက်ကွဲသွားကာ သွေးတစ်ပွက်ကို
ထပ်မံအန်ထုတ်လိုက်ရပြန်တော့သည်။

လင်းဖုန်းက နာလန်လော်ရှီး၏ တိုက်ခိုက်မှုနှစ်ခုကို
အလွယ်တကူချိုးဖြတ်သွားကြောင်း မြင်ရသောအခါ
ရောက်ရှိလာကြသော ပါရမီရှင်လူငယ်အားလုံး
မျက်နှာအမူအရာ လေးနက်ကုန်သည်။

အင်မော်တယ်နယ်မြေကြီးမှ ပါရမီရှင်တချို့ပင်
အနည်းငယ် အံ့သြသွား၏။

လင်းဖုန်း၏ ခွန်အားက ၎င်းတို့ကို  အနည်းငယ် အန္တရာယ်ရှိသကဲ့သို့ ခံစားစေခဲ့သည်။

ရင်ဆိုင်ရန် ရှုန်းကန်နေသော နာလန်လော်ရှီးကိုကြည့်ရင်း လင်းဖုန်း၏မျက်နှာက မေးစက်သွားကာ ပြောလိုက်သည်။

"နာလန်လော်ရှီး၊ ငါ့ကို အေးစက်တယ်လို့တော့ မပြောနဲ့။ နောက်ထပ် ငါ မင်းကို ရွေးချယ်စရာ နှစ်ခုပေးမယ်"

"ပထမ၊ ငါ့ကျွန်မိန်းကလေး ဖြစ်လာပြီး လက်ထပ်စာချုပ်ကို ဖျက်သိမ်းမယ်"

"ဒုတိယ၊ မင်းကို သတ်ပြီး နာလန်မိသားစုကို

အပြီးတိုင် ဖျက်ဆီးမယ်"

-----------

အခန်း ( ၁၆၇ ) နာလန်မိသားစု
စိတ်ပျက်အားငယ်ရခြင်း၊ ရီယု၏ မြှား။

လင်းဖုန်း၏ စကားများသည် နေရာအနှံ့မှ
အာမေဋိတ်များအား ထွက်ပေါ်လာစေခဲ့သည်။

ရိုးရှင်းစွာပင် ယင်းက အလွန်ရက်စက်၏။

နာလန်လော်ရှီးက ခေါင်းငုံ့ထားလျှင် လင်းဖုန်း၏
ကျွန်မိန်းကလေးတစ်ဦး ဖြစ်လာပေလိမ့်မည်။

ထို့နောက် သူမ၏ တာအိုနှလုံးသားကလည်း
ကွဲအက်သွားပြီး ဘဝတစ်လျှောက်လုံး
လင်းဖုန်းလက်အောက်ခံ ဖြစ်သွားခဲ့ရမည် ဖြစ်သည်။

ခေါင်းမငုံ့ပြန်လျှင်လည်း နာလန်လော်ရှီးနှင့်အတူ
နာလန်မိသားစုတစ်ခုလုံး
ပါဝင်ပတ်သက်ပေတော့မည်။

ရွေးချယ်ခွင့် နှစ်ခုစလုံးက လက်မခံနိုင်စရာပင်။

ထိုစကားကိုကြားသောအခါ
နာလန်လော်ရှီး၏မျက်နှာက
သွေးဆုတ်ဖြူရော်သွားခဲ့သည်။

ပထမရွေးချယ်မှုက သူမကို သတ်လိုက်တာထက် ပို၍
စိတ်မသက်မသာဖြစ်စေသည်။

သို့သော် သူမ လက်မခံလျှင်လည်း တစ်မိသားစုလုံး ပျက်စီးသွားလိမ့်မည်။

ယင်းကြောင့် နာလန်လော်ရှီး၏ ခန္ဓာကိုယ်က တုန်ခါသွားကာ ခပ်တင်းတင်းကိုက်ထားသော နှုတ်ခမ်းမှလည်း သွေးများစီးကျလာတော့သည်။

နာလန်လော်ရှီး၏ ရွေးချယ်မှုကို အားလုံးက မှန်းဆနေချိန်...

မြင့်မြတ်ဝိညာဉ်တောင်တန်း အတွင်းပိုင်းမှ အေးစက်စက်အသံတစ်ခု ရုတ်တရက် ထွက်ပေါ်လာသည်။

"တော်လောက်ပြီ၊ သိပ်လွန်မလာနဲ့"

စကားသံနှင့်အတူ
ကြောက်စရာအရှိန်အဝါတစ်ခုကလည်း မုန်တိုင်းကဲ့သို့
ပေါက်ကွဲ ထွက်လာခဲ့၏။

ထို့နောက်တော့ အဝါရောင်တောက်တောက် ဝတ်စုံဝတ်
လူလတ်ပိုင်းအရွယ် အမျိုးသားတစ်ဦး
ထွက်လာလေတော့သည်။

သူသည် နာလန်မိသားစုခေါင်းဆောင်၊
နာလန်လော်ရှိုး၏ ဖခင် နာလန်ကျန်းဖြစ်သည်။

၎င်းက သန်မာသော
တာအိုတန်ခိုးရှင်တစ်ဦးဆိုရင်လည်း မမှားပေ။

ပထမတော့ သူသည် ခရမ်းရောင်အိမ်တော်၏
ဖိအားများကြောင့်ဝင်ရောက်မစွတ်ဖက်ချင်ခဲ့ပေ။

သို့သော်လည်း လင်းဖုန်း၏ အပြောအဆိုများက
လွန်ကဲလွန်း၍ နာလန်ကျန်းကို
ဒေါသဖြစ်သွားစေခဲ့သည်။

"ဟမ့်၊ အငယ်ကိုရိုက်တော့
အကြီးထပ်ရောက်လာတယ်ပေါ့"

လင်းဖုန်းက နာလန်ကျန်းကို လေးစားမှု လုံးဝမရှိဘဲ
လှောင်ပြောင်ပြောဆိုလိုက်သည်။

နာလန်ကကျန်းက လင်းဖုန်းကို ဂရုမစိုက်ဘဲ
ဖရမ်းရောင်အိမ်တော် မြင့်မြတ်နယ်မြေမှ လူစုကိုသာ
လှမ်းကြည့်လိုက်၏။

လင်းဖုန်းက အရေးအကြီးဆုံးမဟုတ်ပေ။
အရေးအကြီးဆုံးမှာ ဖရမ်းရောင်အိမ်တော်
မြင့်မြတ်နယ်မြေ၏ သဘောထားဖြစ်သည်။

"အားလုံးပဲ၊ ဒီလင်းဖုန်းက မင်းတို့
ဖရမ်းရောင်အိမ်တော် မြင့်မြတ်နယ်မြေနဲ့
သိပ်ပတ်သက်ပုံမရဘူး"

နာလန်ကျန်းက ပြောလိုက်၏။

စုဇီချုံက ဂရုမစိုက်ဘဲ ပြောလိုက်သည်။

"အစကတော့ အရေးမကြီးပါဘူး၊ ဒါပေမယ့်
လင်းဖုန်းရဲ့ အရည်အချင်းက ထူးခြားတယ်လို့
မျိုးနွယ်တူညီမဇီရန်က ပြောတယ်။ ဒီအတွက် သူက
အနာဂတ်မှာ ဖရမ်းရောင်အိမ်တော် မြင့်မြတ်နယ်မြေရဲ့
လူတစ်ယောက် ဖြစ်လာလိမ့်မယ်"

ထိုစကားကိုကြားသောအခါ လူအားလုံး
အသက်ပြင်းပြင်းရှူလိုက်မိကြသည်။

အထူးသဖြင့် အရှေ့ဆန်းကျယ်ဒေသမှ
ပါရမီရှင်များသည် လင်းဖုန်းကို မနာလို၊
အားကျမှုများဖြင့် ကြည့်လိုက်၏။

အင်မော်တယ်နယ်မြေကြီးမှ အင်အားစု၏
မျက်နှာသာပေးမှုကြောင့် ၎င်း၏ အခြေအနေသည်
နဂါးတံခါးကို ခုန်ကျော်ခဲ့သော ငါးတစ်ကောင်ကဲ့သို့
ဖြစ်သွားခဲ့ချေပြီ။

ထိုစကားများက နာလန်လော်ရှီး၏
လှပသောမျက်လုံးများကို
စိတ်ပျက်အားငယ်မှုများဖြင့် ပြည့်နှက်သွားစေခဲ့သည်။

ဤနည်းဖြင့် လင်းဖုန်းသည် ဖရမ်းရောင်အိမ်တော်
မြင့်မြတ်နယ်မြေမှလူတစ်ယောက် ဖြစ်သွားခဲ့လေပြီ။

အင်မော်တယ်နယ်မြေကြီးမှ အင်အားစုတစ်ခုအတွက်
နာလန်မိသားစုကို ဖျက်ဆီးခြင်းသည်
ဘာမျှအားစိုက်ထုတ်ရန် မလိုပေ။

နာလန်ကျန်းလည်း မျက်နှာပျက်သွားကာ
ပြောလိုက်သည်။

"ငါတို့ နာလန်မိသားစုက အင်မော်တယ်နယ်မြေကြီးမှာ
ဘာမှမပြောပလောက်ပါဘူး၊ ဒါပေမဲ့
ငါတို့ရဲ့ဘိုးဘေးက အင်မော်တယ်နယ်မြေကြီးရဲ့
အဓိပဓိအဆင့် တန်ခိုးရှင်တစ်ယောက်ရဲ့
တာအိုလက်တွဲဖော်ဖြစ်ခဲ့တယ်။ အဓိပတိတန်ခိုးရှင်က
ဘယ်လိုတည်ရှိမှုမျိုးဆိုတာ

မင်းသိသင့်တယ်မဟုတ်လား”

ခက်ခဲလွန်းသော အခြေအနေမျိုးတွင်
ဤကောလဟာလကို ထုတ်ဖော်ရုံမှလွဲပြီး အခြား
ရွေးချယ်စရာ မရှိတော့ပေ။

အမှန်အတိုင်းဆိုလျှင် နာလန်ကျန်း ကိုယ်တိုင်တောင်
မယုံရဲပါ။

ဤကောလဟာလသည် ကြာမြင့်လွန်းခဲ့ပြီ ဖြစ်သည်။
၎င်းက သူတို့ ဘိုးဘေးဘီဘင်များ
လက်ဆင့်ကမ်းခဲ့ကြသော ကောလဟာလဖြစ်ကာ
တကယ်ဟုတ်မဟုတ် မနိုင်ကြတော့ပါချေ။

ထိုစကားကိုကြားသောအခါ စုဇီချုံက
ရယ်စရာအကောင်းဆုံးဟာသကို ကြားလိုက်ရသလို

ရယ်မောလိုက်သည်။

"သူတော်စင် ဘာရယ်တာလဲ"

နာလန်ကျန်း စိတ်ထဲတွင် အနည်းငယ် မပျော်မရွှင်ဖြစ်သွား၏။

စုဇီချုံက သူမ၏နဖူးကို လက်ညိုးဖြင့်ထောက်ကာ ခေါင်းယမ်းပြီး ပြုံးလျက်ပြောလိုက်သည်။

"ရယ်စရာကောင်းလိုက်တာ၊ ရှင်ပြောတဲ့ အဓိပတိယွမ်ထျန်းက ဟိုးအရင်ကတည်းက ကျဆုံးသွားခဲ့ပြီ။ သူသေပြီးတဲ့နောက် ကျန်ရစ်ခဲ့တဲ့ နတ်ဆိုးရုပ်အလောင်းကိုတောင် ကျွင်းမိသားစုရဲ့ နတ်ဘုရားသားတော်က ဖျက်ဆီးပစ်လိုက်လို့ ဘာမှမကျန်တော့ဘူး"

"ဘာ"

စုဇီချုံ၏ စကားများက နာလန်ကျန်းနှင့်
နာလန်မိသားစုတင်အားလုံးကို
တုန်လှုပ်သွားစေခဲ့သည်။

၎င်းတို့ အံ့အားသင့်ရခြင်းမှာ
ဘိုးဘွားများချန်ထားခဲ့သည့် ကောလာဟလများသည်
အမှန်ဖြစ်သွားခဲ့ခြင်းပင် ဖြစ်သည်။

ထို့ထက်ပို၍ အံ့သြရခြင်းကတော့
အဓိပဓိတန်ခိုးရှင်ကြီး၏ ရုပ်အလောင်းကို
လူငယ်ပါရမီရှင်တစ်ဦးက
ဖျက်ဆီးလိုက်ပုံရလေသည်။

တကယ်တော့ အဓိပဓိအလောင်းကို
ကျွင်းရှောင်ယောက် ဖျက်ဆီးလိုက်သောသတင်းက
အင်မော်တယ်နယ်မြေကြီးတစ်ခုလုံးကို ရုတ်ရုတ်သဲသဲ

ဖြစ်သွားစေခဲ့သည်။ ထို့ကြောင့် စုဇီချုံကလည်း သဘာဝအတိုင်း သိရှိခဲ့ပေသည်။

သူမက ပြောလိုက်သည်။

"အမိပမိယွမ်ထျန်း သေဆုံးသွားခဲ့ပြီးတော့ လျှို့ဝှက်ရတနာတစ်ခု ကျန်ရစ်ခဲ့တယ်။ နောက်ဆုံးမှာ ကျွင်းမိသားစုရဲ့ နတ်ဘုရားသားတော်က နတ်ဆိုးအလောင်းဖြစ်နေတဲ့ အမိပမိယွမ်ထျန်းကို ဖျက်ဆီးပစ်လိုက်တယ်"

"ပြောရရင် ရှင်တို့ နာလန်မိသားစုရဲ့ ကျောရိုးက ပြိုကျသွားတာ ကြာခဲ့ပြီ"

ကျွင်းမိသားစု၏ နတ်ဘုရားသားတော်ဟု ရည်ညွှန်းသောအခါ စုဇီချုံ၏မျက်လုံးများ၌ ကြောက်ရွံ့ထိတ်လန့်မှုများ ဖြစ်ပေါ်လာသည်။

နာမည်သက်သက်ပင် သူမအတွက်
အလွန်မြင့်မြတ်သောအရာတစ်ခု ဖြစ်နေခဲ့ချေပြီ။

"ကျွင်းမိသားစုရဲ့ နတ်ဘုရားသားတော်၊
အဲဒါဘယ်သူလဲ"

လင်းဖုန်းက မျက်မှောင်ကြုတ်ပြီး ခပ်တိုးတိုး
ရေရွတ်လိုက်သည်။

စုဇီချုံ၏ မျက်နှာပေါ်မှ ကြောက်ရွံ့ခြင်းနှင့်
လေးစားမှုများကို ခံစားမိသောကြောင့်လည်း
လင်းဖုန်းသည် အလွန်စိတ်မချမ်းသာသလို
ခံစားလိုက်ရသည်။

'သူ့ဖာသာ ဘယ်ကနတ်ဘုရားသားတော်ဖြစ်ဖြစ်
အင်မော်တယ် နယ်မြေကြီးကို ငါရောက်တဲ့အခါ သူ့ကို

သေချာပေါက်ဖြတ်ကျော်မှာပဲ'

လင်းဖုန်းက စိတ်ထဲမှ ပြောလိုက်သည်။

"ကောင်းပြီ၊ နာလန်မိသားစုကို စိုးရိမ်နေစရာ ဘာမှမမရှိဘူး။ လင်းဖုန်း၊ အဲဒါတွေကို ကိုင်တွယ်ဖြေရှင်းဖို့က နင့်အပေါ်မူတည်တယ်"

စုဇီချုံက သူမလက်ကို ဝှေ့ယမ်းလိုက်သည်။

"ကောင်းပါပြီ"

လင်းဖုန်းလည်း အနည်းငယ် ခေါင်းညိတ်ကာ နာလန်လော်ရှီးနှင့် နာလန်ကျန်းအား လှည့်ကြည့်လိုက်၏။

ယခုအချိန်တွင် နာလန်ကျန်းသည်ပင် တုံ့ပြန်ရန် အင်အားမရှိတော့ပေ။

သူကိုယ်တိုင်က တာအိုတန်ခိုးရှင်ဖြစ်သော်လည်း
စုဇီချုံ၏ညတာအိုကာကွယ်သူက
သူ့ထက်ပို၍သန်မာသည်။

နာလန်လော်ရှီး၏ မျက်နှာလေးပေါ်တွင်လည်း
စိတ်ပျက်အားငယ်မှုနှင့် ပြည့်နှက်နေတော့သည်။

သူမက လည်ပင်းတွင်ဆွဲထားသော
ရှေးဟောင်းအဆောင်ကို ခပ်တင်းတင်း
ဆုပ်ကိုင်လိုက်မိသည်။

ဤရှေးဟောင်းအဆောင်က နာလန်မိသားစု၏
ရှေးဟောင်း အမွေအနှစ်ဖြစ်ပြီး ယခု မျိုးဆက်တွင်
သူမထံသို့ လက်ဆင့်ကမ်းကာ ပေးခဲ့သည်။

"နာလန်လော်ရှီး၊ မင်းကို နောက်ဆုံးအခွင့်အရေးတစ်ခု ပေးမယ်။ မင်းဘယ်လိုရွေးချယ်မှာလဲ၊ ကျွန်အဖြစ်နဲ့ အရှုံးပေးမလား ဒါမှမဟုတ် မိသားစုတစ်ခုလုံး သုတ်သင်တာကို ခံမှာလား"

လင်းဖုန်းက ပြီးလျက် ပြောလိုက်သည်။

နာလန်လော်ရှီးသည် မျက်နှာဖြူရော်နေသော်လည်း အံကြိတ်ထားပြီး ဘာမျှပြန်မပြောပါ။

"ဟမ့်၊ အခေါင်းမမြင်သ၍ ငိုရကောင်းမှန်း မသိဘူး။ မင်းက တောက်ပဦးမယ် ထင်လို့လား"

လင်းဖုန်းသည် မျက်နှာသုန်မှုန်သွားပြီး ထပ်မံတိုက်ခိုက်လိုက်၏။

နာလန်ကျန်းက တားဆီးချင်သော်လည်း ခရမ်းရောင်အိမ်တော် မြင့်မြတ်နယ်မြေ၏

ကျွမ်းကျင်သူများက တားဆီးထားသောကြောင့်
ဘာမျှမတတ်နိုင်တော့ပေ။

လင်းဖုန်း၏ အညှာတာမဲ့သော တိုက်ခိုက်မှုနှင့်
ရင်ဆိုင်ရသောအခါ နာလနိလော်ရှီးလည်း မျက်လုံးကို
မှိတ်လိုက်သည်။

ထိုစဉ် သူမ လက်ထဲတွင် တင်းတင်းကျပ်ကျပ်
ဆုပ်ကိုင်ထားသော ရှေးဟောင်းအဆောင်က
ရုတ်တရက် မှုန်ပျပျအလင်းရောင်
တောက်ပလာသည်။

တစ်ချိန်တည်းမှာပင် မနီးမဝေး ကောင်းကင်ယံမှ
ဟင်းလင်းပြင်သည် ရုတ်တရက် အက်ကွဲကြောင်းကြီး
ဖြစ်သွားခဲ့၏။

ကြီးမားသော ဟင်းလင်းပြင်အက်ကြောင်းကြီးက
ကောင်းကင်ကို ပိုင်းဖြတ်သွားသောမြင်ကွင်းကြောင့်
လူတိုင်းတုန်လှုပ်ကာ အလွန်လည်း
အံ့သြသွားကြလေတော့သည်။

"ဒါ ဘာလဲ၊ ကမ္ဘာကြီး ပျက်ဆီးတော့မှာလား"

အရှေ့ဆန်းကျယ်ဒေသရှိ
ဒေသခံကျွမ်းကျင်သူအားလုံး မျက်နှာဖြူဖျော့ကာ
မျက်လုံးများလည်း ကျွတ်ကျလုနီး
ပြူးကျယ်သွားခဲ့သည်။

ဤမြင်ကွင်းကြောင့် အင်မော်တယ်နယ်မြေကြီးမှ
လူအချို့ပင် အသက်ပြင်းပြင်းရှူပြီး သံသယများ
ဖြစ်လာကြ၏။

ဟင်းလင်းပြင်အက်ကြောင်း ဖြစ်လာသည်နှင့်တပြိုင်

အစစ်အမှန်နေမီးတောက်ကဲ့သို့ မြှားတစ်စင်းကလည်း လင်းဖုန်းထံသို့ တိုက်ရိုက်ပြေးတင်လာတော့သည်။

“ဘယ်သူလဲ"

ထိုနေမီးလျှံမြှား၏စွမ်းအားကို ခံစားရသောအခါ လင်းဖုန်း၏ မျက်နှာအမူအရာက ပြောင်းလဲသွားကာ အမြန်လှည့်ပြီး ခုခံလိုက်သည်။

"ဝုန်း"

မြှားမှ ကြောက်မက်ဖွယ်စွမ်းအားသည် လင်းဖုန်း၏လက်တစ်ဖက်ကို တိုက်ရိုက်ဆုတ်ဖြဲပြီး သူ့ခန္ဓာကိုယ်တစ်ဝက်ကိုလည်း ချက်ချင်းမည်းသွားစေခဲ့သည်။

လင်းဖုန်း၏မျက်နှာက သွေးဆုတ်ဖြူရော်သွားကာ သွေးများ အန်ထုတ်လိုက်ရသည်။

သူ့မျက်လုံးထဲမှာတော့ ထိတ်လန့်တုန်လှုပ်မှုနှင့်
မယုံကြည်နိုင်မှုများ ပြည့်နှက်သွား၏။

သူတင်မကဘဲ ပရိသတ်အားလုံးပင် လုံးဝ
မတုံ့ပြန်နိုင်တော့ပါ။

လင်းဖုန်းကဲ့သို့ သန်မာသူတစ်ယောက်ကို
တစ်ချက်တည်းဖြင့် ရုပ်ပျက်ဆင်းပျက်
ဒဏ်ရာရစေခြင်းက မယုံနိုင်အောင် ဖြစ်စေသည်။

"အကိုလင်းဖုန်း"
ဇီရန် အော်ဟစ်လိုက်၏။

စုဇီချုံလည်း မျက်နှာအမူအရာ
ပြောင်းလဲသွားခဲ့သည်။ ထိုမီးတောက်နေသောမြှားက
သူမကိုပင် ကြီးမားသောခြိမ်းခြောက်မှုအား

ခံစားရစေသည်။

လူတိုင်း ထိတ်လန့်သွားသောအချိန်တွင် ဟင်းလင်းပြင်အက်ကြောင်းအတွင်းမှ အေးစက်သောအသံတစ်ခု ရုတ်တရက် ထွက်ပေါ်လာသည်။

"ငါ့သခင်လေး ကာကွယ်ချင်တဲ့လူကို မင်းသတ်ဝံ့တယ်လား။ မင်းက 'သေခြင်း'ကို ဘယ်လိုစာလုံးပေါင်းရမှန်း မသိဘူး"

-------

အခန်း ( ၁၆၈ ) ငါ့သခင်လေးရဲ့ စကားတစ်ခွန်းက ခရမ်းရောင်အိမ်တော် မြင့်မြတ်နယ်မြေကို ဖျက်ဆီးပစ်လိမ့်မယ်။

ဟင်းလင်းပြင် အက်ကြောင်းအတွင်းမှ
လူငယ်တစ်ဦးသည် ရုတ်တရက် ထွက်ပေါ်လာသည်။
သူ့တစ်ကိုယ်လုံးတွင်လည်း
အစစ်အမှန်နေမီးလျှံများဖြင့် ပြည့်နှက်နေ၏။

သူ၏ ရင်ဘတ်ပေါ်တွင်ကား နေတက်တူးက
ဝေးဝါးဝါးအငွေ့သက်များနှင့်
အစွမ်းထက်အရှိန်အဝါများ ထွက်ပေါ်နေပြီး
ပါရမီရှင်အားလုံးကို တုန်ခါစေသည်။

လူအများစုမှာတော့ အလွန်အံ့အားသင့်နေကြ၏။
၎င်းတို့ သတိပြန်ဝင်လာသောအခါ
ဒဏ်ရာအပြင်းအထန်ရပြီး ရုပ်ပျက်နေသော
လင်းဖုန်းကို မြင်တွေ့လိုက်ကြရလေတော့သည်။

နာလန်မိသားစုသည်လည်း မီးနတ်ဘုရားကဲ့သို့
ဟင်းလင်းပြင်အက်ကြောင်းတွင်းမှ ထွက်လာသော
လူငယ်ကို စူးစိုက်ကြည့်လိုက်ကြသည်။

သူ့နယ်ပယ်က အလွန်မမြင့်မားသော်လည်း
သူ့အသက်အရွယ်နှင့် ပေါင်းစပ်လိုက်သောအခါ
တကယ်ကို
အကြွင်းမဲ့ကြေမ်းကောင်တစ်ယောက်ကဲ့သို့ပင်
ဖြစ်သည်။

အရေးကြီးဆုံးအချက်မှာ ၎င်းကလည်း
တာအိုပေါင်းစည်းခြင်းနယ်ပယ်သာဖြစ်သည့်တိုင်
လင်းဖုန်းကို တစ်ချက်တည်းဖြင့်
ဒဏ်ရာအပြင်းအထန် ရသွားစေခဲ့ခြင်းပင်။

ဤတိုက်ခိုက်နိုင်စွမ်းအားက တကယ်ကို

သာမန်မဟုတ်ပါချေ။

နယ်ပယ်သည် တိုက်ခိုက်နိုင်စွမ်း၏ အရေးပါသော အစိတ်အပိုင်းတစ်ခုမျှသာ ဖြစ်သည်။ နယ်ပယ်မြင့်လေ၊ အင်အားပိုအားကောင်းလေမှာလည်း မဟုတ်တာတော့ မဟုတ်ပေ။

သို့သော်လည်း နယ်ပယ်နှင့် တိုက်ခိုက်နိုင်စွမ်းကို တိုင်းတာမရနိုင်သော အချက်များစွာရှိသည်။

နယ်ပယ်က အထူးမြင့်မားခြင်းမရှိသော်လည်း သန်မာသော တိုက်ခိုက်နိုင်စွမ်းဖြင့် မိမိအဆင့်ထက်ကျော်ကာ စိန်ခေါ်နိုင်သည့် ပါရမီအချို့လည်း ရှိ၏။

ဤအတွက် ကျွင်းရှောင်ယောက်က ဥပမာကောင်း

တစ်ခုပင်။

လင်းဖုန်းက
တာအိုပေါင်းစည်းခြင်းနယ်ပယ်တွင်ရှိသော်လည်း
အများဆုံး တာအိုပေါင်းစည်းခြင်းနယ်ပယ်၌သာ
ပြိုင်ဘက်ကင်းနိုင်သည်။

နောက်အဆင့်များကို စိန်ခေါ်ရန်က သူ့အတွက်
ဤမျှလွယ်မှာမဟုတ်ပေ။

ကျွင်းရှောင်ယောက် အတွက်တော့
တာအိုပေါင်းစည်းခြင်းနယ်ပယ် မဆိုထားနှင့်၊
နီဗားနား၊ နတ်မီးတောက်အဆင့်များဆိုလျှင်ပင်
များစွာကြောက်ရန် မလိုအပ်ပါချေ။

၎င်းက သာမန်ပါရမီရှင်နှင့် မွန်းစတားများကြားမှ

ကွာဟမှုပင် ဖြစ်သည်။

ရုတ်တရက် ပေါ်လာသော လူငယ်ကိုကြည့်ကာ ပရိသတ်က ငြိမ်သက်သွားသည်။

လူတိုင်းက သူ့ဇာစ်မြစ်ကို မှန်းဆနေကြ၏။

ရီယုသည် ယခင်က မြင့်မြတ်ဝိညာဉ်အကယ်ဒမီတွင် ထင်ရှားခဲ့သော်လည်း ကျွင်းရှောင်ယောက်၏နောက်သို့သာ လိုက်ပါနေခဲ့သည်။

သူ့ကို အမှန်တကယ်မြင်ဖူးသူဆိုလျှင် လူအနည်းစုသာ ရှိ၏။

"နင်ဘယ်သူလဲ အစ်ကိုလင်းဖုန်းကို နာကျင်အောင်လုပ်ဝံ့တယ်လား"

ဇီရန်၏ လှပသောမျက်နှာက သုန်မှုန်သွားကာ ရီယုကို စိုက်ကြည့်လိုက်သည်။

လင်းဖုန်းကို နာကျင်စေသည့်အတွက် သူမ လုံးဝသည်းမခံနိုင်ပေ။

"ဟမ့်၊ အမှိုက်"

ရီယုက သူ့လက်ကို မြှောက်၍ နောက်တစ်ကြိမ် ဖမ်းဆုပ်လိုက်သောအခါ ရွှေရောင်လေးတစ်လက် ထွက်ပေါ်လာ၏။

ထို့နောက်တော့ လေးညှို့ကိုဆွဲတင်ကာ ဇီရန်ထံသို့ ပစ်ခွင်းလိုက်တော့သည်။

"ရှုပ်"

မြှားချက် ထွက်ပေါ်လာသောအခါ လေထုကို ထွင်းဖောက်သွားသည်။

တစ္ဆေသရဲကို မြင်လိုက်ရသလို အားလုံး အံ့သြသွား၏။

သူ့ရှေ့မှ လူငယ်လေးက တကယ်အရူးဖြစ်သည်။

ဇီရန်က ခရမ်းရောင်အိမ်တော် မြင့်မြတ်နယ်မြေမှဖြစ်သော်လည်း ဂရုမစိုက်ပေ။

"အား"

နေအပူလှိုင်းနှင့် ကြောက်စရာအရှိန်အဝါကို

ခံစားမိသောအခါ ဇီရန်၏ လှပသော မျက်နှာက ရုတ်တရက် ဖြူဖျော့သွားခဲ့သည်။

ထိုအခါ စုဇီချုံက ရုတ်တရက် လှုပ်ရှားလာ၏။ တစ်ဖက်လူက အောက်ကမ္ဘာမှဖြစ်သော်လည်း မူလတူသေကြောင့် အသတ်ခံရမှာကို မမြင်လိုပေ။

"အရှေ့အရပ် မိုင်သုံးထောင်မှလာတဲ့ ခရမ်းရောင်ချီ" စုဇီချုံက ခရမ်းရောင်အိမ်တော် မြင့်မြတ်နယ်မြေ၏ နတ်ဘုရားသိုင်းနှင့် ရီယု၏မြှားကို ခုခံလိုက်သည်။

"ဝုန်း"

ရုတ်တရက် စုဇီချုံရင်ထဲတွင် အောင့်တက်သွားကာ အနက်ပြန်ဆုတ်သွားရ၏။ သူ၏ နှုတ်ခမ်းထောင့်မှလည်း သွေးများစီးကျလာတော့သည်။

ပတ်ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်သွားသည်။

၎င်းက အင်မော်တယ်နယ်မြေကြီးရှိ
ခရမ်းရောင်အိမ်တော် မြင့်မြတ်နယ်မြေ၏
သူတော်စင်ဖြစ်သည်။ ယခုတော့ တစ်ချက်တည်းဖြင့်
ဒဏ်ရာအပြင်းအထန် ရသွားခဲ့ချေပြီ။

စုဇီချုံလည်း အနည်းငယ် မယုံကြည်နိုင်
ဖြစ်သွားသည်။

သူမ၏ ခွန်အားနှင့် စွမ်းရည်က
အင်မော်တယ်နယ်မြေကြီးရှိ လူငယ်မျိုးဆက်တွင်
ထိပ်တန်းမဟုတ်လျှင်ပင် ပထမတန်းစားအဆင့်ဟု
ယူဆနိုင်သည်။

သို့သော်လည်း ယခုအခါ တစ်ဖက်လူ၏ ဖိနှိပ်ခြင်းကို ခံနေခဲ့ရပြီ။

သို့ရာတွင် ရီယုက ၎င်းတို့နှိုင်းယှဉ်မရသည့် ဧကရာဇ်မျိုးရိုးမှ ဆင်းသက်လာခဲ့သူဖြစ်သည်။

အလွန်စွမ်းအားကြီးသော ရီယုကို မြင်ရသောအခါ နာလန်မိသားစုအားလုံး  အိပ်မက်မက်နေသကဲ့သို့ ခံစားလိုက်ရ၏။

သူတို့အတွက် တစ်စုံတစ်ယောက်က လှုပ်ရှားလာမည်ဟု ထင်မထားခဲ့ပေ။

နာလန်လော်ရှီးလည်း အံ့အားသင့်နေသော အကြည့်များအား လှစ်ဟလာသည်။

သို့ရာတွင် နာလန်ကျန်း၏ မျက်နှာကတော့ အပြောင်းအလဲမရှိပါ။

အကြောင်းမှာ ရီယုက သန်မာသော်လည်း မျိုးဆက်သစ်လူငယ်များတွင်သာ ဖြစ်သည်။

နောက်ကွယ်တွင် အစွမ်းထက်အင်အားစုကြီး မရှိပါက နာလန်မိသားစုကို မကူညီနိုင်သေးပေ။

စုဇီချုံကလည်း ယင်းကိုတွေးမိကာ အေးစက်စက်ဖြင့် ပြောလိုက်သည်။

"ခရမ်းရောင်အိမ်တော် မြင့်မြတ်နယ်မြေကို ဘယ်သူက တားဆီးဝံ့တာလဲ"

"အဟက်၊ ခရမ်းရောင်အိမ်တော် မြင့်မြတ်နယ်မြေက ဘာလဲ။ မင်းတို ယုံချင်ယုံ၊ မယုံချင်နေ... ငါ့သခင်လေးရဲ့ စကားတစ်ခွန်းနဲ့ အားလုံးကို ပျက်ဆီးစေလိမ့်မယ်"

ရီယုက မျက်ခုံးပင့်ကာ အေးစက်စက်ဖြင့် ပြောလိုက်သည်။

ကျွင်းရှောင်ယောက်၏အနားမှာ အချိန်အတော်ကြာ နေခဲ့ရပြီးနောက် သူ့စရိုက်ကလည်း လွှမ်းမိုးလာပုံရပေသည်။

'ငါ့စကားကိုနာခံရင် တိုးတက်မယ်၊
ငါ့ကိုဆန့်ကျင်သူတွေ ပျက်စီးခြင်းသို့ ရောက်လိမ့်မယ်'

"ဝိုး"

ထိုစကားကို ကြားသောအခါ ပရိတ်သတ်က

ရုတ်ရုတ်သဲသဲ ဖြစ်သွားသည်။

အသက်ပြင်းပြင်းရှူသံများကလည်း ကျယ်လောင်စွာ ထွက်ပေါ်လာခဲ့၏။

စကားတစ်ခွန်းနှင့် ခရမ်းရောင်အိမ်တော် မြင့်မြတ်နယ်မြေ ဖျက်ဆီးခံရမည်။

ယင်းကြောင့် ပရိသတ်အားလုံး အသက်ပြင်းပြင်းရှူလိုက်ရသည်။

ရီယုပြောသည့်စကားသည့် ခရမ်းရောင်အိမ်တော် မြင့်မြတ်နယ်မြေက အောက်ကမ္ဘာမှ မဟုတ်လေကြောင်း သိထားရပေမည်။ ယင်းက အင်မော်တယ်နယ်မြေကြီးမှ အင်အားစုကြီးတစ်ခု ဖြစ်သည်။

ထိုနှစ်ခုကြားတွင် ကွာခြားချက်က ကြီးမား၏။

အင်မော်တယ်နယ်မြေကြီးရှိ ခရမ်းရောင်အိမ်တော်
မြင့်မြတ်နယ်မြေက ထိပ်တန်းအင်အားစုဖြစ်ကာ လုံး၀
သာမန်မဟုတ်ပေ။

နာလန်ကျန်းနှင့် နာလန်လော်ရှီးတို့လည်း
ထိတ်လန့်သွားကြသည်။

ထိုမျှ အစွမ်းထက်သော လူငယ်ပါရမီရှင်
အမှန်တကယ် အစေခံတစ်ဦးမျှသာ ဖြစ်နေသည်။

သို့ဆိုလျှင် သူ့သခင်လေးက မည်မျှ
တန်ခိုးကြီးသနည်း။

"အတင့်ရဲလိုက်တာ"

ခရမ်းရောင်အိမ်တော် မြင့်မြတ်နယ်မြေ၏
ကျွမ်းကျင်သူများက ဒေါသတကြီးဖြင့်
စိုက်ကြည့်လိုက်ကြသည်။

၎င်းတို့၏ ခရမ်းရောင်အိမ်တော် မြင့်မြတ်နယ်မြေက
အင်မော်တယ်နယ်မြေကြီးတွင် နှစ်ပေါင်းများစွာ
တည်ရှိခဲ့သော်လည်း ယင်းကဲ့သို့ မည်သူကမျှ
မထီမဲ့မြင်ပြုဝံ့ခြင်း မရှိခဲ့ပေ။

ချက်ချင်းပင် ကောင်းကင်နတ်ဘုရားတစ်ပါးက
ရီယုကို လက်ဝါးနှင့် ရိုက်ခိုလိုက်သည်။

ထိုအချိန်တွင် ဟင်းလင်းပြင်အက်ကြောင်းအတွင်းမှ
ထိတ်လန့်တုန်လှုပ်ဖွယ်အသံတစ်ခု

ရုတ်တရက်ထွက်ပေါ်လာသည်။ ထို့နောက်
ရွှေရောင်အလင်းတန်းတစ်ခုကလည်း
ကောင်းကင်နှင့်မြေပြင်ကို လွှမ်းခြုံသွား၏။

ထို့နောက်တော့ ခေါင်းကိုးလုံး
ခြသေ့်ကြီးတစ်ကောင်က ရွှေရထားကိုဆွဲကာ
ပြေးထွက်လာတော့သည်။

ရထားဘေးမှာလည်း လူသုံးယောက် လိုက်လာသည်။

မိုးပြာရောင်ဝတ် အဘိုးကြီးတစ်ယောက်က
သူ့ရှေ့မှမြင်ကွင်းကို မြင်ရသောအခါ
အထင်မြင်သေးမှုများ ဖြစ်ပေါ်လာသည်။ ၎င်းက
သူ့လက်ကိုမြှောက်ကာ ခရမ်းရောင်အိမ်တော်
မြင့်မြတ်နယ်မြေမှ ကျွမ်းကျင်သူအား
ဖမ်းဆုပ်လိုက်၏။

"ဖောင်း"

မိုးပြာရောင်ဝတ် အဘိုးအိုက သူ့လက်ကို
ဖျစ်ညှစ်လိုက်သောအခါ ကောင်းကင်နတ်ဘုရား
ကျွမ်းကျင်သူက ပေါက်ကွဲသေဆုံးသွားတော့သည်။

ထိုမြင်ကွင်းကြောင့် ပတ်ဝန်းကျင်ရှိလူတိုင်း
အံ့သြသွားကြသည်။

ကောင်းကင်နတ်ဘုရားကို အလွယ်တကူ
သတ်နိုင်ခြင်းကြောင့် ထိုအဘိုးကြီးသည်
ဘယ်လောက်ထိ ကြောက်စရာကောင်းနေပါသနည်း။

သို့ရာတွင် အရှေ့ဆန်းကျယ်ဒေသရှိ
ဒေသခံအင်အားစုတစ်ခုကတော့ မိုးပြာရောင်ဝတ်
အဘိုးအိုကိုမြင်သောအခါ တုန်လှုပ်သွားခဲ့ကြသည်။

"ဘိုး... ဘိုးဘေး၊ ဒါက တုန်ရှမ်ဘိုးဘေးပဲ"

ထိုအဖွဲ့ထဲမှ လူလတ်ပိုင်းအရွယ်
အမျိုးသားတစ်ယောက်က စိတ်လှုပ်ရှားစွာဖြင့်
အရှေ့ထွက်လာခဲ့သည်။

၎င်းက ဆန်းကျယ်တာအိုဂိုဏ်း၏
ဂိုဏ်းချုပ်ဖြစ်ချေသည်။

အရှေ့ဆန်းကျယ်တာအိုဂိုဏ်းသည် တစ်ချိန်က
အရှေ့ဆန်းကျယ်ဒေသတွင် အသန်မာဆုံး
အင်အားစုတစ်ခု ဖြစ်ခဲ့သည်။ ၎င်းတို့က
အလွန်အင်အားကြီးကာ
အရှေ့ဆန်းကျယ်နယ်မြေကြီးတစ်ခုလုံးကို
သိမ်းပိုက်နိုင်ခဲ့၏။

မကြာသေးမီနှစ်များအတွင်း အနည်းငယ် အားနည်းလာသော်လည်း ၎င်းတို့သည် အရှေ့ဆန်းကျယ်ဒေသ၏ ဒေသခံအင်အားစုတစ်ခု ဖြစ်နေကြဆဲပင်။

ဤအခိုက်အတန့်တွင် အရှေ့ဆန်းကျယ်တာအိုဂိုဏ်းမှ ဂိုဏ်းချုပ်က မိုးပြာရောင်ဝတ် အဘိုးအိုကို စိတ်လှုပ်ရှားသော မျက်နှာအမူအရာဖြင့် လှမ်းကြည့်လိုက်သည်။

ထိုအဘိုးအိုက ဆန်းကျယ်တာအိုဂိုဏ်း၏ ဂိုဏ်းချုပ်ဟောင်းတစ်ဦး ဖြစ်ခဲ့သည်။

"အရှေ့ဆန်းကျယ်တာအိုဂိုဏ်းက တကယ်ရှိနေတုန်းပဲ"

မိုးပြာရောင်ဝတ် အဘိုးအိုလည်း

အံ့အားသင့်မှုအရိပ်အမြွက်များဖြင့်
ခေါင်းညိတ်ပြလိုက်သည်။

ယင်းကိုကြားသောအခါ အရှေ့ဆန်းကျယ်ဒေသမှ
ဒေသခံအင်အားစုများ တုန်လှုပ်သွား၏။

အရှေ့ဆန်းကျယ်တာအိုဂိုဏ်း၏ ဘိုးဘေးက
အောက်ကမ္ဘာကို
အမှန်တကယ်ဆင်းသက်လာခဲ့ပြီလား။

"ဟားဟားဟား၊ ကောင်းလိုက်တာ၊
ဘိုးဘေးပြန်ရောက်လာပြီဆိုတော့
အရှေ့ဆန်းကျယ်တာအိုဂိုဏ်းက ဘယ်လိုလုပ်ပြီး
စိုးရိမ်စရာတွေ ရှိဦးတော့မှာလဲ"
အရှေ့ဆန်းကျယ်တာအိုဂိုဏ်းချုပ်က စိတ်လှုပ်ရှားစွာ
ပြောလိုက်သည်။

"ငါ့ကို အခု ဘိုးဘေးလို့ မခေါ်ပါတော့နဲ့၊
ဒီအဘိုးကြီးက သခင်လေးရဲ့ အစေခံပဲ"

တုန်ရွှမ်ဘိုးဘေးက ခေါင်းခါယမ်းလိုက်သည်။

"ဘာဖြစ်တယ်...."

တုန်ရွှမ်ဘိုးဘေး၏ စကားကြောင့် ကမ္ဘာကြီးတစ်ခုလုံး
ငြိမ်သက်သွားခဲ့သည်။

လွန်ခဲ့သောနှစ်ပေါင်းများစွာက
အင်မော်တယ်နယ်မြေကြီးသို့ ပျံသန်းခဲ့သော
တုန်ရွှမ်ဘိုးဘေးသည် ယခုအခါ ကျွန်တစ်ဦးမျှသာ
ဖြစ်နေခဲ့ချေပြီ။

အရှေ့ဆန်းကျယ်ဒေသရှိ ဒေသခံပါရမီရှင်များ

ဘုန်းဘုန်းလဲပြိုလုနီး ဖြစ်သွားခဲ့ကြသည်။

ဤမျှ တန်ခိုးကြီးသောသူကို အစေခံအဖြစ်
ထားနိုင်သူက ဘယ်သူနည်း။

နာလန်ကျန်း၏ မျက်လုံးအိမ်များလည်း
လှုပ်ရှားသွားခဲ့သည်။ တုန်ရွှမ်ဘိုးဘေးအကြောင်းကို
သူလည်း ကြားခဲ့ဖူး၏။

ယခုတော့ သူသည် အခြားသူ၏ အစေခံတစ်ဦး
ဖြစ်လာခဲ့ပြီလား။

နာလန်လော်ရှီးက သူမ၏ လက်ထဲမှ
ရှေးဟောင်းအဆောင်ကို တင်းတင်းကျပ်ကျပ်
ဆုပ်ကိုင်ထားပြီး ရွှေရထားကို စိုက်ကြည့်လိုက်သည်။

ထိုရွှေရုထားပေါ်တွင် ထိုင်နေခဲ့သော လူငယ်လေးက ဘယ်လိုလူလဲ။

စုဇီချုံ့အတွက်ကတော့ တစ်ကိုယ်လုံး တုန်တုန်ယင်ယင် ဖြစ်သွား၏။

သူက ခေါင်းကိုးလုံးခြသေ့ကြီးကို တစ်ခါမှမဖြစ်ဖူးသော ထိတ်လန့်မှုမျိုးဖြင့် ကြည့်လိုက်သည်။

"ခေါင်းကိုးလုံးခြသေ့ဆွဲတဲ့ ရထားနဲ့က... တကယ်ပဲ သူဖြစ်နေတာလား..."

စုဇီချုံ့၏ မျက်နှာက စက္ကူကဲ့သို့ ဖြူဖျော့သွားကာ ထိုအကြောင်းကို ဆက်မတွေးဝံ့တော့ပေ။

--------

အခန်း ( ၁၆၉ ) ခရမ်းရောင်အိမ်တော်
မြင့်မြတ်နယ်မြေ တုန်လှုပ်ရခြင်း၊ အားလုံး
ဒူးထောက်ရသည်၊ ဇီရန်ကို လက်ဝါးတစ်ချက်ဖြင့်
ရိုက်သတ်လိုက်၍ လင်းဖုန်း
ဒေါသပေါက်ကွဲသွားခြင်း။

အင်မော်တယ်နယ်မြေကြီး တစ်ခုလုံးတွင်
ခေါင်းကိုးလုံးခြသေ့်ကို စီးတော်အဖြစ်
အနိုင်ယူနိုင်သော ပါရမီရှင်က အလွန်နည်းပါးသည်။

၎င်းတို့တွင် မကြာသေးမီက
အကျော်ကြားဆုံးဖြစ်သော ကျွင်းမိသားစုမှ
နတ်ဘုရားသားတော်တစ်ယောက်သာ ရှိ၏။

စုဇီချုံသည် သူမ၏အတွေးများ
လက်တွေ့ဖြစ်လာမည်ကို စိုးရိမ်သောကြောင့်
ထိုအကြောင်းကို ဆက်မတွေးဝံ့တော့ပေ။

သို့တိုင် အမှန်တရားက ရက်စက်သည်။

ရွှေရောင်ရထားတွင်းမှ နွေးထွေးကာ
ထူးခြားမှုမရှိသော အသံတစ်ခု ထွက်ပေါ်လာ၏။

"ခရမ်းရောင်အိမ်တော် မြင့်မြတ်နယ်မြေက
တကယ်ဆရာကြီးလား"

ထိုအသံကိုကြားသောအခါ စုဇီချုံ၏ အသည်းနှလုံးကို
လက်အေးကြီးဖြင့် ဆုပ်ကိုင်လိုက်သကဲ့သို့

ခံစားလိုက်ရသည်။

ဤသဘောထားနှင့် လေသံမျိုးကို ကျွင်းမိသားစု၏ နတ်ဘုရားသားတော်မှလွဲ၍ အခြားမည်သူ့ကိုမျှ မစဉ်းစားနိုင်တော့ပေ။

သူမ၏ ခရမ်းရောင်ဝတ်စုံအား ညစ်ပေစေမည်ကိုပင် ဂရုမစိုက်နိုင်တော့ဘဲ  မြေကြီးပေါ်သို့ ကမန်းကတန်း ဒူးထောက်ကာ ပြောလိုက်သည်။

"သခင်လေးနတ်ဘုရားသားတော်၊ ကျေးဇူးပြုပြီး ခွင့်လွှတ်ပေးပါ။ နာလန်မိသားစုက သခင်လေးနတ်ဘုရားသားတော်နဲ့ ပတ်သက်နေမှန်း တကယ်မသိခဲ့ပါဘူး။ မဟုတ်ရင် ဇီချုံက အခုထက် သတ္တိဆယ်ဆပိုရှိရင်တောင် နာလန်မိသားစုံကို ဘာမှ မလုပ်ဝံ့ပါဘူး"

ရုတ်တရက် ပြောင်းလဲသွားသော အခြေအနေကြောင့် ဒေသခံများလည်း အံ့အားသင့်စွာ လှည့်ကြည့်လိုက်ကြသည်။

ယခုဒူးထောက်နေသူက မကြာသေးမီကပင် လွှမ်းမိုးနိုင်စွမ်းရှိနေခဲ့သော သူတော်စင်မိန်းမပျိုမှ ဟုတ်ပါရဲ့လား။

"ဒါ... ဘာဖြစ်တွေနေတာလဲ"

လင်းဖုန်းလည်း အံ့အားသင့်ကာ တုန်လှုပ်ခြောက်ခြားသွား၏။

"မျိုးနွယ်တူ အမဇီချုံ၊ ရှင်ဘာလုပ်တာလဲ"

ဇီရန်လည်း အလန့်တကြားဖြစ်ကာ ပြောလိုက်သည်။

သူက အောက်ကမ္ဘာမှ
လူတစ်ယောက်သာဖြစ်သောကြောင့်
အင်မော်တယ်နယ်မြေကြီးရှိ ကျွင်းရှောင်ယောက်၏
ကျော်ကြားပုံကို လုံးဝမသိသေးပေ။

"သူတော်စင်..."

ခရမ်းရောင်အိမ်တော် မြင့်မြတ်နယ်မြေ၏
ကျွမ်းကျင်သူများလည်း ပထမတွင်
အနည်းငယ်အံ့သြသွားသည်။

သို့ရာတွင် စုဇီချုံထံမှ
နတ်ဘုရားသားတော်ဟူသောစကားကို တွေးမိလိုက်ရာ
အားလုံး ချက်ချင်း သဘောပေါက်ကြပြီး မျက်နှာများ
ဖြူဖျော့သွားတော့သည်။

"သခင်လေး နတ်ဘုရားသားတော်၊ ခွင့်လွှတ်ပေးပါ"

ခရမ်းရောင်အိမ်တော် မြင့်မြတ်နယ်မြေ၏
ကျွမ်းကျင်သူအားလုံး တပြိုင်နက်တည်းတွင်
ဒူးထောက်လိုက်ကြသည်။

ထိုအထဲတွင် ကောင်းကင်နတ်ဘုရားနှင့်
တာအိုနတ်ဘုရားများပင်ပါသော်လည်း မဆိုင်းမတွပင်
ဒူးထောက်လိုက်၏။

ထိုလူ၏ရှေ့တွင် မည်သည့်နယ်ပယ်၊ အဆင့်အတန်း၊
နောက်ခံ၊ အရာအားလုံးက အချည်းနှီးပင်။

၎င်းတို့သည် အင်မော်တယ်နယ်မြေကြီးရှိ
ဂုဏ်သိက္ခာအကြီးဆုံး ပုဂ္ဂိုလ်များထဲမှ တစ်ဦးကို
စော်ကားမိခဲ့ပြီ ဖြစ်သည်။

"သေစမ်း၊ ငါအမြင်မမှားဘူး မဟုတ်လား"

အရှေ့ဆန်းကျယ်ဒေသမှ ဒေသခံများလည်း
အံ့အားသင့်ကာ ဘာမျှမပြောနိုင်တော့ပေ။

ခရမ်းရောင်အိမ်တော် မြင့်မြတ်နယ်မြေသည်
အလွန်အစွမ်းထက်သောကြောင့်
၎င်းတို့လှုပ်ရှားသောအခါ မည်သူမျှ နားမထောင်ဘဲ
မနေဝံ့ပေ။

ယခုတော့ ရွှေရထားရှေ့တွင် တုန်လှုပ်စွာဖြင့်
ဒူးထောက်နေခဲ့ကြရပြီ ဖြစ်သည်။

ဤခြားနားမှုက ရိုးရှင်းစွာပင် ကြီးမားလွန်းလှသည်။

ရွှေရောင်ရထားပေါ်မှ လူငယ်က
ထွက်ပေါ်မလာသေးသော်လည်း ခရမ်းရောင်အိမ်တော်
မြင့်မြတ်နယ်မြေမှ လူများကို ထိတ်လန့်စေခဲ့၏။

ယင်းကြောင့် ဤသခင်လေးဆိုသူ၏
မြင့်မြတ်သောမျိုးရိုးနှင့် အနေအထားကို မနေနိုင်ဘဲ
အမျိုးမျိုး မှတ်ဆနေမိကြတော့သည်။

နာလန်လော်ရှီး၏ လှပသော မျက်လုံးများတွင်
မကြုံစဖူး အံ့သြမှုများဖြင့် ပြည့်နှက်နေသည်။

နာလန်မိသားစုကို ကယ်တင်ခဲ့သော
ဤသခင်လေးအကြောင်းကို အလွန်သိချင်မိ၏။

လူအားလုံး၏ အာရုံစူးစိုက်မှုအောက်တွင်
ရွှေရောင်ရထားပေါ်မှ ပုံရိပ်တစ်ခု ထွက်လာသည်။

၎င်းက နှင်းထက်ပိုဖြူကာ နူးညံ့ပုံရသော
အဝတ်များကို ဝတ်ဆင်ထားသည်။ ထိုလူငယ်သည်

အရပ်ရှည်ရှည်နှင့် အညစ်အကြေးကင်းစင်သော အရှိန်အဝါများရှိ၏။

အင်မော်တယ်စည်းချက်ကလည်း ခန္ဓာကိုယ်အနှံ့ စီးဆင်းနေပြီး သူ့ခန္ဓာကိုယ်ကို အင်မော်တယ်ကျောက်စိမ်းဖြင့် ထွင်းထုထားပုံရလေသည်။

သူ့မျက်နှာကိုတော့ အင်မော်တယ် အငွေ့အသက်များနှင့် ဖုံးကွယ်ထားသည်။ သို့တိုင် တစ်ချက်တစ်ချက် မပီမသမြင်လိုက်ရသော မျက်နှာက အမျိုးသမီးများကို အသက်ရှူမှားစေလောက်သည်။

"အဲဒါ... အင်မော်တယ်ပဲလား"

အရှေ့ဆန်းကျယ်ဒေသမှ ဒေသခံများလည်း

ရေရွတ်လိုက်မိသည်။

အင်မော်တယ်မှလွဲ၍ ထိုလူငယ်ကိုဖော်ပြရန် ဒုတိယစကားလုံးကို မစဥ်းစားနိုင်တော့ပေ။

ထိုလူရိပ်က သူတို့နှင့် အလွန်ဝေးကွာလွန်းလှသည်။

နာလန်လော်ရှီးလည်း တကိုယ်လုံး တုန်တုန်ရင်ရင် ဖြစ်သွား၏။

သူမ၏ နာလန်မိသားစုကို ကူညီခဲ့သည့် သခင်လေးက အလွန်ချောမည်ဟု ထင်မထားခဲ့ပေ။

ထိုအနေအထားမျိုးက နာလန်မိသားစု၏ ပါရမီရှင်ဖြစ်သော သူမကိုပင် နိမ့်ကျမှုအား

ခံစားရစေသည်။

အရှေ့ဆန်းကျယ်ဒေသတစ်ခုလုံးကို ရှာလိုက်လျှင်ပင် ကျွင်းရှောင်ယောက်၏ တစ် ရာခိုင်နှုန်းနှင့် နှိုင်းယှဉ်မရပါ။

'သေချာနေပြီ…'

စုဇီချုံက အတည်ပြုပြီးသားဖြစ်သော်လည်း သူမမြင်လိုက်ရသည့်အချိန်က ခံစားချက်က မတူညီပေ။

ရယ်စရာကောင်းသောအချက်ကို ပြောလိုက်ရလျှင် စုဇီချုံက ကျွင်းရှောင်ယောက်နှင့် ဆက်သွယ်ပြီး စကားပြောနိုင်ရန်ပင် စိတ်ကူးယဉ်ခဲ့ဖူးသည်။

သို့သော်လည်း ဤအခြေအနေမျိုးမှာ

ကျွင်းရှောင်ယောက်နှင့် ဆုံတွေ့မည်ဟု တခါမျှ
မတွေးခဲ့ဖူးပေ။

ယခုအချိန်တွင် စုဇီချုံ၏စိတ်ထဲမှာ ဇီရန်နှင့်
လင်းဖုန်းကို သေသည်အထိမုန်းတီးသွားခဲ့သည်။

သူတို့ကြောင့်သာမဟုတ်ရင် ကျွင်းရှောင်ယောက်ကို
ဘယ်လိုလုပ်ပြီး စော်ကားမိမှာလဲ။

ကျွင်းရှောင်ယောက်က ပတ်ဝန်းကျင်ကို တစ်ချက်
ကြည့်လိုက်သည်။ သူ့မျက်နှာအမူအရာကတော့
အနည်းငယ် မှုန်မှိုင်းနေ၏။

အောက်ကမ္ဘာသို့ ရောက်လာသည်နှင့် သူ၏
သိုလှောင်ခြင်းမှော်ရတနာအတွင်းမှ
ရှေးဟောင်းအဆောင်က

အနည်းငယ်တုန်ခါသွားခြင်းကို ခံစားလိုက်ရသည်။

ဤရှေးဟောင်းအဆောင်က အဓိပဓိယွမ်ထျန်း၏ ရတနာသိုက်အတွင်းတွင် ကျိုရွှမ်ထံမှ လုယက်ခဲ့သော အရာဖြစ်သည်။

ဤရှေးဟောင်းအဆောင်က အဓိပဓိယွမ်ထျန်း၏ သင်္ကေတတစ်ခုလည်း ဖြစ်သည်။

ကျွင်းရှောင်ယောက်က အဓိပဓိယွမ်ထျန်းထံမှ အခွင့်အရေးကို ရရှိခဲ့သောကြောင့် သဘာဝအတိုင်း ပြန်လည်ပေးဆပ်ချင်ခဲ့သည်။

"ဒီနာလန်မိသားစုက အဓိပဓိယွမ်ထျန်းရဲ့ တာအိုလက်တွဲဖော်ရဲ့ မိသားစုပဲဖြစ်ရမယ်"

ကျွင်းရှောင်ယောက်က ရေရွတ်လိုက်သည်။

ကံကောင်းထောက်မစွာဖြင့် သူသည်
အချိန်မီရောက်လာခဲ့ပေသည်။ မဟုတ်ပါက
ဤကံကြမ္မာက ပြီးမြောက်နိုင်မည်မဟုတ်ပေ။

"မင်း ဒီကိုလာဦး"
ကျွင်းရှောင်ယောက်က နာလန်လော်ရှီးကို
ကြည့်လိုက်သည်။

နာလန်လော်ရှီးက ရုတ်တရက်
မော့ကြည့်လိုက်သော်လည်း သူမ၏ နှလုံးသားထဲတွင်
စိုးရိမ်မှုအချို့ ရှိနေပါသေးသည်။

ဤလူငယ်လေးက အံ့ဩဖွယ် အနေအထားတစ်ခုရှိပြီး
ခရမ်းရောင်အိမ်တော် မြင့်မြတ်နယ်မြေပင်လျှင်

ဒူးထောက်ပြီး သက်ညှာပေးရန်
တောင်းပန်နေခဲ့ကြရသည်။

ထို့ကြောင့် နာလန်လော်ရှီးသည် သဘာဝအတိုင်း
အနည်းငယ် စိတ်မသက်မသာ ဖြစ်နေခဲ့မိသည်။

သို့သော်လည်း သူမက လျှောက်သွားလိုက်ဆဲပင်။

"ကယ်တင်ခဲ့တဲ့အတွက် သခင်လေးကို
ကျေးဇူးအများကြီးတင်ပါတယ်။ ဒီကြင်နာမှုကို
လော်ရှီးနဲ့ နာလန်မိသားစုက ဘယ်တော့မှ
မေ့သွားမှာမဟုတ်ပါဘူး"

နာလန်လော်ရှီးက လေးလေးစားစားဖြင့်
ဦးညွတ်လိုက်၏။

ကျွင်းရှောက်ယောက်လည်း နာလန်လော်ရှီး၏

ကျော့ရှင်းသော လည်တိုင်မော့မော့မှ
အလင်းရောင်မှိန်ဖျော့ဖျော့ထွက်နေသော
ရှေးဟောင်းအဆောင်ကို သတိပြုလိုက်မိသည်။

"သေချာတာပေါ့၊ အမှန်ပဲ"
အတည်ပြုပြီးနောက် ကျွင်းရှောင်ယောက်က
အနည်းငယ် ခေါင်းညိတ်လိုက်သည်။

"စိတ်မပူပါနဲ့၊ အနာဂတ်မှာ မင်းနဲ့ နာလန်မိသားစုကို
ဘယ်သူမှ ထိခိုက်စေနိုင်မှာ မဟုတ်ဘူး"
ကျွင်းရှောင်ယောက်က အေးဆေးတည်ငြိမ်စွာ
ပြောလိုက်သည်။

"သခင်လေးရဲ့ ကြင်နာမှုအတွက်
ကျေးဇူးအများကြီးတင်ပါတယ်၊ ဒီကျေးဇူးကို
လော်ရှီးက ပြန်မပေးဆပ်နိုင်တော့ပါဘူး"

နာလန်လော်ရှီးက အံ့အားသင့်နေသော
အကြည့်များကို လှစ်ဟလာသည်။

သူမက ကျွင်းရှောင်ယောက်ကို စိတ်လှုပ်ရှားမှု၊
လေးစားမှု၊ ကျေးဇူးတင်မှု၊
ခံစားချက်အမျိုးမျိုးတို့ဖြင့် ကြည့်လိုက်၏။

ယင်းက လင်းဖုန်း၏မျက်နှာကို ချက်ချင်း
မည်းမှောင်သွားစေခဲ့ပေသည်။

အရာအားလုံးက သူ့မျှော်လင့်ထားသည့်အတိုင်း
စီးဆင်းနေခဲ့သည်။

နာလန်လော်ရှီးကလည်း
သူ့ကျွန်မိန်းကလေးဖြစ်ခါနီးလာခဲ့၏။

အခုအချိန်မှာတော့ အရာအားလုံးကို
ကျွင်းရှောင်ယောက်က ဖျက်ဆီးပစ်လိုက်ပြီ
ဖြစ်သည်။

ယင်းကိုတွေးမိသောအခါ လင်းဖုန်းက လက်သီးကို
ခပ်တင်းတင်းဆုပ်လိုက်၏။

သူက မိုးနှင့်မြေ၏ မျက်နှာသာပေးခံရသော
ကကြမ္မာသားတော် ဖြစ်သည်။ သူက အနာဂတ်တွင်
ဆန်းကျယ်ကောင်းကင်တိုက်ကြီးတစ်ခုလုံးကို
အုပ်စိုးမည့်သူဖြစ်လာမည်ဟုဆိုရင်လည်း မမှားပေ။

ကျွင်းရှောင်ယောက်ကလည်း လင်းဖုန်းကို
အကဲခတ်လိုက်သည်။

သူ့မျက်လုံးများမှာတော့ အံ့အားသင့်မှု
အရိပ်ယောင်များ ဖြစ်ပေါ်လျက်ရှိ၏။

"မင်းက အရမ်းကံကောင်းနေတာပဲလား။
အောက်ကမ္ဘာကို ငါထွက်လာတာနဲ့
ကံကြမ္မာကလေးဆယ်ယောက်ထဲက
တစ်ယောက်နဲ့တွေ့နေပြီ"
ကျွင်းရှောင်ယောက်က ရေရွတ်လိုက်သည်။

လင်းဖုန်း၏ ဘဝအတွေ့အကြုံကတော့ ရိုးရှင်းသော
ဇာတ်လမ်းတစ်ခုသာ ဖြစ်လေသည်။

လက်ထပ်စာချုပ် ဖျက်သိမ်းခံရပြီး
ထူးခြားသောနောက်ခံနှင့် သစ္စာရှိသော
မိန်းကလေးအဖော်ရှိသည်။

ထို့နောက် တစ်နှစ်အတွင်း အမှိုက်မှ ပါရမီရှင်အဖြစ်သို့ ကောင်းကင်ထိတိုင် ထိုးတက်သွား၏။ ၎င်းက အင်မော်တယ်နယ်မြေကြီးရှိ ပါရမီရှင်များကိုပင် လိုက်မီလုနီးပင် ဖြစ်သည်။

ဤကဲ့သို့ အခြေအနေမျိုးကို ပိုင်ဆိုင်နိုင်သူက ကောင်းကင်ကြမ္မာ ကလေးဆယ်ယောက်မှလွဲ၍ တခြားမရှိနိုင်ပေ။

ကျွင်းရှောင်ယောက်၏ အမူအရာကိုမြင်သောအခါ စုဇီချုံက အလျင်စလို ခုခံပြောဆိုလိုက်သည်။

"သခင်လေး နတ်ဘုရားသားတော်၊ ဒါတွေအားလုံးကို လင်းဖုန်းက လုပ်ခဲ့တာပါ။ တကယ်တမ်း ခရမ်းရောင်အိမ်တော် မြင့်မြတ်နယ်မြေနဲ့ နာလန်မိသားစုကြားမှာ ဘာပြဿနာမှ မရှိပါဘူး"

ယင်းကိုကြားသောအခါ နာလန်ကျန်းက
မျက်နှာကိုမဲ့ပြီး ပြောလိုက်သည်။

"လင်းဖုန်းက ခရမ်းရောင်အိမ်တော်
မြင့်မြတ်နယ်မြေရဲ့ လူဖြစ်လာမယ်လို့
ဘယ်သူပြောခဲ့တာလဲ"

ထိုအခါ နာလန်ကျန်း၏ မျက်နှာက ဖြူဖျော့သွားပြီး
နှလုံးသားမှာလည်း နာကြည်းမှုများ
ပြည့်နှက်သွားသည်။

ထို့နောက် မျက်နှာဖြူဖျော့သွားသော
ဇီရန်ကိုမြင်သောအခါ စိတ်လှုပ်ရှားသွား၏။

ဇီရန်က လင်းရန်နှင့်ပတ်သက်၍ သူမကို
အကြံပေးသောကြောင့်သာ မဟုတ်လျှင်...

သူမစုဇီချုံနှင့် ခရမ်းရောင်အိမ်တော်
မြင့်မြတ်နယ်မြေတစ်ခုလုံးကို အရှက်ရစေမည့်
အခြေအနေသို့ မည်သို့ လျှော့ချနိုင်မည်နည်း။

"ဇီရန်၊ နင်က ငါတို့ ခရမ်းရောင်အိမ်တော်
မြင့်မြတ်နယ်မြေရဲ့ အပြစ်သားပဲ"

စုဇီချုံက ဇီရန်ကို လက်ဝါးဖြင့် ရိုက်ချလိုက်သည်။

"မျိုးနွယ်တူ အမဇီချုံ၊ ရှင်ဘာလုပ်တာလဲ"

ဇီရန်၏မျက်နှာက ဖြူရော်သွားကာ
ကြောက်လန့်တကြားဖြင့် အော်ဟစ်လိုက်သည်။

"ဝုန်း"

စုဇီချုံ၏ လက်ဝါးရိုက်ချက်သည် ဇီရန်ဦးခေါင်းကို
တိုက်ရိုက် ထိမှန်သွား၏။ ချက်ချင်းပင် ဇီရန်၏
ဒွါရခုနစ်ပေါက်မှ သွေးများစီးကျလာကာ

မြေပြင်ပေါ်သို့ လဲကျသွားတော့သည်။

"ဇီရန်"

ယင်းကိုမြင်ပြီးနောက် လင်းဖုန်း၏နှလုံးသားက

သွေးယိုစီးကာ မျက်လုံးများပင် နီရဲသွားသည်။

သူ့အပေါ် အလွန်သစ္စာရှိသော ငယ်ချစ်ဦးလို

ဖြစ်နေသူမှာ ယခုတော့ သူ့ရှေ့မှာပင် ဤအတိုင်း

သေဆုံးသွားခဲ့ရချေပြီ။

ဤအရာအားလုံးက အင်မော်တယ်နယ်မြေကြီးရှိ

ထိုလူငယ်လေးကြောင့် ဖြစ်သည်။

"အား၊ သေစမ်းကွာ"

လင်းဖုန်း၏မျက်နှာက

ကြောက်မက်ဖွယ်ကောင်းလာသည်။

၎င်းက အစွမ်းကုန်ပေါက်ကွဲကာ
ကျွင်းရှောင်ယောက်အား တိုက်ခိုက်လိုက်၏။

"ငါမင်းကိုသေစေချင်တယ်"

လင်းဖုန်း၏လည်ပင်းက
အပြာရောင်သွေးပြန်ကြောများ
ထောင်ထလာသည်အထိ ဟိန်းဟောက်လိုက်သည်။

"သေချင်နေတာပဲ"

ရီယုက ငေါက်ငမ်းကာ တိုက်ခိုက်ရန်
ဟန်ပြင်လိုက်သည်။

သို့ရာတွင် ကျွင်းရှောင်ယောက်က ခေါင်းကို

အနည်းငယ်ခါယမ်းကာ ရိုးရိုးရှင်းရှင်း
လက်ဝါးတစ်ဖက်အား ဆန့်ထုတ်လိုက်၏။

ဤလက်ဝါးတစ်ဖက်က ကောင်းကင်ကြီးကိုပင်
ပြိုကျသွားစေခဲ့တော့သည်။

-----------

အခန်း ( ၁၇၀ ) မင်းက မိုးနဲ့မြေရဲ့ ဇာတ်ဆောင်လား။
မိုးနဲ့မြေဆိုရင်တောင် ဒီနတ်ဘုရားသားတော်အရှေ့မှာ
ဦးညွတ်ရမယ်။

လက်ရှိ ကျွင်းရှောင်ယောက်၏ခွန်အားသည်
သုံးဒဿမခုနစ် ဘီလီယံ ဖြစ်သည်။

၎င်းက ရှေးဟောင်းမြင့်မြတ်ခန္ဓာ၏ခွန်အားကို
ထည့်မတွက်သေးပေ။

အင်မော်တယ်နယ်မြေကြီးတွင် ဟင်းလင်းပြင်က
အလွန်တည်ငြိမ်သောကြောင့်
ကျွင်းရှောင်ယောက်၏စွမ်းအားက
ကြောက်စရာကောင်းသော်လည်း လေထုကိုတော့
မဆုပ်ဖြဲနိုင်ပါ။

သို့ရာတွင် အောက်ကမ္ဘာကတော့ မတူတော့ပါချေ။

ဆန်းကျယ်ကောင်းကင်တိုက်ကြီး၏ ဟင်းလင်းပြင်
တည်ငြိမ်မှုက အင်မော်တယ်နယ်မြေကြီးထက် များစွာ
နိမ့်ကျသည်။

ထို့ကြောင့် ကျွင်းရှောင်ယောက်၏

လက်ဝါးတစ်ဖက်တည်းဖြင့် ဟင်းလင်းပြင်က
ဆုပ်ဖြဲခံရကာ ကောင်းကင်ကြီးပင်
တုန်ခါသွားတော့သည်။

"ဒါက ဘယ်လိုဖြစ်နိုင်မှာလဲ"
အရှေ့ဆန်းကျယ်ဒေသမှ ပါရမီရှင်များ
တိတ်ဆိတ်ကုန်သည်။

သူတို့အမြင်တွင် အဆင့်ကိုးဆင့်သို့
ရောက်ရှိနေသူများသာ ဟင်းလင်းပြင်ကင်ကို
ဆုပ်ဖြဲနိုင်သည်။

ယခုတော့ ဤကြောက်စရာကောင်းသော
မြင်ကွင်းသည် လူငယ်ပါရမီရှင်တစ်ယောက်ကြောင့်
ဖြစ်ပေါ်လာခဲ့ရချေပြီ။

အရေးကြီးဆုံးအချက်မှာ ကျွင်းရှောင်ယောက်ထံမှ
တာအိုပေါင်းစည်းခြင်း အရှိန်အဝါများကို
မခံစားရခြင်း ဖြစ်သည်။

တစ်နည်းအားဖြင့် ကျွင်းရှောင်ယောက်သည်
တာအိုပေါင်းစည်းခြင်း နယ်ပယ်သို့ပင်
မရောက်သေးပေ။

သို့တိုင် ဟင်းလင်းပြင်ကို အက်ကွဲစေနိုင်စွမ်း
ရှိနေခဲ့၏။

ကျွင်းရှောင်ယောက်က အရှေ့ဆန်းကျယ်ဒေသမှ
လူအားလုံး၏ အသိအမြင်များကို
လုံးဝပြောင်းပြန်လှန်ပစ်လိုက်ချေပြီ။

"ကျွင်းမိသားစုက နတ်ဘုရားသားတော်ရဲ့ ခွန်အားက

အရမ်းကြောက်ဖို့ကောင်းတာပဲ"

ဒေသခံပါရမီရှင်များ မဆိုထားနှင့်၊
အင်မော်တယ်နယ်မြေကြီးမှ ကျွမ်းကျင်သူများပင်
တုန်လှုပ်ချောက်ချားသွားကြသည်။

ကျွင်းရှောင်ယောက်သာ တာအိုပေါင်းစည်းပြီးပါက
ဘယ်လောက်ထိ ကြောက်စရာကောင်းလာမလဲဆိုတာ
တွေးကြည့်ရန်ပင် မလွယ်တော့ပေ။

"ဒါက ဘယ်လိုလုပ်ပြီး ဖြစ်နိုင်မှာလဲ"

ဒေါသတကြီးဖြင့် စိတ်လွတ်သွားသောလင်းဖုန်းလည်း
ကျွင်းရှောင်ယောက်၏ခွန်အားကို
ခံစားလိုက်ရသောအခါ သူ့နှလုံးသားထဲတွင်
အေးခဲသွားခဲ့သည်။

ယင်းက ဆောင်းတွင်းကြီးမှာ နှစ်တစ်ထောင်

ရေခဲကန်ထဲသို့ ပစ်ချခံရသလိုမျိုး တကိုယ်လုံး
အေးစက်သွား၏။

လင်းဖုန်းလည်း သူ၏ အသန်မာဆုံးတိုက်ကွက်ကို
ထုတ်ဖော်ကာ ခုခံရန်  အစွမ်းကုန်
ကြိုးစားလိုက်သည်။

သို့သော်... အရာအားလုံးက အချည်းနှီးပင်။

"ဝုန်း"
ကမ္ဘာကို တုန်လှုပ်စေသော အသံတစ်ခု
ထွက်ပေါ်လာသည်။

ကျွင်းရှောင်ယောက်ထံမှ လက်ဝါးတစ်ချက်သည်
လင်းဖုန်းကို မြေပြင်ပေါ် ရိုက်ချလိုက်ပြီး

သွေးအထပ်ထပ် အန်သွားစေခဲ့၏။

မြေပြင်တစ်ဝိုက်တွင်လည်း ပင့်ကူမျှင်ကဲ့သို့
ကြီးမားသော အက်ကြောင်းကြီးများ
ဖြစ်ပေါ်နေတော့သည်။

ယင်းက အလွန်ကြောက်စရာကောင်းသည်။

လွန်ခဲ့သည့်နှစ်တွင် လင်းဖုန်း၏ အားကောင်းလာမှုကို
လူတိုင်းမြင်တွေ့ဖူးကြသည်။

အရှေ့ဆန်းကျယ်ဒေသမှ ဒေသခံများမဆိုထားနှင့်
အင်မော်တယ်နယ်မြေကြီးမှ လူတချို့ပင်လျှင်
ရှုံးနိမ့်သွားခဲ့ရ၏။

ယခုတော့ ကျွင်းရှောင်ယောက်သည် သိုင်းပညာပင် အသုံးမပြုဘဲ လင်းဖုန်းကို ရိုးရိုးရှင်းရှင်း ရိုက်ချလိုက်ချေပြီ။

ဤမျှသေသပ်သော ရိုက်ချက်မျိုးက အံ့သြဖို့ကောင်းလွန်းသည်။

"သခင်လေးရဲ့ ခွန်အားက တကယ့်ကို သန်မာလွန်းတယ်..."

နာလန်လော်ရှီး၏ တောက်ပသောမျက်လုံးက အရောင်လက်နေခဲ့သည်။

သူမက လင်းဖုန်းနှင့် ကိုယ်တိုင်ယှဉ်ပြိုင်ခဲ့ရာ တစ်ဖက်လူသည် အလွန်အစွမ်းထက်ကြောင်း ကောင်းစွာသိခဲ့၏။

ယခုတော့ ကျောင်းရှောင်ယောက်၏ ခွန်အားက စာဖွဲ့မရအောင် ကြောက်စရာကောင်းနေခဲ့ပြီ ဖြစ်သည်။

"ဒီနတ်ဘုရားသားတော်ရှေ့မှာ မိုးနဲ့မြေတောင် ဦးညွတ်သွားရမယ်၊ ငါ့အရှေ့မှာ ကံကြမ္မာကလေး ဇာတ်ကောင်ဆိုတာ မရှိဘူး"

ကျောင်းရှောင်ယောက်က လေထဲတွင် လက်နှစ်ဖက်ကို နောက်ပစ်၍ ပြောလိုက်သည်။

သူသည် သေမျိုး ပုရွက်ဆိတ်ကို ငုံ့ကြည့်နေသော နတ်တစ်ပါးကဲ့သို့ လင်းဖုန်းကို ငုံ့ကြည့်လိုက်၏။

"မင်း... အဟွတ်"

လင်းဖုန်း၏ တကိုယ်လုံး သွေးများ၍ရွှဲစိုနေသည်။ ၎င်း၏ အရိုးများကျိုးကြေသွားကာ မြေပြင်ပေါ်တွင်

လဲလျောင်းနေရင်း သွေးအန်လိုက်ရ၏။

လင်းဖုန်းက ကံကောင်းခြင်းမျိုးစုံကို ရရှိခဲ့ပြီး
ကမ္ဘာ့မူလနှင့်လည်း ခံနွာကိုယ် သန့်စင်ထားခဲ့၍သာ
တော်ရော့သည်။ မဟုတ်ပါက ကျွင်းရှောင်ယောက်၏
လက်ဝါးတစ်ချက်ဖြင့်
ရိုက်သတ်ခံလိုက်ရလောက်သည်။

'သေစမ်း'

လင်းဖုန်း၏မျက်လုံးအကြည့်များ
ရီဝေအက်ကွဲသွားသည်။

အကြောင်းမှာ သူက မိုးနှင့်မြေ၏
ကံကြမ္မာဇာတ်ကောင်တစ်ယောက်
ဖြစ်နေသောကြောင့်ပင်။

ထို့ကြောင့် ယခုလို အလွန်အစွမ်းထက်သော လူတစ်ယောက်ထွက်ပေါ်လာသောအခါ သူက ယခင်ကကဲ့သို့ အမှိုက်ဘဝနှင့် မခြားသေးကြောင်း သဘောပေါက်ခဲ့ရသည်။

ကွာဟချက်ကြီးမားလွန်းရာ လင်းဖုန်းကို လက်မခံနိုင်ဖြစ်စေခဲ့၏။

'မဟုတ်ဘူး၊ ငါ့မှာ အခွင့်အရေးရှိသေးတယ်။ တခြားကမ္ဘာ့မူလကို ရှာတွေ့နိုင်ရင် ငါ သူ့ကို သာလွန်နိုင်မှာ သေချာတယ်'

သွေးများစွန်းပေနေသော လင်းဖုန်း၏ မျက်နှာက အလွန်ကြောက်စရာကောင်းလာသည်။

ယခု သူရထားသည့် ကမ္ဘာ့မူလက  သေးငယ်သော အစိတ်အပိုင်းတစ်ခုမျှသာ ရှိသေးသည်။

ထိုအပိုင်းအစလေးကတောင် သူ့ကို
ဤမျှအစွမ်းထက်စေသည်။

အကယ်၍ ကမ္ဘာ့မူလအားလုံးကို ရနိုင်ပါက လင်းဖုန်း
ယုံကြည်မှုရှိသည်။

ကျွင်းရှောင်ယောက်ကို ကျော်လွန်ပြီး သို့မဟုတ် သူ့ကို
သတ်ပစ်ရန်ပင် အိပ်မက်မဟုတ်တာ သေချာသည်။

'ငါ့ကိုစောင့်နေပါ၊ ငါမင်းကိုသတ်မယ်'

လင်းဖုန်း၏မျက်လုံးများက
ကြမ်းကြုတ်မှုအလင်းများ ဖျတ်ခနဲ လက်သွားသည်။
ထို့နောက် ဟင်းလင်းပြင်
ရှေးဟောင်းအဆောင်တစ်ခုကို ထုတ်ယူကာ
ချေမွပစ်လိုက်၏။ ချက်ချင်းပင်

ဟင်းလင်းပြင်စွမ်းအင်များက သူ့ကိုရစ်ပတ်သွားကာ လေထုကိုဆုပ်ဖြဲ၍ ခေါ်ဆောင်သွားရန် ထွက်ပေါ်လာတော့သည်။

ကောင်းကင်ကံကြမ္မာကလေးငယ် ဆယ်ယောက်ထဲမှ တစ်ယောက်အနေဖြင့် လင်းဖုန်းကလည်းသာမန်မဟုတ်ပေ။

ဤနှစ်အတွင်း သူရခဲ့သည့် အခွင့်အရေးများက အတော်များသည်။

ဤဟင်းလင်းပြင်အဆောင်ကလည်း ၎င်းတို့ထဲမှ တစ်ခုဖြစ်ချေသည်။

"မင်း ဒီအတိုင်း ထွက်သွားချင်တာလား" ကျွင်းရှောင်ယောက်က လေထုကိုဖောက်ထွင်းကာ

လှမ်းဆွဲလိုက်သည်။

"ဖူး"

ဟင်းလင်းပြင်အတွင်းမှ အသံတစ်ခု ထွက်လာခဲ့၏။

"အား...သေစမ်း"

ဒေါသတကြီးအော်သံသည် သွေးအန်သံများ ရောထွေးသွားပြီး နောက်ဆုံးမှာတော့ မတည်ငြိမ်မှုများလည်း ပြန်လည် ပျောက်ကွယ်သွားတော့သည်။

ကျွင်းရှောင်ယောက်က စွမ်းအင်လက်ဝါးကြီးကို ပြန်ယူလိုက်သောအခါ ရောင်စုံပြဒါးနှင့်တူသော အရာဝတ္ထုများ သူ့လက်ဝါးထဲသို့ ကျဆင်းလာသည်။

"ဒါက..."

ဤရောင်စုံပစ္စည်း၏ လျှို့ဝှက်ဆန်းကြယ်မှုကို ခံစားလိုက်ရသောအခါ ကျွင်းရှောင်ယောက် အံ့အားသင့်သွားသည်။

ကမ်ဘာ့မူလ။

ဤအရာဝတ္ထုတွင် ခိုင်မာသော ကမ္ဘာ့အရှိန်အဝါများရှိ၏။

ယင်းကို ဘယ်သူမဆို ခံစားရနိုင်သည်။

"ဒါက ဆန်းကျယ်ကောင်းကင်တိုက်ကြီးရဲ့ ကမ္ဘာ့မူလပဲလား"

ပါရမီရှင်တချို့၏ မျက်လုံးများ ရုတ်တရက်

နီရဲသွားသည်။

ယင်းက ကမ္ဘာ့မူလ ဖြစ်ချေသည်။

အင်မော်တယ်နယ်မြေကြီး တစ်ခုလုံးမှာပင်
ရှာလို့မတွေ့နိုင်လောက်အောင် ရှားပါးပြီး
အင်မော်တယ်ဆေးထက်လည်း ပိုအဖိုးတန်သည်။

ထို့ပြင် ကမ္ဘာ့မူလကို တန်ဖိုးမဖြတ်နိုင်သော
အင်မော်တယ်မျိုးစေ့အဖြစ်လည်း မှတ်ယူနိုင်သေး၏။

ကမ္ဘာ့မူလက လူတိုင်းကို မနာလိုစေနိုင်သည့်
အရာဖြစ်သည်။

ဤအတွက် အဓိပဓိများပင်

စိတ်လှုပ်ရှားသွားကြပေလိမ့်မည်။

"ဟမ်"

ကျွင်းရှောင်ယောက်က မျက်မှောင်ကြုတ်ပြီး လှည့်ကြည့်လိုက်သည်။

အင်မော်တယ်နယ်မြေကြီးမှ လူများမှာတော့ မည်သူမျှ ပြန်မကြည့်ဝံ့ကြပေ။

တချို့မှာလည်း အသည်းကွဲသွားသည်။

ကမ္ဘာ့မူလက အဖိုးတန်သော်လည်း မည်သူ့လက်ထဲ ရောက်ရှိနေသနည်း။

ကျွင်းရှောင်ယောက်၏ လက်ထဲမှအရာကို ဘယ်သူက

ဝင်လုပ်ဖို့မှာလဲ။

ထိုသို့ပြုဖို့ပါက သေဖို့သာ ရှိမည်။

'ဟင်း၊ ငါတို့က မမြင်ချင်ယောင် ဆောင်နေရုံပဲ'
တချို့က စိတ်ထဲမှ သက်ပြင်းချလိုက်ကြသည်။

စုဇီချုံလည်း နှလုံးသားထဲတွင် အနည်းငယ်
နောင်တရသွားမိသည်။ လင်းဖုန်းက ကမ္ဘာ့မူလကို
ရရှိထားလိမ့်မည်ဟု ထင်မထားခဲ့ပေ။

လင်းဖုန်းက အလွန်လျှို့ဝှက်စွာ
ဖုံးကွယ်ထားသောကြောင့် လူအများစု
မမြင်နိုင်ခဲ့ပါချေ။

"မဆိုးပါဘူး၊ ဒါပေမယ့် ပြီးပြည့်စုံပုံမပေါ်ဘူး"

ကျွင်းရှောင်ယောက်က ရေရွတ်လိုက်သည်။

ဤကမ္ဘာ့မူလက
အလွန်လျှို့ဝှက်ဆန်းကြယ်သော်လည်း မပြည့်စုံပေ၊
ယင်းက အလွန်သေးငယ်သော အစိတ်အပိုင်း
တစ်ခုမျှသာ ဖြစ်သည်။

"သခင်လေး၊ ရီယုက အဲဒီပုရွက်ဆိတ်ကို
လိုက်ရှာစေချင်လား"

ရီယုက ရှေ့ကို လှမ်းပြီး မေးလိုက်သည်။

"မလိုဘူး၊ ကြက်သွန်မြိတ်လေး သန်မာလာပါစေ...
သူကြီးလာရင်တော့ ငါတို့ ရိတ်လို့ရပြီ"

ကျွင်းရှောင်ယောက်က သူ့လက်ကို

ငေ့ယမ်းလိုက်သည်။

အကယ်၍ ကျွင်းရှောင်ယောက်ဖာသာ ကမ္ဘာ့မူလကို ဆန်းကျယ်ကောင်းကင်တိုက်ကြီးတွင် လိုက်ရှာနေပါက အချိန်မည်မျှကြာမည်ကိုပင် မသိနိုင်ပေ။

သို့ရာတွင် လင်းဖုန်းက ဆန်းကျယ်ကောင်းကင်တိုက်ကြီး၏ ဇာတ်ဆောင်အဖြစ်နှင့် ကံကောင်းခြင်းများ ရှိသည်။

သူက သွားရှာဖို့တောင် မလိုပေ၊ ကမ္ဘာ့မူလက သူ့ကို သဘာဝအတိုင်း လိုက်ရှာပေလိမ့်မည်။

လင်းဖုန်းက ကမ္ဘာ့မူလကို ရရှိပြီးမှ ကျွင်းရှောင်ယောက်သည် ထပ်မံရိုက်သိမ်းသွားခဲ့မည်

ဖြစ်သည်။

သို့သော်လည်း ထိုအခြေအနေက ကျားကို တောင်ပေါ် ပြန်လွှတ်ပေးသကဲ့သို့ ဖြစ်နေပါမည်လော။

စိတ်တော့မကောင်းပေ၊ ကျွင်းရှောင်ယောက်၏ မျက်လုံးထဲတွင် လင်းဖုန်းက ကျားတစ်ကောင်မဟုတ်သလို ကြောက်တစ်ကောင်ပင် မဖြစ်နိုင်ပါချေ။

၎င်းက ကြက်သွန်မြိတ်တစ်ကောင်ဖြစ်ပြီး ကမ္ဘာ့မူလကို ရှာဖွေတွေ့ရှိရန် ကူညီပေးသည့် ကိရိယာတန်ဆာပလာ တစ်ခုမျှသာ ဖြစ်သည်။

ထို့ကြောင့်ကြောင့် ကျားကို တောင်ပေါ်ပြန်လွှတ်လိုက်တာမျိုး မရှိနိုင်ပါချေ။

"မင်းရဲ့အကူအညီအတွက် ကျေးဇူးတင်ပါတယ်။ နာလန်မိသားစုက အသက်ကယ်ခဲ့တဲ့ ဒီကျေးဇူးကို အမြဲအမှတ်ရနေမှာပါ"

နာလန်ကျန်းက ရှေ့သို့လှမ်းပြီး ကျွင်းရှောင်ယောက်ကို လေးလေးနက်နက် ဦးညွှတ်လိုက်သည်။

၎င်းက ဂုဏ်သိက္ခာရှိသော တာအိုနတ်ဘုရားတစ်ဦး ဖြစ်သော်လား ကျွင်းရှောင်ယောက်ကို မဆိုင်းမတွ ဦးညွှတ်ပြလိုက်ဆဲပင်။

နာလန်လော်ရှီးကလည်း ရှေ့ကိုလှမ်းပြီး ဦးညွှတ်ကာ ပြောလိုက်သည်။

"ရှင်ဆန္ဒရှိရင် နာလန်မိသားစုရဲ့အိမ်မှာ အနားယူနိုင်ပါတယ်၊ နာလန်မိသားစုက သေချာပေါက် ကောင်းကောင်းကြိုဆိုပေးသွားမှာပါ"

ကျွင်းရှောင်ယောက်လည်း အနည်းငယ်
ခေါင်းညိတ်လိုက်လေသည်။

သူသည် ယခုမှ အောက်ကမ္ဘာကို
ရောက်ရှိလာခြင်းဖြစ်သောကြောင့်  အနာဂတ်
အစီအစဉ်များကို ရှင်းလင်းရာတွင် အမှန်တကယ်
ခြေကုပ်ယူဖို့ လိုအပ်သည်။

-------

အခန်း ( ၁၇၁ ) ခရမ်းရောင်အိမ်တော်
မြင့်မြတ်နယ်မြေအား စီရင်ခြင်း၊ စုဇီချုံက
သူမကိုယ်ကို ကျွန်မိန်းကလေးအဖြစ်ထားရန်
အစပြုလာသည်၊ ကိုယ့်ခန္ဓာကို ကိုယ့်လမ်းစဉ်အဖြစ်
အသုံးပြုမယ်။

နာလန်မိသားစု၏ တည်နေရာသည်
ဝိညာဉ်စွမ်းအင်များ ပြည့်နှက်နေသည့် ရှေးဟောင်း
ဝိညာဉ်တောင်တန်းတစ်ခု ဖြစ်သည်။

ယခုအခါ မြင့်မြတ်ဝိညာဉ်တောင်တန်းရှိ
ကြီးကျယ်ခမ်းနားသော ခန်းမတစ်ခုတွင်...

ကျွင်းရှောင်ယောက်က အပေါ်ဆင့်ထိုင်ခုံတွင်
ထိုင်နေပြီး ကာကွယ်သူ သုံးဦးနှင့် ရီယုက
ဘေးနှစ်ဖက်တွင် ရပ်နေသည်။

အောက်မှာတော့ နာလန်မိသားစုရှိ၏။

ဆန်းကျယ်ကောင်းကင်တာအိုဂိုဏ်းမှ လူတစ်စုလည်း

ထိုနေရာတွင် ရှိနေလေသည်။

နောက်ဆုံးမှာတော့ ၎င်းတို့ဘိုးဘေးက
အောက်ကမ္ဘာသို့ ပြန်ရောက်လာပြီဖြစ်သောကြောင့်
သဘာဝအတိုင်း အမြန်ထွက်သွားလိုဘဲ ဤပေါင်ကို
တင်းတင်းကြပ်ကြပ် ဖက်ထားလိုခဲ့ကြသည်။

အစကတော့ ၎င်းတို့၏ဘိုးဘေးက တခြားသူများ၏
ကျေးကျွန်ဖြစ်လာမည်ကို လက်မခံနိုင်ကြပေ။

ယခုတော့ ကျွင်းရှောင်ယောက်၏
အဆင့်အတန်းနှင့်ခွန်အားကို မြင်လိုက်ရပြီမို့
စိတ်သက်သာရာ ရသွားကြတော့သည်။

၎င်းတို့ဘိုးဘေး လိုက်ပါနေသူက
အလွန်အစွမ်းထက်သော ပါရမီရှင်များနောက်သို့

လိုက်ပါနေခြင်း ဖြစ်ကြပေရာ မဆိုးလှပါချေ။

စုဇီချုံအပါအဝင် ခရမ်းရောင်အိမ်တော်
မြင့်မြတ်နယ်မြေ၏ ကျန်သူများကလည်း
ထွက်မသွားဘဲ ရှိနေကြဆဲပင်။

၎င်းတို့က အလွန်အမင်း စိတ်မသက်မသာဖြစ်နေပြီး
တုန်လှုပ်စွာဖြင့် မြေပြင်ပေါ်တွင်
ဒူးထောက်နေခဲ့ကြလေသည်။

ကျွင်းရှောင်ယောက်ကတော့ လျစ်လျူရှုထားကာ
နာလန်ကျန်းအား အဓိပဓိယွမ်ထျန်းအကြောင်းကို
အတိုချုံး၍ ပြောပြလိုက်သည်။

"ဒီလိုဖြစ်သွားခဲ့တာပဲ၊ ဒါပေမဲ့ ဆရာကြီး
အဓိပဓိယွမ်ထျန်းကို လွတ်မြောက်စေခဲ့တဲ့အတွက်

သခင်ငယ်လေး ကျေးဇူးတင်ပါတယ်"

နာလန်ကျန်းက လက်ယှက်ကာ ပြောလိုက်၏။

"သခင်လေးရဲ့ ကြင်နာမှုအတွက်
ကျေးဇူးအများကြီးတင်ပါတယ်"

နာလန်မိသားစုဝင်များအားလုံးကလည်း
ကျွင်းရှောင်ယောက်ကို
အလွန်ကျေးဇူးတင်နေကြဟန်ဖြင့် လေးလေးနက်နက်
ဦးညွှတ်ကြလေသည်။

"ဒါနဲ့ လင်းဖုန်း ထွက်ပြေးပေမယ့် သူ့မိသားစုကို
ဖျက်ဆီးပစ်သင့်တယ်"

ကျွင်းရှောင်ယောက်က ပြောလိုက်သည်။

"သခင်လေး၊ ဒီကိစ္စကို ကျုပ်တို့
ဆန်းကျယ်ကောင်းကင်တာအိုဂိုဏ်းက

ကိုင်တွယ်လိုက်ပါတယ်၊ ဒီလိုကိစ္စမှာ ကျုပ်တို့က ကျွမ်းကျင်ပြီးသားပဲ"

ဆန်းကျယ်ကောင်းကင် တာအိုဂိုဏ်းချုပ်က ကျွင်းရှောင်ယောက်ထံမှ အာရုံစိုက်မှုကို မခံရမှာစိုးရိမ်သကဲ့သို့ ရင်ဘက်ကိုပုတ်ကာ ထပြောလိုက်သည်။

တုန့်ရှမ်ဘိုးဘေးလည်း အနည်းငယ် ဆွံ့အသွား၏။

ကျွင်းရှောင်ယောက်၏ အာရုံစိုက်မှုအနည်းငယ်ရဖို့အတွက် ဤမျိုးဆက်သစ်များက အမှန်တကယ် ကြိုးစားနေသည်။

"ကောင်းပြီ"

ကျွင်းရှောင်ယောက်က ခေါင်းညိတ်လိုက်သည်။

ဇာတ်ဆောင်ကို ပို၍သန်မာလာစေချင်လျှင် အနည်းငယ်တွန်းအားပေးရ၏။

နာကျည်းမှုမှမရှိလျှင် အဓိကဇာတ်ကောင် မဖြစ်နိုင်ပေ။

သူ့မိသားစု ဖျက်ဆီးခံရကြောင်း လင်းဖုန်းသိသွားပြီးနောက် ပို၍အားကောင်းလာပြီး သူ့အတွက် ကမ္ဘာ့မူလကို ရှာဖွေမည်ဟု ကျွင်းရှောင်ယောက် ယုံကြည်မှုရှိသည်။

ဤနည်းလမ်းက အနည်းငယ်ကြမ်းတမ်းသော်လည်း အသုံးဝင်ပေသည်။

ထို့နောက် ကျွင်းရှောင်ယောက်သည် စုဇီချုံနှင့်

မြေပြင်ပေါ်တွင် ဒူးထောက်နေသော အခြားသူများကို ကြည့်လိုက်သည်။

ထိုအခါ ဒူးထောက်နေသူများ ထိတ်ထိတ်ပြာပြာဖြစ်သွားပြီး အမြန်ပြောလိုက်ကြသည်။

"သခင်လေးနတ်ဘုရားသားတော် ခွင့်လွှတ်ပေးပါ၊ ဒီတစ်ခေါက် ခရမ်းရောင်အိမ်တော် မြင့်မြတ်နယ်မြေက အမှားလုပ်မိပေမဲ့ သခင်လေးက ချမ်းသာပေးဖို့ မျှော်လင့်ပါတယ်"

အားလုံးက တညီတညွတ်တည်း ဒူးထောက်ကာ တောင်းပန်လိုက်ကြသည်။

ဤအချိန်တွင် ခရမ်းရောင်အိမ်တော် မြင့်မြတ်နယ်မြေ၏ ဖိအားက

လုံးဝအကျိုးသက်ရောက်မည် မဟုတ်ကြောင်း
သူတို့သိပေသည်။

ထို့ကြောင့် ရိုးရိုးသားသား တောင်းပန်ခြင်းက
အကောင်းဆုံးသာ ဖြစ်သည်။

“အောက်ကမ္ဘာရဲ့ ခရမ်းရောင်အိမ်တော်
မြင့်မြတ်နယ်မြေက နာလန်မိသားစုရဲ့
အင်အားစုဖြစ်လာမယ်၊ မင်းတို့ကတော့
နာလန်မိသားစုမှာ အနှစ်တစ်ရာ အစေခံလုပ်ရမယ်"
ကျွင်းရှောင်ယောက်က ပေါ့ပေါ့ပါးပါး
ပြောလိုက်သည်။

သူသည် ဤလူများနှင့် ဆက်ဆံရမည်အား
ပျင်းရိလွန်း၏။

ခရမ်းရောင်အိမ်တော် မြင့်မြတ်နယ်မြေက ဘာမှမဟုတ်သော်လည်း ထိပ်တန်းအင်အားစုတစ်ခု ဖြစ်နေဆဲပင်။

၎င်းတို့ကို ဖျက်ဆီးချင်ပါက အနည်းငယ်ခက်သည်။

"သခင်လေးရဲ့ ခွင့်လွှတ်မှုအတွက် ကျေးဇူးတင်ပါတယ်"

ဤအခါမှ ခရမ်းရောင်အိမ်တော် မြင့်မြတ်နယ်မြေ၏ လူတစ်စုလည်း သက်ပြင်းချလိုက်နိုင်သည်။

သို့ရာတွင် စုဇီချုံက မျက်နှာအမူအရာက ပြောင်းလဲသွားသည်။

"မင်းက ငါ့ရဲ့ ဆုံးဖြတ်ချက်ကို ကျေနပ်ပုံမပေါ်ဘူး"

ကျွင်းရှောင်ယောက်က အနည်းငယ်
မျက်ခုံးပင့်လိုက်၏။

စုဇီချုံလည်း ကမန်းကတန်းငြင်းကာ ပြောလိုက်သည်။
"မဟုတ်ပါဘူး... ဇီချုံက... မျှော်လင့်မိ..."

စုဇီချုံက ဆက်ပြောရမှာကို အနည်းငယ်အန်းနေပုံ
ရသည်။

"ပြော"
ကျွင်းရှောင်ယောက် မျက်မှောင်ကြုတ်လိုက်၏။

စုဇီချုံက မျက်လုံးကို မှိတ်လိုက်ပြီးနောက်
ပြောလိုက်သည်။
"ဇီချုံက အစေခံဖြစ်ရင်တောင် သခင်လေးရဲ့

အစေခံမိန်းကလေးပဲ ဖြစ်ချင်ပါတယ်"

ထိုစကားတစ်ခွန်းတည်းနှင့် တစ်ခန်းလုံး
တိတ်ဆိတ်သွားသည်။

ဂုဏ်သိက္ခာရှိသော ခရမ်းရောင်အိမ်တော်
မြင့်မြတ်နယ်မြေ၏ သူတော်စင်က ထိုသို့သော
စကားများကို ပြောလာခြင်းမှာ လုံး၀ အံ့သြစရာပင်။

သူ့ဘေးနားရှိ ခရမ်းရောင်အိမ်တော် မြင့်မြတ်နယ်မြေမှ
လူတစ်စုလည်း အံ့အားသင့်သွားကြ၏။

စုဇီချုံက မျက်လုံးများကိုမှိတ်ထားသည့်တိုင်
မျက်တောင်များ တုန်ခါနေဆဲပင်။

နာလန်မိသားစု၏ ကျွန်ဖြစ်မယ့်အစား
ကျွင်းရှောင်ယောက် တစ်ယောက်တည်း၏
ကျွန်ဖြစ်လာရခြင်းက ပိုကောင်းသည်။

ထို့ပြင် စုဇီချုံက ကျွင်းရှောင်ယောက်နှင့်
ဆက်ဆံရေးတစ်ခု ရှိလိုသူဖြစ်ရာ မည်သို့ဆိုစေ
လက်ခံပေးနိုင်သည်။

"အိုး"
ကျွင်းရှောင်ယောက်က တစ်ချက်ကြည့်ကာ
တွေးလိုက်သည်။

စုဇီချုံက သူ၏ကျွန်မိန်းကလေးဖြစ်ရန်
အစပျိုးလုပ်ဆောင်လိမ့်မည်ဟု ထင်ထားခဲ့ပေ။

စုဇီချုံတွင် ပိုးချည်မျှင်ကဲ့သို့ ရှည်လျားသော

ခရမ်းရောင်ဆံပင်ရှိပြီး ကိုယ်ခန္ဓာဖွံ့ဖြိုးလှပသည်။
သူမ၏ အသားရေကလည်း ချောမွေ့ကာ
တောက်ပသော မျက်ဝန်းအစုံရှိ၏။

ထိုမိန်းကလေးက ရှားရှားပါးပါး အလှစာရင်းဝင်ကာ
အင်မော်တယ်နယ်မြေကြီး၌ပင် အမျိုးသားထု၏
အိပ်မက်နတ်သမီး ဖြစ်နိုင်လောက်သည်။

သို့သော်လည်း ယခုအခါ ကျွင်းရှောင်ယောက်၏
ကျွန်ဖြစ်ရန် ဆန္ဒရှိနေခဲ့ချေပြီ။

"ဒီဘုရားသားတော်က အလကားနေ ကျွန်တွေကို
ခေါ်ဆောင်ရတာ ကြိုက်တဲ့လူလား"

ကျွင်းရှောင်ယောက်က အင်္ကျီလက်ကို
ခါယမ်းလိုက်၏။

စုဇီချုံလည်း မျက်နှာငြိုးသွားလေသည်။

"ဒါပေမဲ့ လင်းလုံက ဒီမှာမရှိဘူး၊ လက်ဖက်ရည်နဲ့ ရေ
ယူလာပေးမယ့် အစေခံတစ်ယောက်လိုတယ်။
မင်းနေနိုင်တယ်"

ကျွင်းရှောင်ယောက်က ပြောလိုက်သည်။

"ကျေးဇူးတင်ပါတယ် သခင်လေး၊ ဇီချုံက
သခင်လေးအလိုအတိုင်း အစွမ်းကုန်ကြိုးစားပါမယ်"

စုဇီချုံက ဝမ်းသာပျော်ရွှင်စွာဖြင့် ပြောလိုက်သည်။

ခရမ်းရောင်အိမ်တော် မြင့်မြတ်နယ်မြေ၏
ဂုဏ်သိက္ခာရှိသော သူတော်စင်က
တခြားတစ်ယောက်ထံတွင်
ကျွန်မိန်းကလေးဖြစ်လာသည့်အတွက်
စိတ်လှုပ်ရှားနေမည်ကို စိတ်ကူးရန်ပင် ခက်ခဲသည်။

တစ်ဖက်တွင် နာလန်လော်ရှီး၏ လှပသော မျက်နှာက ညှိုးငယ်နေသည်။

သူမ၏ စိတ်ထဲတွင်တော့ ကျွင်းရှောင်ယောက်နောက်ကို အမှန်တကယ် လိုက်ချင်မိလေသည်။

နောက်ဆုံးမှာတော့ ထိုသို့ ပြီးပြည့်စုံသူမျိုးကို ဘယ်သူက မနှစ်သက်ဘဲ နေမှာလဲ။

ကျွင်းရှောင်ယောက်၏ ဆုံးဖြတ်ချက်က နာလန်ကျန်းကို အလွန်စိတ်လှုပ်ရှားစေသည်။

ကျွင်းရှောင်ယောက်သည် နာလန်မိသားစုကို

ကူညီနေမှန်း သူသိ၏။

အင်မော်တယ်နယ်မြေကြီးရှိ ကျင့်ကြံသူများ
နှစ်တစ်ရာကျွန်ခံခြင်းကို ထည့်မတွက်လျှင်ပင်
အောက်ကမ္ဘာရှိ ခရမ်းရောင်အိမ်တော်
မြင့်မြတ်နယ်မြေက အလွန်အားကောင်းသော
အင်အားစုတစ်ခု ဖြစ်သည်။

အနာဂတ်တွင် နာလန်မိသားစုက
အရှေ့ဆန်းကျယ်ဒေသကြီးရှိ
ထိပ်တန်းမိသားစုသာမကဘဲ
ဆန်းကျယ်ကောင်းကင်တိုက်ကြီးတစ်ခုလုံးမှာပင်
ထိပ်တန်းတစ်ခု ဖြစ်လာပေလိမ့်မည်။

နာလန်မိသားစုမှလူများလည်း ၎င်းတို့၏အနာဂတ်ကို
မှန်းဆကာ အလွန်စိတ်လှုပ်ရှားကြနေကြတော့သည်။

နာလန်လော်ရှီးတစ်ဦးသာ မျက်နှာညိုးငယ်နေခဲ့သည်။

ကျွင်းရှောင်ယောက်အတွက် သူမသည်
လမ်းသွားလမ်းလာ တစ်ဦးထက် မပိုပေ။

ကျွင်းရှောင်ယောက်က အင်မော်တယ်နယ်မြေကြီးသို့
ပြန်ရောက်သွားပြီး မကြာမီပင် သူမကို
မေ့သွားပေလိမ့်မည်။

နာလန်လော်ရှီးကတော့ သူမကို
ဘာလုပ်ပေးဦးမလဲဆိုတာ မမေးတော့ပေ။

ဖြတ်လျှောက်တစ်ဦးအဖို့ အလိုက်တသိ
နေရုံသာရှိသည်။

ကျွင်းရှောင်ယောက်က နာလန်လော်ရှီးကိုကြည့်ကာ ခဏစဉ်းစားပြီးနောက် ပြောလိုက်သည်။

"လင်းဖုန်းလို လူမျိုးအပြင် မင်း နာလန်လော်ရှီးရဲ့ အရည်အချင်းကလည်း ဆန်းကျယ်ကောင်းကင်တိုက်ကြီးမှာ ထိပ်တန်းအဆင့်လို့ သတ်မှတ်နိုင်တယ်။ ဒါကြောင့် ငါပြန်တဲ့အခါ မင်းကို အင်မော်တယ်နယ်မြေကြီးဆီ ခေါ်သွားပေးမယ်"

"တကယ်ပဲလား"

နာလန်လော်ရှီး စိတ်လှုပ်ရှားသွား၏။

"အင်း"

ကျွင်းရှောင်ယောက်က အနည်းငယ် ခေါင်းညိတ်လိုက်သည်။

ဤအောက်ကမ္ဘာရှိ သဘာဝစည်းမျဉ်းများက နာလန်လော်ရှီး၏ အရည်အချင်းများကို ကန့်သတ်ထားလေသည်။

အကယ်၍ သူမသာ အင်မော်တယ်နယ်မြေကြီးတွင် ရှိနေပါက ကျွင်းကျန်းကျန့်နှင့် ကျွင်းရွှယ်ဟွမ်တို့ကို မယှဉ်နိုင်လျှင်ပင် ကျွင်းလင်းလုံနီးပါး တော်နေပေလိမ့်မည်။

"လော်ရှီးက သခင်လေးကို ကျေးဇူးအများကြီး တင်ပါတယ်"

နာလန်လော်ရှီး အလွန်ပျော်ရွှင်သွားခဲ့စည်။ သူမ၏နှလုံးသားမှာတော့ ပျားရည်စားလိုက်ရခြင်းထက် ပိုမို ချိုမြိန်နေတော့သည်။

ကျွင်းရှောင်ယောက်၏ နောက်ခံကို
တစ်ခေါက်မြင်နိုင်လျှင် သူမအတွက်တော့
ကျေနပ်စရာဖြစ်သည်။

နာလန်ကျန်းနှင့် အခြားသူများလည်း
အလွန်ဝမ်းသာသွားကြလေသည်။

ယင်းက နာလန်မိသားစုအတွက်
ကျွင်းရှောင်ယောက်၏ပေါင်ကို တင်းတင်းကြပ်ကြပ်
ဖက်ထားနိုင်ခြင်းနှင့် မခြားတော့ပေ။

ကိစ္စများကို ဖြေရှင်းပြီးနောက်
ကျွင်းရှောင်ယောက်သည် အခန်းထဲတွင်
တစ်ယောက်တည်းနေပြီး ကမ္ဘာ့မူလကို
စတင်လေ့လာလိုက်သည်။

ဤကမ္ဘာ့မူလက သေးလေးကပင် လင်းဖုန်းကဲ့သို့ မွန်းစတားတစ်ကောင်ကို မွေးထုတ်ပေးနိုင်သည်။

ကမ္ဘာ့မူလအစုံသာဆိုလျှင် ဘယ်လောက်ထိ အစွမ်းထက်မည်မှန်း တွေးကြည့်ရန်ပင် မလွယ်ပေ။

'ကမ္ဘာ့မူလကို အင်မော်တယ်မျိုးစေ့အဖြစ် အသုံးပြုဖို့ပြောခဲ့တာ အံ့သြစရာမရှိတော့ပါဘူး။ ဒီကမ္ဘာ့မူလက တကယ်ကို အတိုင်းအဆမရှိဘူး'

ကျွင်းရှောင်ယောက်က တွေးလိုက်သည်။

သို့ရာတွင် အနည်းငယ်တုံ့ဆိုင်းနေ၏။

ဤကမ္ဘာ့မူလကို အင်မော်တယ်မျိုးစေ့အဖြစ်

အမှန်တကယ် အသုံးပြုသင့်ပါရဲ့လား။

ကမ္ဘာဖြစ်တ်လာသူတစ်ယောက်အနေဖြင့် သူသည် လုပ်ရိုးလုပ်စဉ်အချို့ကို သဘာဝအတိုင်း နားလည်သည်။

တကယ့် သန်မာသူက သူ့ကိုယ်သူ မျိုးစေ့အဖြစ် အသုံးမပြုသင့်ဘူးလား။

ဆိုလိုသည်မှာ ခန္ဓာကိုယ်ကလည်း မျိုးစေ့တစ်မျိုး ဖြစ်သည်။

အခြားဝိညာဉ်မျိုးစေ့များ၊ အင်မော်တယ်မျိုးစေ့များက ဘယ်လောက်ထိ ကောင်းနေပါစေ၊ နောက်ဆုံးတော့ ပြင်ပအရာဖြစ်နေဆဲပင်။

ပြင်ပအရာများကို မျိုးစေ့အဖြစ်သုံးလျှင်
ပြင်ပအရာများ၏ တာအိုကိုသာ
ငှားယူအသုံးပြုနိုင်သည်။

ကိုယ်ခန္ဓာကို မျိုးစေ့အဖြစ် အသုံးပြုခြင်းကမှ
မိမိကိုယ်ပိုင်လမ်းစဥ် ဖြစ်သည်။

ဟုတ်ပေသည်၊ ယင်းက မဖြစ်နိုင်သလောက်ရှိသည့်
လမ်းစဥ်တစ်ခု ဖြစ်သည်။

ဤင်းကသာ ဤမျှလွယ်ကူနေလျှင် ရှေးကတည်းက
အသုံးပြုကျ၍ ကျွင်းရှောင်ယောက်အတွက်လည်း
အသစ်အဆန်းဖြစ်နေမည် မဟုတ်ပါ။

'ငါ့ခန္ဓာကိုယ်ကို ငါ့မျိုးစေ့အဖြစ်ယူပြီး ငါ့ရဲ့လမ်းကို

ငါဖန်တီးမယ်'

ကျွင်းရှောင်ယောက်၏ မျက်လုံးများက
တဖြည်းဖြည်းတောက်ပလာတော့သည်။

-------

အခန်း ( ၁၇၂ ) လက်မှတ်ထိုးဝင်ရန် နေရာအသစ်၊
လူစွမ်းကောင်း ယဇ်ပလ္လင်၊
အက်ကြောင်းဆယ်ခုလောက၊
ဇာတ်ကောင်လင်းဖုန်း၏ ကံကောင်းပုံ။

မျိုးစေ့အဖြစ်ခံယူခြင်းသည် အပြောလွယ်သလောက်
အလုပ်ခက်သည်။

ကျွင်းရှောင်ယောက်အနေဖြင့် ယခုအချိန်အထိ

ဘာသဲလွန်စမှ မရှိသေးပေ။

သို့သော်လည်း သူသည် အကြောင်းရာများကို ရှင်းရှင်းလင်းလင်း နားလည်နေခဲ့ပြီ ဖြစ်သည်။

ဝိညာဉ်မျိုးစေ့များ၊ အင်မော်တယ်မျိုးစေ့များ အားလုံးက ကောင်းကင်နှင့်မြေပြင်ကြားတွင် မွေးဖွားကြသည်။

ထို့ကြောင့် ၎င်းတို့ထံမှရယူထားသော စွမ်းအားများကလည်း နောက်ဆုံးတွင် ကောင်းကင်နှင့်မြေပြင်၏ သဘာဝစည်းမျဉ်းများဖြင့် ချည်နှောင်ခံထားရဆဲပင်။

သို့ရာတွင် ခန္ဓာကိုယ်ကို မျိုးစေ့အဖြစ်အသုံးပြုခြင်းက ပြင်ပအရာများကို အားကိုးခြင်းမဟုတ်ဘဲ

မိမိကိုယ်တိုင်သာ ဖြစ်သည်။

သင်ကိုယ်တိုင်ကသာ အသန်မာဆုံး
အင်မော်တယ်မျိုးစေ့ ဖြစ်ချေသည်။

ထို့နောက် ကိုယ့်လမ်းကိုယ်ဖောက်ပြီး မယုံနိုင်စရာ
အနေအထားတစ်ခုသို့ ရောက်နိုင်သည်။

ဤလမ်းက ကောင်းကင်နှင့်မြေပြင်၏
သဘာဝစည်းမျဉ်းများနှင့် မသက်ဆိုင်ပေ။

အစိပ္ပာယ်က တကယ်အောင်မြင်ခဲ့လျှင်
ကျွင်းရှောင်ယောက်က သဘာဝစည်းမျဉ်းများထက်
သာလွန်နေခဲ့မည် ဖြစ်သည်။

အင်မော်တယ်နယ်မြေကြီးက လှုပ်ခတ်လာလျှင်
သို့မဟုတ် အနာဂတ်တွင်
ပျက်ဆီးသွားခဲ့မည်ဆိုလျှင်ပင် ၎င်းက သူ့ကို
ထိခိုက်စေမည်မဟုတ်ပါချေ။

၎င်းက ဓာတ်ကြီးငါးပါးသာမကဘဲ လောကသုံးပါးမှ
ခုန်ထွက်ခြင်းဟု ခေါ်နိုင်သည်။

"ဒီလမ်းကြောင်း ခက်ခဲတယ်၊ ဒါပေမယ့်
အောင်မြင်ခဲ့ရင် ငါ့ရဲ့ ခွန်အားနဲ့ အလားအလာက
ခန့်မှန်းလို့မရနိုင်ဘူး"
ကျွင်းရှောင်ယောက်က ရေရွတ်လိုက်သည်။

လက်ရှိ သူသည် ပြိုင်ဘက်ကင်းသကဲ့သို့ဖြစ်ပြီး
သူ၏ရွယ်တူ မျိုးဆက်သစ်များကြားတွင်
ပြိုင်ဘက်ရှာတွေ့ရန်ပင် မလွယ်ပေ။

သို့တိုင် ကျွင်းရှောင်ယောက်က မကျေနပ်သေးပါ။

သူသည် မျိုးဆက်သစ်များကြား၌
ပြိုင်ဘက်ကင်းရှိသာမကဘဲ
မျိုးဆက်ဟောင်းများကိုပင် အမီလိုက်လိုသည်။

အဆုံးတွင် မဟာဧကရာဇ်မင်းနှင့်ပင် ပုခုံးချင်းယှဉ်ပြီး
အစစ်အမှန်အင်မော်တယ် ဖြစ်လာချင်သည်။

"ငါ့ရဲ့ အရည်အချင်းက ရှေးခေတ်နဲ့
မျက်မှောက်ခေတ်မှာ အတုမဲ့တယ်၊ တကယ်လို့
ငါ့မျိုးစေနဲ့ လမ်းသစ်ဖွင့်လိုက်ရရင်..."

ကျွင်းရှောင်ယောက်၏ မျက်လုံးများတွင်
မီးတောက်တစ်ခုက လောင်ကျွမ်းသွားသည်။

အခြေအနေများကို ဆုံးဖြတ်ပြီးနောက်
ကျွင်းရှောင်ယောက်သည် နောက်အစီအစဉ်ကို
စတင်ပြင်ဆင်လိုက်သည်။

သူ့အနေဖြင့် ကမ္ဘာ့မူလကို စုဆောင်းနိုင်ရန်
လိုသေးသည်။

နောက်ဆုံးတွင် မိုးနှင့်မြေကြား၌ ၎င်းက
အလွန်ရှားပါးသည့် အရာဖြစ်သည်။

ယင်းကို အင်မော်တယ်မျိုးစေ့အဖြစ်
အသုံးမပြုသော်လည်း
၎င်း၏ကိုယ်ပိုင်လမ်းကိုဖွင့်ရာတွင် ၎င်းကို
အကူပစ္စည်းအဖြစ်နှင့် အသုံးပြုနိုင်သည်။

"အခုလုပ်ရမှာက
ထိပ်တန်းအပြစ်သားဆယ်ယောက်ကို နှိမ်နင်းဖို့၊
ဗလာကျမ်းကို ရှာဖို့ပဲ၊ အိမ်း... ကျွင်းဝမ်ကျဲရဲ့
ညီမလေးလည်း ရှိသေးတယ်"

ကျွင်းရှောင်ယောက်က အစီအစဉ်ကို
ခွဲထုတ်လိုက်သည်။

ဆန်းကျယ်ကောင်းကင်တိုက်ကြီးတွင်
မဟာအပြစ်သားဆယ်ဦး၏ ခြေရာလက်ရာများကို
မမြင်ရပေ။

၎င်းတို့က ဤနေရာတွင် ဖိနှိပ်ထားခြင်းမဟုတ်ကြောင်း
ထင်ရှားသည်။

ဗလာကျမ်း ဒုတိယအတွဲနှင့် ကျွင်းဝမ်ကျဲ၏
ညီမလေးအတွက်ကတော့ ကျွင်းရှောင်ယောက်သည်

နာလန်မိသားစု၊
ဆန်းကျယ်ကောင်းကင်တာအိုဂိုဏ်းနှင့်
ခရမ်းရောင်အိမ်တော် မြင့်မြတ်နယ်မြေတို့
အင်အားစုသုံးခုကို ရှာဖွေစေရမည် ဖြစ်သည်။

၎င်းတို့၏ ဩဇာအာဏာဖြင့်
အစွမ်းကုန်ရှာဖွေမည်ဆိုပါက
ဆန်းကျယ်ကောင်းကင်တိုက်ကြီး၏
ဒေသလေးခုစလုံးကိုပင် လွှမ်းမိုးနိုင်စွမ်း ရှိပေမည်။

ဆန်းကျယ်ကောင်းကင်တိုက်ကြီးတွင်
ရှာမတွေ့လျှင်တော့ အောက်ကမ္ဘာများ၏
အခြားတစ်နေရာတွင် ရှိနေခြင်းသာ ဖြစ်နိုင်သည်။

ထို့နောက် ကျွင်းရှောင်ယောက်သည်
တုန်ရှမ်ဘိုးဘေးနှင့် အခြားသူများကိုခေါ်ပြီး

အောက်ကမ္ဘာနှင့်ပတ်သက်သည်များအား
မေးမြန်းခဲ့သည်။

ထိုအထဲတွင် မိုးနှင့်မြေ၏
လျှို့ဝှက်လောကများအကြောင်းလည်း
ပါဝင်လေသည်။

အကြောင်းမှာ သင့်ခန္ဓာကိုယ်ကို
မျိုးစေ့အဖြစ်အသုံးပြုလိုပါက အရန်နည်းလမ်း
အမျိုးမျိုးရှိထားရန် လိုအပ်သောကြောင့်ပင်
ဖြစ်သည်။

မိုးနှင့်မြေ၏ လျှို့ဝှက်လောကမှာလည်း ၎င်းတို့ထဲမှ
တစ်ခု ဖြစ်ချေသည်။

ထိုအခါ တုန်ရှုမ်ဘိုးဘေးတို့ သုံးယောက်စလုံးက

တညီတညွတ်တည်း ပြောလာသောအရာသည်
ကျွင်းရှောင်ယောက်ကို အံ့အားသင့်စေသည်။
ဘိုးဘေးသုံးယောက်က တစ်ခဲနက် တစ်ခဲနက်
ပြောနေကြတာပါ။

အက်ကြောင်းလောကဆယ်ခု။

"အက်ကြောင်းလောကဆယ်ခု၊ အဲဒါ ဘယ်မှာလဲ"
ကျွင်းရှောင်ယောက်က မေးလိုက်သည်။

"သခင်လေး၊ ကောလဟာလတွေအရ
အက်ကြောင်းဆယ်ခု လောကဟာ
အောက်ကမ္ဘာဆယ်ခုရဲ့ ကမ္ဘ ကံကောင်းခြင်းတွေကို
စုဆောင်းထားတဲ့နေရာပါ"

"ကောလဟာလတွေအရ အဲဒီမှာ

လူစွမ်းကောင်းယာဇ်ပလ္လင်ရှိပါတယ်၊ လက်ရှိအချိန်ထိ မရေမတွက်နိုင်တဲ့ ပါရမီရှင်တွေဟာ ပလ္လင်ပေါ်မှာထိုင်ပြီး အထူးကဲဆုံးလမ်းစဉ်တွေကို ဖောက်လုပ်ချင်ခဲ့ပေမဲ့ ဘယ်သူမှ မအောင်မြင်ကြသေးပါဘူး။ အဲဒီအစား သူတို့ရဲ့ ခန္ဓာနဲ့ စိတ်ဝိညာဉ်တောင် လူစွမ်းကောင်း ယဇ်ပလ္လင်မှာ ထာဝရ အကျဉ်းချခံခဲ့ရပါတယ်"

တုန်ရှမ်ဘိုးဘေးက လေးလေးနက်နက် ပြောလိုက်သည်။

ရင်းပင် ထိုကောလာဟလများကို အလွန်စိုးရိမ်နေကြောင်း ထင်ရှားသည်။

"ဒီလိုအရာမျိုးရှိတာလား"

ကျွင်းရှောင်ယောက် အံ့သြသွားသည်။

အောက်ကမ္ဘာတွင် ထိုကဲ့သို့ လျှို့ဝှက်ဆန်းကြယ်သော နေရာတစ်ခုရှိမည်ဟု မမျှော်လင့်ထားခဲ့ပေ။

ထိုအချိန်တွင် စနစ်အသံက ကျွင်းရှောင်ယောက်၏ စိတ်ထဲ၌ ထွက်ပေါ်လာသည်။

"ဂုဏ်ယူပါတယ် ပိုင်ရှင်၊ လက်မှတ်ထိုးဝင်ဖို့ တည်နေရာအသစ်ကို ပြန်လည်ဆန်းသစ်ပြီးပါပြီ၊ ကျေးဇူးပြုပြီး လူစွမ်းကောင်းဝိညာဉ်ယဇ်ပလ္လင်မှာ ကျေးဇူးပြု၍ လက်မှတ်ထိုးဝင်ပါ"

ကျွင်းရှောင်ယောက်၏မျက်လုံးက အရောင်လက်သွားကာ မေးလိုက်သည်။

"အက်ကြောင်းဆယ်ခုလောက က ဘယ်မှာလဲ"

တုန်ရှမ်ဘိုးဘေးက ခေါင်းကိုခါယမ်းပြီး

ပြောလိုက်သည်။

"ငါမသိဘူး၊ အက်ကြောင်းဆယ်ခုလောကို ရှာတွေ့နိုင်တဲ့သူက လုံးဝကို ထူးချွန်ပြီး ကံကောင်းတဲ့လူပဲ"

"အင်း"

ကျွင်းရှောင်ယောက်က ခေါင်းညိတ်လိုက်သည်။

မည်သို့ဆိုစေ သူက အောက်ကမ္ဘာတွင် ခဏနေဦးမည်ဖြစ်သောကြောင့် အလျင်စလိုမဖြစ်ပါချေ။

.........

နောက်ရက်အနည်းငယ်ကြာသောအခါ

နာလန်မိသားစုတွင် ဖြစ်ပျက်ခဲ့သော
အဖြစ်အပျက်များက
အရှေ့ဆန်းကျယ်ဒေသသာမကဘဲ
ဆန်းကျယ်ကောင်းကင်တိုက်ကြီး တစ်ခုလုံးသို့
ပျံ့နှံ့သွားခဲ့သည်။

အင်မော်တယ်နယ်မြေကြီးမှ
အလွန်ကြောက်စရာကောင်းသော တည်ရှိမှုတစ်ခုသည်
အောက်ကမ္ဘာသို့ ရောက်လာခဲ့၏။

သူမရောက်မီက ခရမ်းရောင်အိမ်တော်
မြင့်မြတ်နယ်မြေက အလွန်လွှမ်းမိုးနိုင်စွမ်းရှိကာ
အားလုံး ကြောက်နေခဲ့ရသည်။

ထိုအချိန်တွင် အနှီပုဂ္ဂိုလ်ရောက်လာပြီး
မောက်မာနေသောလင်းဖုန်းကို

လက်ဝါးတစ်ချက်တည်းဖြင့် ရိုက်ချလိုက်၏။

ဤသတင်းက ပြင်းအား အဆင့်ဆယ့်ရှစ်ရှိသော
လေပြင်းတစ်ခုကဲ့သို့
ဆန်းကျယ်ကောင်းကင်တိုက်ကြီးတစ်ခုလုံးကို
တုန်လှုပ်သွားစေသည်ဟု ဆိုနိုင်သည်။

အင်မော်တယ်နယ်မြေကြီးတွင် ငယ်ငယ်ရွယ်ရွယ်နှင့်
ထိုမျှအစွမ်းထက်သော လူငယ်တစ်ဦးရှိနေမည်ဟု
ဘယ်သူမှ ထင်မထားခဲ့ပေ။

ဆန်းကျယ်ကောင်းကင်တိုက်ကြီး၊
ဗဟိုကန့်သတ်နယ်မြေ။

ဤနေရာသည် အရှေ့ဆန်းကျယ်ဒေသ၊
အနောက်ဆန်းကျယ်ဒေသ၊

မြောက်ပိုင်းဆန်းကျယ်ဒေသနှင့်
တောင်ပိုင်းဆန်းကျယ်ဒေသ၏ လမ်းလယ်ဆုံတွင်
တည်ရှိသည်။

ယင်းက လမ်းကြောင်းအားလုံးအတွက်
တားမြစ်နယ်မြေတစ်ခု ဖြစ်ချေသည်။

လူသားမျိုးနွယ်၏ မြင့်မြတ်နယ်မြေဖြစ်သော
လျှို့ဝှက်မိသားစုပင်လျှင် ဤကန့်သတ်နယ်မြေကို
အလွန်ကြောက်ရသည်။

အကြောင်းမှုကား ထိုနေရာသည်
ရှေးဟောင်းသက်ရှိများနေသည့် ချန်ထျန်းတောင်တန်း
ဖြစ်နေသောကြောင့်ပင်။

အကယ်၍ လူသားမျိုးနွယ်သာ ဝင်ရောက်သွားခဲ့ပါက

အသက်ရှင်လျက် ပြန်လာနိုင်ရန် နည်းလမ်းမရှိပါချေ။

ထိုအချိန်၊ ချင်ထျန်းတောင်တန်းအပြင်ဘက်တွင် အဇူရာတောင်ပံများနှင့် သက်ရှိတစ်စု စကားပြောဆိုနေသည်။

"အောက်ကမ္ဘာကို ဆင်းသက်လာတဲ့ လူသားပါရမီရှင်က အရမ်းအစွမ်းထက်တယ်လား"

"ဟုတ်တယ်၊ ငါတို့ရှေးဟောင်းမျိုးနွယ်ရဲ့ ပါရမီရှင်က မရှိသေးဘူး"

"အင်မော်တယ်နယ်မြေကြီးက ငါတို့ပါရမီရှင်မပြောနဲ့ သခင်ပင်းဖေးနဲ့ ပင်းလင်းကတောင် အင်မော်တယိနယ်မြေကြီးရဲ့ လူသားပါရမီရှင်တွေကို ဖြေရှင်းဖို့အတွက် လုံလောက်တယ်"

ကျောပေါ်တွင် မိုးပြာရောင်အတောင်ပံများပါသော ဤသက်ရှိများက ချင်ထျန်းမြင့်မြတ်တောင်တန်းမှ ချင်ထျန်းမဟာပန်မျိုးနွယ်ဝင်များ ဖြစ်သည်။

ဤမျိုးနွယ်က ရွှေတောင်ပန်မဟာဂဠုန် သွေးမျိုးဆက်ရှိသောကြောင့် အောက်ကမ္ဘာတွင် တော်ဝင်မိသားစုများ ဖြစ်ခဲ့ကြပေသည်။

အောက်ကမ္ဘာတွင်
ရှေးဟောင်းတော်ဝင်မိသားစုများကြားက
အထွတ်အထိပ်သို့ ရောက်ရှိနေခဲ့ပြီ ဖြစ်သည်။

လက်ရှိမှာတော့ ၎င်းတို့သည် အရှေ့မှ မောင်နှမကို ကြည့်နေသည်။

၎င်းတို့က ပန်ဖေးနှင့် ပန်လင်းဖြစ်ပြီး ချင်ထျန်းတောင်တန်း၏ ထိပ်တန်း ပါရမီရှင်များ ဖြစ်ချေသည်။

၎င်းတို့သည် အောက်ကမ္ဘာသို့ ဆင်းသက်လာသော လူသားမျိုးနွယ် ပါရမီရှင်အချို့ကိုပင် အနိုင်ယူခဲ့ဖူးသည်။

"အဲဒီလူငယ်က ဘယ်ကလာတာလဲ၊ သူက ဒီလောက်တောင် နာမည်ကြီးနေတာလား"

ပန်လင်းက ရေရွတ်လိုက်သည်။

သူမက မိုးပြာရောင်ဆံပင်တိုတိုနှင့် မိုးပြာရောင်အတောင်ပံများရှိကာ သွယ်လျသော ရုပ်သွင်မျိုးရှိသည်။

တစ်ဖက်မှာတော့ သူမ၏အစ်ကိုဖြစ်သူ ပန်ဖေးက သန်မာသောခန္ဓာရှိကာ မိုးပြာရောင် ဆံပင်ရှည်နှင့် ဓားကဲ့သို့ စူးရှထက်မြက်သော မျက်လုံးများရှိသည်။

ပန်ဖေးက ပြောလေသည်။

"ကျုပ်ရဲ့ ရည်မှန်းချက်ကတော့ အထက်ကမ္ဘာ အင်မော်တယ်နယ်မြေကြီးမှာရှိတဲ့ သန့်စင်တောင်တန်းက ရွှေတောင်ပံမဟာဂဠုန်မျိုးနွယ်ပဲ"

"အင်မော်တယ်နယ်မြေကြီးကို ဝင်ခွင့်ရမယ်ဆိုရင်တော့ ရွှေတောင်ပံဘုရင် ရှောင်ပန်ကို သွားတွေ့ချင်မိတယ်"

"ဟုတ်တယ်၊ ရွှေတောင်ပံဘုရင် ရှောင်ပန်က အရအရမ်းသန်တယ်လို့ကြားတယ်"

ပန်လင်းကလည်း စူးစမ်းလိုစိတ်ဖြင့် ပြောလိုက်သည်။

၎င်းတို့ မိုးပြာရောင်တောင်ပံ ချင်ထျန်းမျိုးနွယ်စုက
ရွှေတောင်ပံဂဠုန်သွေးမျိုးဆက်
တစ်စိတ်တစ်ပိုင်းသာပါသော်လည်း
အလွန်အစွမ်းထက်နေခဲ့ပြီ ဖြစ်သည်။

အကယ်၍ တကယ်ရွှေတောင်ပံဂဠုန်များဆိုလျှင်
ဘယ်လောက်ထိ အစွမ်းထက်မည်မှန်း
တွေးကြည့်ရန်ပင် မလွယ်ပေ။

"ဟမ့်၊ ဘာပဲဖြစ်ဖြစ် သူက
အင်မော်တယ်နယ်မြေကြီးက ပါရမီရှင်ဆိုသူတွေထက်
ပိုအစွမ်းထက်တယ်"
ပန်ဖေးက ပြောလိုက်သည်။

ထိုအခိုက်တွင်ပင် ပန်လင်းက ရုတ်တရက် တစ်နေရာသို့ လက်ညိုးညွှန်ပြီး ပြောလိုက်သည်။

“ကြည့်စမ်း၊ ဟိုမှာ လူတစ်ယောက်ရှိနေတယ်”

၎င်းတို့ လှမ်းကြည့်ကြသောအခါ လူတစ်ယောက်ဖြစ်ကြောင်း သိလိုက်ရ၏။

"လူသားမျိုးနွယ်၊ သတ်"

ပန်ဖေးက အေးစက်စက်ဖြင့် ပြောလိုက်သည်။

"အို့၊ အဲဒီလူသားက လင်းဖုန်းနဲ့တူတယ်"

ပန်လင်းက အံ့အားသင့်စွာ ပြောလိုက်၏။

လွန်ခဲ့သည့်နှစ်တွင် လင်းဖုန်းက ဒဏ္ဍာရီဆန်ဆန် တိုးတက်လာခြင်းဖြစ်ပေရာ

လူသားမျိုးနွယ်သာမကဘဲ
ချင်ထျန်းတောင်တန်းကြီးပင် သိရှိနေခဲ့ကြပေသည်။

"အပွတ်… အပွတ်"

ထိုအချိန်တွင် လင်းဖုန်းက လက်တစ်ဖက်မရှိတော့ဘဲ
သွေးအလူးလူးဖြစ်နေကာ ချောင်းဆိုးလိုက်သည်။

"အစ်ကို၊ ရှင် သူ့ကို တကယ်သတ်မှာလား"

ပန်လင်းက အနည်းငယ် တုံ့ဆိုင်းသွား၏။

"သူက လူသားအဓိပဓိငယ်နဲ့ တိုက်ခိုက်ခဲ့သူ
ဖြစ်ရမယ်၊ သူ့အသက်ကို ကယ်တင်ပြီး အခြေအနေကို
ကြည့်ရအောင်"

ပန်ဖေးက ပြောလိုက်သည်။

ထို့နောက်တော့ ချင်ထျန်းမြင့်မြတ်တောင်တန်းမှ ဤသက်ရှိတစ်စုလည်း လင်းဖုန်းကို ကယ်တင်သွားကြတော့သည်။

အကယ်၍ ကျွင်းရှောင်ယောက်သာ ဤနေရာတွင် ရှိနေပါက လင်းဖုန်း၏ ကံကောင်းခြင်းအတွက် သေချာပေါက် သက်ပြင်းချမိပေလိမ့်မည်။

ဆန်းကျယ်ကောင်းကင်တိုက်ကြီးရှိ ကံကြမ္မာ ဇာတ်ဆောင်ဆိုသည့်တိုင်း သေလုမျောပါး အခြေအနေ၌ပင် အလှည့်အပြောင်းတစ်ခုနှင့် ကြုံတွေ့ခဲ့ရပါသေးသည်။

--------

အခန်း ( ၁၇၃ ) ကြယ်တာရာတိုက်ကြီး၊

အပြစ်သားများပုန်ကန်ခြင်း၊
ကောင်းကင်ကြမ္မာသားတော် မိုဖန်း၏ လက်စားချေပုံ။

ချင်ထျန်းတောင်တန်းမှ သက်ရှိများ၏
ကယ်တင်ခံပြီးနောက် လင်းဖုန်း သတိပြန်ရလာသည်။

ပန်ဖေး၊ ပန်လင်းနှင့် အခြားသူများကလည်း သူ့အား
များစွာသော အကြောင်းအရာများကို မေးမြန်းခဲ့၏။

နောက်ပိုင်းတွင်ကား လင်းဖုန်းသည် လင်းမျိုးနွယ်စု
ဖျက်ဆီးခံရကြောင်း သတင်းကို
သိရှိသွားခဲ့လေတော့သည်။

သူ့တစ်မိသားစုလုံးတွင် မည်သူမျှ မကျန်ရစ်ခဲ့ဘဲ
သူ့ဖခင် လင်းကျန်းထျန်းလည်း ရက်ရက်စက်စက်
အသတ်ခံလိုက်ရသည်။

ဤအရာက လင်းဖုန်း၏မျက်လုံးများကို နီရဲစေပြီး ဒေါသချောင်းချောင်းထွက်ကာ ကျွင်းရှောင်ယောက်ကို အစိတ်စိတ်တစ်သောင်းအဖြစ် ရိုက်ချိုးပစ်လိုစိတ်များလည်း မြင့်တက်လာတော့သည်။

သူ့စိတ်ထဲတွင် ပို၍ သန်မာလိုစိတ်များလည်း ပြင်းပြလာခဲ့သည်။

ကျွင်းရှောင်ယောက်ကတော့ လင်းဖုန်း၏ ကံကြမ္မာကို မသိပါ။

သိနေရင်တောင် သူ့နှလုံးသားထဲတွင် အပြောင်းအလဲရှိမည် မဟုတ်ပေ။

ကျွင်းရှောင်ယောက်သာ ဇာတ်ဆောင်ဖြစ်ဖို့
တံဆိပ်ရိုက်ခံထားရသူ ဖြစ်သည်။

ရှောင်ချန်းနှင့် ရန်ပန်ကဲ့သို့ လင်းဖုန်းကလည်း
ထူးခြားမှုရှိမည် မဟုတ်ပါချေ။

ထို့ပြင် ကျွင်းရှောင်ယောက်တွင် လုပ်စရာအများကြီး
ကျန်သေးသောကြောင့်
လင်းဖုန်းတစ်ယောက်တည်းအပေါ် အာရုံစိုက်ထားဖို့
မဖြစ်နိုင်ပါချေ။

တစ်ချိန်တည်းမှာပင်။

အောက်ကမ္ဘာဆယ်ခုရှိ
အခြားတိုက်ကြီးတစ်ခုဖြစ်သော
ကြယ်တာရာတိုက်ကြီးတွင်...

အောက်ကမ္ဘာဆယ်ခုတွင် ကြယ်တာရာတိုက်ကြီးက
အလွန်ထူးခြားသည်။

အကြောင်းမှာ ရှေးယခင်က
ကြယ်တာရာတိုက်ကြီးတွင်
ကြယ်တာရာကေရာဇ်ဟုခေါ်သော ပုဂ္ဂိုလ်တစ်ဦး
ရှိခဲ့ဖူးသည်ဟု ကောလဟာလများ
ရှိနေခဲ့သောကြောင့်ပင် ဖြစ်သည်။

တစ်ချိန်က သူဖန်တီးခဲ့သော
ဝူကျိုကြယ်နန်းတော်သည်
ကြယ်တာရာတိုက်ကြီးတစ်ခုလုံးကို အုပ်ချုပ်ခဲ့၏။

ထိုမျှသာမကဘဲ ကြယ်တာရာကေရာဇ်က
အဆုံးမဲ့အခြေအနေကို လှုံ့ဆော်ပေးကာ

အင်မော်တယ်နယ်မြေကြီးသို့ ပျံသန်းသွားခဲ့သည်။

သူ့လက်ထဲတွင် ရှုံးနိမ့်ခဲ့သော အဓိပဓိများကလည်း လက်ဆယ်ချောင်းထက် မနည်းပေ။

အဆုံးတွင် သူက မဟာပုဂ္ဂိုလ်ကြီးများကိုပင် အပြစ်ပြုခဲ့သောကြောင့် ဝိုင်းဝန်း တိုက်ခိုက်ခံရကာ သေဆုံးသွားခဲ့ရပေသည်။

အောက်ကမ္ဘာရှိ ဝူကျိုကြယ်နန်းတော်သည်လည်း ပြင်းထန်သော ထိုးနှက်ချက်ကြောင့် ထိခိုက်ခဲ့ပြီး ထိုအချိန်မှစ၍
ပြန်လည်ကောင်းမွန်လာခြင်းမရှိတော့ပါချေ။

ကြယ်တာရာကေရာဇ် ကျဆုံးခြင်းနှင့်အတူ ကြယ်တာရာတိုက်ကြီးတစ်ခုလုံးလည်း

ကျဆင်းသွားခဲ့သည်။

ဤခံစားချက်မျိုးသည် ကြယ်တာရာကေရာဇ်က ကမ္ဘာအတွက် ကံကောင်းခြင်းကို စုဆောင်းပေးသူနှင့် ဆင်တူသည်။

သူ၏ကျဆုံးခြင်းက ကြယ်တာရာတိုက်ကြီးတစ်ခုလုံး၏ ကံကောင်းခြင်းများကို ဖြတ်တောက်ပစ်သလို ဖြစ်ခဲ့ရပေသည်။

ယခုအချိန်မှာတော့ ကြယ်တာရာတိုက်ကြီးပေါ်တွင် ရှားရှားပါးပါး စစ်ပွဲကြီးတစ်ခု ဖြစ်ပွားနေသည်။

တစ်ဖက်က ဆန်းကျယ်ကောင်းကင်ဂိုဏ်းဖြစ်သည်။

၎င်းတို့သည် ကျွင်းမိသားစုက
ရှေးဟောင်းမျိုးနွယ်စု၏
နောက်လိုက်ဆယ်ယောက်ထဲမှ တစ်ဦးကို ဖိနှိပ်ရန်
အောက်ကမ္ဘာသို့ စေလွှတ်ထားသော
အင်အားစုဖြစ်သည်။

တစ်ဖက်တွင်ကား အင်အားတစ်ခုထက် ပို၍ရှိ၏။

ရွှေဦးချိုများပါသော ကြောက်စရာ သတ္တဝါ။

ငွေဦးချိုများနှင့် အစွမ်းထက်သော
တည်ရှိမှုများလည်း ပါသည်။

အနက်ရောင်ဝတ်ရုံဝတ်ထားသည့်
လျှို့ဝှက်ဆန်းကြယ်သော

ကျွမ်းကျင်သူတချို့ကလည်း
ဆန်းကျယ်ကောင်းကင်ဂိုဏ်းသားများကို နေရာအနှံ့
လိုက်လံသုတ်သင်နေ၏။

"သတ်၊ ဆန်းကျယ်ကောင်းကင်ဂိုဏ်းကို ကာကွယ်ကြ၊
အပြစ်သားတွေကို သတ်ပစ်ကြ"

"အပြစ်သားတွေ၊ မင်းတို့ရဲ့အရိုးတွေထဲထိ
စီးဆင်းနေတဲ့ အပြစ်သားသွေးတွေနဲ့တောင်
ပြန်လှည့်ဖို့ ကြိုးစားဝံ့တယ်လား"

ဆန်းကျယ်ကောင်းကင်ဂိုဏ်း၏
တန်ခိုးရှင်များကလည်း ဟိန်းဟောက်ကာ
ပြင်းပြင်းထန်ထန် တိုက်ခိုက်လိုက်ကြသည်။

"ဟားဟားဟား၊ ငါတို့ရဲ့ရှေ့ဦးချိုတွေကို

နှစ်ထောင်ပေါင်းများစွာ ဖိနှိပ်ခံခဲ့ရတယ်၊
နောက်ဆုံးတော့ ငါတို့ ပြန်လွတ်လာပြီ၊ ဒီနေ့ မင်းတို့
ဆန်းကျယ်ကောင်းကင်ဂိုဏ်းကို အရင်ရှင်းပစ်မယ်"

ရွှေဦးချိုဖြင့် သက်ရှိတစ်ကောင်က ရက်စက်
ကြမ်းကြုတ်ကာ သွေးဆာနေသော မျက်လုံးများဖြင့်
အော်ဟစ်လိုက်သည်။

၎င်းတို့၏မျိုးရိုးကို ရွှေဦးချိုမျိုးနွယ်ဟု ခေါ်သည်။

၎င်းတို့က ပျက်ဆီးခြင်းကောင်းကင် အင်မော်တယ်
နယ်မြေကြီးတွင် အလွန်အားကောင်းပြီး
လူသိများသော မျိုးနွယ်စု ဖြစ်သည်။

သို့သော်လည်း မငြိမ်မသက်မှုများကြောင့်
ကျွင်းမိသားစု၏ ဖိနှိပ်ခံခဲ့ရပြီး မျိုးနွယ်စုမှ
သန်မာသောမျိုးနွယ်သားများ သတ်ဖြတ်ခံခဲ့ရသည်။

ကျန်မျိုးနွယ်စုဝင်များကတော့ အောက်ကမ္ဘာသို့
နှင်ထုတ်ခံခဲ့ရတော့သည်။

ထိုမျှသာမကဘဲ ကျွင်းမိသားစုက ၎င်းတို့ကို
ဆက်လက်ဖိနှိပ်ထားရန်
ဆန်းကျယ်ကောင်းကင်ဂိုဏ်းကို စေလွှတ်ခဲ့ပေသည်။

ယင်းကြောင့် သူတို့၏ နှလုံးသားထဲတွင်
အမုန်းတရားများ ဆက်လက်
တိုးပွားလာခဲ့တော့သည်။

ဤအရှက်နှင့် နာကြည်းမှုမျိုးသည်
အချိန်ကြာလာသည်နှင့်အမျှ
လျော့ပါးမသွားရုံသာမကဘဲ ရိုးတွင်းခြင်ဆီတွင်ပါ
ပို၍ပို၍ စွဲမြဲလာခဲ့ကြသည်။

နောက်ဆုံးတွင် အခွင့်အရေးရပြီး
လွတ်မြောက်ခဲ့ကြ၏။

ယခုတော့ မုန်းတီးမှု၊ ဒေါသများအပြည့်ဖြင့်
ဆန်းကျယ်ကောင်းကင်ဂိုဏ်းကို
လက်တုံ့ပြန်နေကြတော့သည်။

အခြားတစ်ဖက်တွင်၊ ငွေဦးချိုနှင့်
သန်မာသောလူတစ်ဦးကလည်း အေးစက်စက်ဖြင့်
ပြောလိုက်သည်။

"ငါတို့ ငွေဦးချိုမျိုးနွယ်ကလည်း
အမြဲဖိနှိပ်ခံထားခဲ့ရတယ်၊ ဒီနေ့တော့
ငါတို့လွတ်မြောက်လာပြီ။ မင်းတို့ဖာသာ
ဆန်းကျယ်ကောင်းကင်ဂိုဏ်း ဒါမှမဟုတ်
အင်မော်တယ်နယ်မြေကြီးမှာရှိတဲ့
ကျွင်းမိသားစုပဲဖြစ်ဖြစ် ငွေဦးချိုမျိုးနွယ်ရဲ့

ကလဲ့စားကိုခံစားဖို့သာ ပြင်ထားကြပေတော့"

ရွှေဦးချိုများကဲ့သို့ ငွေဦးချိုများသည်လည်း တစ်ချိန်က အင်မော်တယ်နယ်မြေကြီးရှိ မျိုးနွယ်များဖြစ်ကာ တူညီသောကံကြမ္မာကို ကြုံတွေ့ခဲ့ရသည်။

"ဟမ့်၊ ကျွင်းမိသားစုသခင်တွေကို မင်းတို့ နိမ့်ကျတဲ့ အပြစ်သားတွေက  ဘယ်လိုလုပ်ပြီး ကိုင်လှုပ်နိုင်မှာလဲ"

ရုတ်တရက် အေးစက်စက် နှာခေါင်းရှုံ့သံတစ်ခု ထွက်ပေါ်လာပြီး အဘိုးအိုနှစ်ယောက် ရုတ်တရက် ပေါ်လာသည်။

"ဂိုဏ်းချုပ်၊ ဒုဂိုဏ်းချုပ်"

ဤအဘိုးကြီးနှစ်ယောက်ကို မြင်ရသောအခါ

ဆန်းကျယ်ကောင်းကင်ဂိုဏ်းရှိ လူတိုင်း စိတ်လှုပ်ရှားသွား၏။

၎င်းတို့က ဆန်းကျယ်ကောင်းကင်ဂိုဏ်း၏ မဏ္ဍိုင်များဟု ဆိုနိုင်သည်။

ယခုပြောလိုက်သူက အစစ်အမှန်သူတော်စင်နယ်ပယ် တန်ခိုးရှင်ဖြစ်သော ဆန်းကျယ်ကောင်းကင်ဂိုဏ်းချုပ် ဖြစ်သည်။

တစ်ဖက်တွင် ဒုဂိုဏ်းချုပ်က သူတော်စင်တစ်ပိုင်း ကျင့်ကြံခြင်းအခြေခံရှိ၏။

သို့သော်လည်း ရွှေဦးချိုနှင့် ငွေဦးချိုတို့က ထိတ်လန့်ခြင်းမရှိပေ။

၎င်းတို့ဘက်တွင်လည်း သူတော်စင်အဆင့် အရှိန်အဝါများနှင့် အစွမ်းထက် ကျွမ်းကျင်သူများ ရှိသည်။

၎င်းတို့က အောက်ကမ္ဘာတွင် အချိန်အတော်ကြာ ဖိနှိပ်ခံခဲ့ရသော်လည်း နောက်ဆုံးတွင် ရှေးဟောင်းမျိုးနွယ်များဖြစ်၍ ကျွမ်းကျင်သူ မရှိဘဲမနေပါ။

ယခင်ကတည်းက သူတို့ကို တံဆိပ်ခတ်ထားခဲ့ရုံသာ ရှိသည်။

“ရွှေချိုမျိုးနွယ်နဲ့ ငွေချိုမျိုးနွယ် ဘယ်လိုလုပ်ပြီး ရုန်းထွက်လာတာလဲ”

ဒုဂိုဏ်းချုပ်က မျက်မှောင်ကြုတ်ပြီး

လေးလေးနက်နက် ပြောလိုက်သည်။

"ဒါက အဲဒီ အနက်ရောင်ဝတ်စုံဝတ် လူတွေကြောင့်ပဲလား"

ဆန်းကျယ်ကောင်းကင်ဂိုဏ်းချုပ်လည်း နှလုံးသားထဲတွင် တစ်စုံတစ်ခုကို မှန်းဆမိကာ သူ့မျက်နှာက ပိုအေးစက်လာခဲ့၏။

ထို့နောက်တော့ စစ်ပွဲကြီးမှာ ဆက်ဖြစ်နေတော့သည်။

ဆန်းကျယ်ကောင်းကင်ဂိုဏ်းက ဂိုဏ်းချုပ်နှင့် ဒုဂိုဏ်းချုပ်၏ ဦးဆောင်မှုအောက်တွင် အစွမ်းကုန် တိုက်ခိုက်ခဲ့ကြသည်။

ရွှေချိုနှင့် ငွေချိုဘက်မှာလည်း ကျွမ်းကျင်သူများရှိနေကာ ကြမ်းကြုတ်စွာဖြင့်

တိုက်ခိုက်ကြ၏။

အခြေအနေတစ်ခုလုံးသည်ကား
ဖရိုဖရဲဖြစ်နေတော့သည်။

ဆန်းကျယ်ကောင်းကင်ဂိုဏ်းအတွင်း၌လည်း
တိုက်ပွဲများ ဖြစ်နေသည်။

စစ်သားနှင့် စစ်သား၊ ဗိုလ်ချုပ်နှင့် ဗိုလ်ချုပ်။

ကောင်းကင်ယံ၌ သန်မာသော တန်ခိုးရှင်များ
တိုက်ခိုက်နေကာ မြေပြင်မှာတော့
အဆင့်နိမ့်ဂိုဏ်းသားများနှင့် ရွှေချို၊ ငွေချို
မျိုးနွယ်များကို တိုက်ခိုက်နေသည်။

သို့သော်လည်း ခြောက်ခြားစရာကောင်းအောင်
အနက်ရောင်ဝတ် လူစုက
ဆန်းကျယ်ကောင်းကင်ဂိုဏ်းသားများကို
ရက်ရက်စက်စက်
အမဲလိုက်သတ်ဖြတ်နေကြတော့သည်။

ဆန်းကျယ်ကောင်းကင်ဂိုဏ်း ရင်ပြင်တစ်ခုတွင်ကား
လူသေအလောင်းများ ပြည့်နှက်နေသည်။

အပြစ်သားများရှိသော်လည်း အများစုက
ဆန်းကျယ်ကောင်းကင်ဂိုဏ်း၏ ဂိုဏ်းသားများပင်
ဖြစ်ချေသည်။

ယခုအချိန်တွင် အနက်ရောင်ဝတ်စုံဝတ်ထားသော
လူတစ်စုက လှပသော မိန်းမပျိုတစ်ဦးကို
ဝိုင်းရံထားသည်။

သူမခြေရင်းတွင်ကား ဆန်းကျယ်ကောင်းကင်ဂိုဏ်း၏ ဂိုဏ်းတူအကိုကြီးအလောင်း ရှိနေခဲ့၏။

"နင်... နင်တို့ ဘယ်သူလဲ၊ ဘာဖြစ်လို့ ငါတို့ကို ပစ်မှတ်ထားနေတာလဲ"

ထိုမိန်းမပျို၏ အမည်မှာ လျိုချန်ချန် ဖြစ်သည်။ လက်ရှိမှာတော့ သူမ၏ မျက်နှာလေးက စက္ကူကဲ့သို့ဖြူဖျော့နေကာ အလွန်လည်း ကြောက်ရွံ့နေသည်။

ဆန်းကျယ်ကောင်းကင်ဂိုဏ်းရှိ တပည့်အများကြီးထဲမှာမှ အနက်ရောင်ဝတ်လူများက သူတို့ကို ဘာကြောင့်ပစ်မှတ်ထားနေမှန်း တကယ်မသိပေ။

ဂိုဏ်းတူအကိုကြီးသည်လည်း သူမကို ကာကွယ်ရင်း အသတ်ခံလိုက်ရသည်။

ထိုအချိန်တွင် အလယ်ဗဟိုရှိ အနက်ရောင်ဝတ် အမျိုးသားတစ်ဦးက အေးစက်သောအပြုံးဖြင့် ပြောလာသည်။

"ဟားဟား၊ လျိုချန်ချန်... မင်းဘာမှားခဲ့သလဲဆိုတာ တကယ်မသိဘူးလား"

အနည်းငယ်ရင်းနှီးသော ထိုအသံကိုကြားသောအခါ လျိုချန်ချန်၏ မျက်လုံးများက ရုတ်ချည်း ပြူးကျယ်သွားခဲ့သည်။ သူမက အနက်ရောင်ဝတ်လူအား မယုံကြည်နိုင်ဟန်ဖြင့်ကြည့်ကာ မဝံ့မရဲဖြင့် ပြောလိုက်သည်။

"ဒီအသံ... နင်... နင်က..."

လျိုချန်ချန် အလွန်အံ့ဩသွား၏။

ထိုအချိန်တွင် အနက်ရောင်ဝတ်စုံဝတ် အမျိုးသားက အနက်ရောင် ဝတ်ရုံကြီးကို ဖြည်းညှင်းစွာ ဖယ်ရှားလိုက်သည်။

ထိုအခါ လျိုချန်ချန်အတွက် မမေ့နိုင်လောက်သည့် မျက်နှာတစ်ခု ပေါ်လာခဲ့တော့သည်။

"မိုဖန်း"

လျိုချန်ချန်က မယုံကြည်နိုင်စွာ အော်ဟစ်လိုက်ရင်း ခန္ဓာကိုယ်လည်း တုန်ခါသွားခဲ့သည်။

မိုဖန်းသည် လွန်ခဲ့သည့်တစ်နှစ်ကျော်ကမှ သူမနှင့်

ဂိုဏ်းတူအကိုကြီးတို့ ဖမ်းဆီးခဲ့သော
လူငယ်လေးဖြစ်သည်။ နောက်ဆုံးတော့
မိုးကြိုးပစ်ခံရပြီး ဘဝဆုံးခဲ့ပေသည်။

ယခုတော့ ထိုလူသည် သူမရှေ့တွင် အမှန်တကယ်
ပြန်ပေါ်လာခဲ့ပြီ ဖြစ်သည်။

"နင်... နင်မသေဘူးလား"

လျိုချန်ချန့်မျက်နှာက သွေးမရှိတော့သလို
ဖြူဖျော့သွား၏။

မိုးကြိုးကြောင့် မိုဖန်းတကိုယ်လုံး မည်းမှောင်သွားကာ
သေဆုံးလုနီးဖြစ်သွားကြောင့် ဂိုဏ်းအပြင်ဘက်တွင်
စွန့်ပစ်ခဲ့ခြင်း ဖြစ်ချေသည်။

ယခုမူကား မိုဖန်းသည်

အသက်မသေသေးရုံသာမကဘဲ
ပြန်လည်မွေးဖွားသကဲ့သို့
အပြောင်းအလဲများကိုလည်း ကြုံတွေ့ခဲ့ရပုံရှိသည်။

"ဘာပဲပြောပြော မင်းတို့အတွဲကို
တကယ်ကျေးဇူးတင်ပါတယ်၊ မင်းတို့ကြောင့်သာ
မဟုတ်ရင် ဒီနေ့ ငါ မိုဖန်းဆိုတာ ရှိလာခဲ့မှာ
မဟုတ်ဘူး"

"ဒါကြောင့် မင်းတို့ကို ကျေးဇူးပြန်ဆပ်ချင်တယ်"
မိုဖန်းက ပြုံးပြလိုက်သည်။ သို့ရာတွင် သူ့အပြုံးကာ
အလွန်အေးစက်ပြီး ရက်စက်မှုများ
ပြည့်နှက်နေခဲ့ပေသည်။

--------

အခန်း ( ၁၇၄ ) ဆန်းကျယ်ကောင်းကင်ဂိုဏ်း
ရှုံးနိမ့်ခြင်း၊ မိုဖန်း၏
ရက်စက်ကြမ်းကြုတ်သောနည်းလမ်း၊
ကျွင်းရှောင်ယောက် သတင်းရသွားပြီ။

"ဒါ... ဒါတွေအားလုံးကို နင်လုပ်လိုက်တာလား၊
ရွှေချိုမျိုးနွယ်နဲ့ ငွေချိုမျိုးနွယ်တို့
တံဆိပ်ချိုးဖြတ်လာတာလည်း နင်နဲ့
ပတ်သက်နေတာလား"

လျိုချန်ချန်က တုန်ရင်နေသော လေသံဖြင့်
ပြောလိုက်သည်။

"ဟားဟားဟား၊ ဟုတ်တယ်။ သူတို့ မျိုးနွယ်နှစ်ခု
လွတ်မြောက်သွားတာက တကယ်ကို
ငါနဲ့ပတ်သက်ခဲ့တာပဲ။ ငါက အပြစ်သားတွေနဲ့
ပတ်သက်တယ်ဆိုပြီး မင်းတို့ပဲ ငါ့ကို ရက်စက်ခဲ့တာပဲ
မဟုတ်လား၊ အခုတော့ ငါက အပြစ်သားတွေနဲ့

ပူးပေါင်းပြီး ဆန်းကျယ်ကောင်းကင်ဂိုဏ်းကို ဖျက်ဆီးပစ်တော့မယ်"

မိုဖန်းက အားပါးတရ ရယ်မောရင်း ပြောလိုက်သည်။

"ဒါက ဘယ်လိုဖြစ်ရတာလဲ..."

လျိုချန်ချန်၏ မျက်လုံးများတွင် စိတ်ပျက်အားငယ်မှုများ ဖြစ်ပေါ်လာခဲ့၏။

မိုင်ထောင်ချီသော တာတမံကို ပုရွက်ဆိတ်သိုက်က ဖျက်ဆီးပစ်မည်ဟု သူမ မမျှော်လင့်ထားပေ။

ပုရွက်ဆိတ်ဟု သတ်မှတ်ခံရသည့် မိုဖန်းက နောက်ဆုံးမှာတော့ ဆန်းကျယ်ကောင်းကင်ဂိုဏ်းတစ်ခုလုံး၏ အခြေခံအုတ်မြစ်ကို တုန်လှုပ်သွားစေခဲ့ချေပြီ။

"ဒီအကြောင်းတွေ ပြောရရင် ငါ မင်းကို တကယ်ပဲ ကျေးဇူးတင်ချင်ပါတယ်။ မင်းအတွက်သာမဟုတ်ရင် ငါက ဒီလိုအခွင့်အရေးကို ဘယ်လိုရနိုင်မှာလဲ"

မိုဖန်းက အရှေ့တိုးလာပြီး လျိုချန်ချန်ကို ပါးရိုက်ချလိုက်သည်။

မိုးကြိုးပစ်ချခဲ့စဉ်က သူ့စိတ်ထဲတွင် သေးငယ်သော ကြယ်တစ်ပွင့် ထွက်ပေါ်လာခဲ့သည်။

ဤကြယ်ပွင့်နှင့်အတူ မိုဖန်းက တောက်လျှောက်တက်လာပြီး သူ၏ခွန်အားကလည်း တဟုန်ထိုးတက်လာခဲ့၏။

ထိုမျှသာမကဘဲ ကြယ်တာရာတိုက်ကြီး၏ အုပ်ချုပ်သူဟောင်း ဝူကျိကြယ်နန်းတော်က သူ့ကို

တွေ့သွားခဲ့ကြသည်။ ၎င်းတို့သည် သူ့ကို အနာဂတ် ဝူကျိုကြယ်နန်းတော်အတွက် အရေးကြီးသော ကြယ်မင်းသားအဖြစ်ပင် သတ်မှတ်ခဲ့၏။

၎င်းက ခွန်အားတိုးတက်လာသကဲ့သို့ ဝူကျိုကြယ်နန်းတော်ကလည်း နောက်ခံအဖြစ် ရှိနေခဲ့ချေပြီ။

ထို့နောက် မိုဖန်း ပြန်ထွက်လာခဲ့သည်။

အပြင်ကို ပြန်ထွက်လာပြီးနောက် ပထမဆုံးလုပ်ရမည့်အရာမှာ ဆန်းကျယ်ကောင်းကင်ဂိုဏ်းအပြင် လျိုချန်ချန်နှင့် အခြားသူများကို လက်စားချေရန်ပင် ဖြစ်သည်။

လျိုချန်ချန်နှင့် အခြားသူများကို အပြစ်ပေးသင့်၏။

လျို့ချန်ချန်နှင့် အဆင်ပြေနေသော
ဆန်းကျယ်ကောင်းကင်ဂိုဏ်းမှ လူများသည်လည်း
အပြစ်ခံသင့်သည်။

နောက်ဆုံးတော့ လျို့ချန်ချန်နှင့် အခြားသူများက
သူနှင့်အပြစ်သားများကို ကျိန်ဆဲခဲ့သည်မဟုတ်လော။

ထို့နောက် မိုဖန်းသည် ဝူကျိုကြယ်နန်းတော်၏
စွမ်းအားကို အသုံးပြု၍ ရွှေချို့မျိုးနွယ်နှင့်
ငွေချို့မျိုးနွယ် နှစ်ခုလုံးကို ပြန်လွှတ်ပေးခဲ့သည်။

ယင်းကြောင့်ပင် လက်ရှိ ကပ်ဘေးကြီး
ဖြစ်လာခဲ့ရတော့သည်။

"မို… မိုဖန်း၊ ငါ့ကို ချမ်းသာပေးပါ"

လျိုချန်ချန်၏ ခန္ဓာက တဆတ်ဆတ်တုန်ခါနေရင်း ပြောလိုက်သည်။

အမှားတစ်ခု သူမနှင့် ဆန်းကျယ်ကောင်းကင်ဂိုဏ်းအတွက် ဤမျှကြီးမားသော ကပ်ဘေးတစ်ခုအား ဆောင်ကြဉ်းလာလိမ့်မည်ဟု မမျှော်လင့်ခဲ့ပေ။

သို့ရာတွင် တကယ်တော့ လျိုချန်ချန်သည် သူမကြောင့်မဟုတ်လျှင်ပင် မည်သို့ဒုက္ခမျိုးကို ရင်ဆိုင်ရဦးမလဲ မသိနိုင်ပါ။

နောက်ဆုံးတော့ မိုဖန်းသည် ကောင်းကင်ကြမ္မာသားတော် ဆယ်ယောက်ထဲမှ တစ်ယောက်ဖြစ်သည့် ကြယ်တာရာတိုက်ကြီး၏

ဇာတ်ဆောင်ဖြစ်သည်။

ထို့ကြောင့် သူ့အလားအလာများ အပြည့်အဝ မနိုးထနိုင်ခင်မှာ ကပ်ဆိုးများနှင့် ကြုံခဲ့ရပေမည်။

လျိုချန်ချန် မရှိလျှင်ပင် မိုဖန်းကို နှိပ်စက်ကြမည့် အခြားဘေးဒုက္ခများ ရှိလာဦးမည်သာ ဖြစ်သည်။

သို့သော်လည်း လျိုချန်ချန်က ဤလျှို့ဝှက်ချက်များကို သဘာဝအတိုင်း မသိခဲ့ပေ။

မိုဖန်း၏ ခွင့်လွှတ်မှုကိုရရန်အတွက် မျက်ရည်များဝဲလျက် တောင်းပန်နေတော့သည်။

"ဟားဟား၊ လျိုချန်ချန်... မင်းနဲ့ငါရဲ့ တွေ့ဆုံမှုက

ကံကြမ္မာရဲ့ အလိုတော်ပဲလေ၊ ငါက မင်းကို ဘယ်လိုလုပ်ပြီး သတ်ချင်မှာလဲ"

လျှိုချန်က ရယ်မောလိုက်သည်။

"ကျေးဇူးတင်ပါတယ်...ကျေးဇူးတင်ပါတယ်..."

လျှိုချန်ချန်လည်း ပျော်ရွှင်စွာဖြင့် ငိုရင်း ပြောလိုက်သည်။

သို့သော်လည်း သူမမျက်နှာတွင် အပြုံးပန်းတစ်ခု ပွင့်လန်းမလာမီ မိုဖန်း၏ အေးစက်စက်အသံကို ကြားလိုက်ရသည်။

"မင်း လွယ်လွယ်နဲ့သေသွားရင် ငါ့နာကျင်မှုကို ဘယ်လိုသိနိုင်မှာလဲ"

မိုဖန်း၏ စကားက လျှိုချန်ချန့် နှလုံးသားကို

လေးလံသွားစေခဲ့သည်။

ထို့နောက် မိုဖန်းက လျိုချန်ချန်ကို ကြေးတိုင်တစ်ခုတွင် တုပ်နှောင်လိုက်သည်။

ၡင်းသည် လွန်ခဲ့သော တစ်နှစ်ကျော်က သူကို တုပ်ထားခဲ့သော နေရာဖြစ်ချေသည်။

ထို့နောက်တော့ လျိုချန်ချန်၏ ကြောက်ရွံ့နေသောအကြည့်အောက်မှာပင် မိုဖန်းက ဓားတစ်ချောင်းကိုထုတ်ကာ တဖြည်းဖြည်းချင်း လှီးဖြတ်နေတော့သည်။

သူက လျိုချန်ချန်ကို အသားမွှန်းပစ်ချင်သည်။

"မဟုတ်ဘူး...မလုပ်ပါနဲ့... အား..."
လျှိုချန်ချန်က စူးစူးဝါးဝါးအော်လိုက်သည်။

သွေးများလည်းစီးကျလာ၏။

အချိန်ကြာလာသည်နဲ့အမျှ လျှိုချန်ချန်၏
တစ်ကိုယ်လုံးမှာ သွေးများ ချင်းချင်းနီပြီး
သတိလစ်သွားတော့သည်။

ဒဏ်ရာများက အရိုးထိနက်ရှိုင်းပြီး ကောင်းမွန်သော
အသားနေရာဟူ၍ မရှိတော့ပါ။

ထိုမျှနှင့် မိုဖန်းက မုန်းတီးမှုများ မပြေသေးဘဲ
လျှိုချန်ချန်၏ အရွတ်များနှင့် တံကောက်ကြောများကို
ဖြတ်တောက်ကာ ဒန်တျန်ပျက်ဆီးပြီး

အမှိုက်ဖြစ်သွားစေတော့သည်။

"လျိုချန်ချန်၊ ငါမင်းကိုမသတ်ပါဘူး၊
ဒုက္ခိတတစ်ယောက်အနေနဲ့ ဒီကမ္ဘာမှာ ရှင်သန်နိုင်ဖို့
အကောင်းဆုံးသော ရုန်းကန်ပေတော့။ ဟားဟားဟား"
မိုဖန်းက ကျေနပ်စွာဖြင့် ရယ်မောလိုက်သည်။

ထို့နောက်တော့ သူသည် ဂူကျိုကြွယ်နန်းတော်မှ
ကျွမ်းကျင်သူများနှင့်အတူ
ပြန်လည်ထွက်ခွာသွားတော့သည်။

နေရာမှာတော့ လျိုချန်ချန် တစ်ဦးတည်းသော
သေခြင်းရှင်ခြင်း နယ်နိမိတ်အပိုင်းခြား၌
ကျန်ရစ်ခဲ့လေသည်။

အခြားတစ်ဖက်တွင် ဆန်းကျယ်ကောင်းကင်ဂိုဏ်းနှင့်

အပြစ်သားများကြားမှ တိုက်ပွဲက အထွတ်အထိပ်သို့ ရောက်လာခဲ့ချေပြီ။

ရွှေချိုမျိုးနွယ်များနှင့် ငွေချိုမျိုးနွယ်များဘက်မှ သူတော်စင်နှင့် သူတော်စင်တစ်ပိုင်းများက ဆန်းကျယ်ကောင်းကင်ဂိုဏ်းချုပ်နှင့် ဒုဂိုဏ်းချုပ်တို့ကို ဖိနှိပ်ခဲ့ကြသည်။

"သေစမ်း၊ ငါတို့ ဘာလုပ်သင့်လဲ”

ဒုဂိုဏ်းချုပ်က စိုးရိမ်တကြီး ကြည့်နေသည်။

"တိုက်ရိုက်ခေါ်မယ်၊ ကြိုးစားကြည့်တာပေါ့"

ဆန်းကျယ်ကောင်းကင်ဂိုဏ်းချုပ်က ပြောလိုက်၏။

ဒုဂိုဏ်းချုပ်လည်း ထိုစကားကိုကြားပြီးသည်နှင့်

ကျောက်စိမ်းစလစ်တစ်ခုကိုထုတ်ကာ
တိုက်ရိုက်ချေမွလိုက်တော့သည်။

၎င်းမှာ ကျွင်းမိသားစုက
သူတို့ဆန်းကျယ်ကောင်းကင်ဂိုဏ်းကို ပေးထားခဲ့သည့်
ကျောက်စိမ်းစလစ်ဖြစ်သည်။

ယင်းကို ခွဲပစ်ခြင်းက
ဆန်းကျယ်ကောင်းကင်ဂိုဏ်းတွင်
ပြဿနာကြီးကြီးမားမားရှိပြီး
မကြုံစဖူးအကျပ်အတည်းကို ကြုံတွေ့နေရပြီဟူသော
အဓိပ္ပာယ်ပင်။

'သခင်မိသားစုက အောက်ကမ္ဘာကို
ကျွမ်းကျင်သူတစ်ဦးဦး စေလွှတ်လိုက်ဖို့
မျှော်လင့်ပါတယ်'

ဒုဂိုဏ်းချုပ်လည်း သူ့စိတ်ထဲတွင်
ဆုတောင်းလိုက်သည်။

ထိုအချိန် သူတော်စင်အဆင့် အရှိန်အဝါတစ်ခုက
ထပ်မံရောက်ရှိလာပြန်သည်။

၎င်းက အနက်ရောင်ဝတ်စုံကို ဝတ်ထားသော
လူတစ်ယောက်ဖြစ်သည်။ သူက လက်ဝါးရိုက်ချက်
ထုတ်ဖော်သောအခါ ကြယ်ပွင့်ကြီးတစ်ခု ပေါ်လာပြီး
ဒုဂိုဏ်းချုပ်အား တိုက်ခိုက်လိုက်၏။

"ဖူး"
ဒုဂိုဏ်းချုပ်လည်း သွေးတစ်ပွက်ကို
အန်ထုတ်လိုက်ရတော့သည်။

"ဝူကျိုကြယ်နန်းတော်၊ တကယ်ကြီး မင်းတို့ပဲ"
ဒုဂိုဏ်းချုပ်က ဒေါသတကြီးဖြင့် အော်လိုက်သည်။

သူတို့သည် အရင်က မှန်းဆပြီးသားဖြစ်သော်လည်း
ယခုတော့ ပို၍ သေချာသွားခဲ့ပြီ။

ဝူကျိုကြယ်နန်းတော်၏
လှုပ်ရှားရခြင်းအကြောင်းရင်းမှာ မိုဖန်းကြောင့်အပြင်
တခြား အကြောင်းရင်းကြီးလည်း ရှိသေးသည်။

ကြယ်တာရာတိုကြီး၏ မူလအုပ်စိုးသူမှာ
ဝူကျိုကြယ်နန်းတော် ဖြစ်သည်။

ကြယ်သခင်ကျဆုံးခြင်းကြောင့်
ဝူကျိုကြယ်နန်းတော်မှာ ကျဆင်းသွားရသော်လည်း
၎င်း၏ခေါင်းဆောင်မှုကိုတော့

တုန်လှုပ်စေမည်မဟုတ်ပေ။

သို့သော်လည်း
ဆန်းကျယ်ကောင်းကင်ဂိုဏ်းရောက်ရှိလာပြီး
ကြယ်တာရာတိုက်ကြီးရှိ ဝူကျိုကြယ်နန်းတော်၏
နေရာကို တဖြည်းဖြည်း အစားထိုးခဲ့သည်။

ပထမအနေဖြင့် ဆန်းကျယ်ကောင်းကင်ဂိုဏ်းက
အလွန်အစွမ်းထက်သည်။

ဒုတိယအချက်ကတော့ ၎င်းတို့သည်
အင်မော်တယ်နယ်မြေကြီးမှ ရောက်ရှိလာသော
အင်အားစုတစ်ခု ဖြစ်နေသောကြောင့်ပင်။

အချိန်ကြာလာသည်နှင့်အမျှ
ဝူကျိုကြယ်နန်းတော်သည် ဘေးရောက်လာပြီး

ဆန်းကျယ်ကောင်းကင်ဂိုဏ်းက
ကြယ်တာရာတိုက်ကြီး၏
အုပ်စိုးသူအသစ်ဖြစ်လာသည်။

ထိုကဲ့သို့သော အခြေအနေမျိုးဖြင့် ဖိနှိပ်မှုကို
ဝူကျိုကြယ်နန်းတော်အနေဖြင့် လုံးဝ သည်းမခံနိုင်ပေ။

ထိုအချိန်တွင် မိုဖန်း၏ တွန်းအားပေးကို
ရလာသောအခါ ဝူကျိုကြယ်နန်းတော်လည်း
လှုပ်ရှားကြရန် ဆုံးဖြတ်ခဲ့တော့သည်။

"သွားစို့"
ယင်းကိုမြင်ပြီးနောက်
ဆန်းကျယ်ကောင်းကင်ဂိုဏ်းချုပ်က
မျက်မှောင်ကြုတ်ကာ ဒုဂိုဏ်းအုပ်ကို
တိုက်ရိုက်ဆွဲခေါ်ပြီး နောက်ဆုတ်သွားခဲ့သည်။

၎င်းက ဂိုဏ်းကိုစွန့်ရန် ဆန္ဒမရှိသော်လည်း
အောက်ကမ္ဘာရှိ အသန်မာဆုံးထဲမှ
လူများဖြစ်သောကြောင့် ဤအတိုင်း မသေလိုပါ။
နောင်တွင် အပြစ်သားများကို သတ်ဖြတ်ရန်ရှိလာပါက
၎င်းတို့၏အကူအညီကို လိုအပ်မည်ဖြစ်သည်။

ထို့ကြောင့် ဆန်းကျယ်ကောင်းကင်ဂိုဏ်းချုပ်သည်
အလွန်ပြတ်သားပြီး ချက်ချင်းဆုတ်ခွာသွားခဲ့သည်။

ကျန်အစစ်အမှန်နတ်ဘုရားများ၊
ကောင်းကင်နတ်ဘုရားများနှင့် တာအိုနတ်ဘုရားများ၊
တခြားသူများကလည်း ချက်ချင်း ဆုတ်ခွာလိုက်၏။

ရွှေဦးချိုမျိုးနွယ်၊ ငွေချိုမျိုးနွယ်နှင့်
ဝူကျိုကြယ်နန်းတော်ကလည်း အခွင့်အရေးကို

သဘာဝအတိုင်း လက်လွတ်မခံဘဲ
လိုက်ဖမ်းကြတော့သည်။

၎င်းတို့က တောင်တန်းများစွာကို ပြိုပျက်စေပြီး
ဆန်းကျယ်ကောင်းကင်ဂိုဏ်း၏
ကျွမ်းကျင်သူများစွာကို သတ်ဖြတ်သွားခဲ့သည်။

နောက်ဆုံးတွင် ဆန်းကျယ်ကောင်းကင်ဂိုဏ်းမှ
လူတချို့သာ လွတ်မြောက်ခဲ့ကြသည်။

ဆန်းကျယ်ကောင်းကင်ဂိုဏ်း ကျဆုံးသွားချိန်...

ဆန်းကျယ်ကောင်းကင်တိုက်ကြီး၊ နာလန်မိသားစု၏
မြင့်မြတ်ဝိညာဉ်တောင်တန်းရှိ တိတ်ဆိတ်သော
အဆောက်အဦးတစ်ခုထဲတွင်...

ကျွင်းရှောင်ယောက်က လက်ဖက်ရည်တစ်ခွက်ကို ခပ်ဖြေးဖြေး သောက်နေသည်။

စုဇီချုံကတော့ သူ့နောက်တွင်ရပ်ကာ သူ့ပုခုံးများကို နူးညံ့စွာ နှိပ်နယ်ပေးနေခဲ့၏။

ခရမ်းရောင်အိမ်တော်မှ သူတော်စင် မိန်းမပျို၏ နှိပ်နယ်ပေးခြင်းကို လူတိုင်းခံစားနိုင်မည် မဟုတ်ပေ။

ကျွင်းရှောင်ယောက်က နောင်လာမည့် အစီအစဉ်များကို တွေးတောနေခဲ့သည်။

ထိုအချိန်တွင် သူ၏ သိုလှောင်ခြင်းမှော်ရတနာအတွင်းရှိ ရွှေရောင်တံဆိပ်ပြားတစ်ခုက ထူးဆန်းသော

သွေးအလင်းများကို ရုတ်တရက်
ထုတ်လွှတ်လိုက်သည်။

"ဒါ..."

ကျွင်းရှောင်ယောက်လည်း ရွှေတံဆိပ်ပြားကို
ထုတ်ယူလိုက်၏။

ထိုရွှေတံဆိပ်က
ကျွင်းကျန်းထျန်းပေးလိုက်သောအရာဖြစ်ပြီး
ကျွင်းးမိသားစု၏ သင်္ကေတတစ်ခုလည်း ဖြစ်သည်။

ဤတံဆိပ်ဖြင့် ကျွင်းရှောင်ယောက်သည်
နောက်လိုက်ငါးဦး၏ စွမ်းအားများကို
စုစည်းနိုင်လိမ့်မည်။

တစ်ချိန်တည်းမှာပင် ဤတံဆိပ်ပြားက

ဆက်သွယ်ရေးကိရိယာတစ်မျိုးလည်း ဖြစ်နိုင်သည်။

သွေးအလင်းကတော့ နောက်လိုက်များ၏ အင်အားကို ကိုယ်စားပြုကာ မကြံ့ခိုင်ဖူး အကျပ်အတည်းတစ်ခုကိုလည်း ညွှန်ပြခဲ့ပေသည်။

"ဒီသတင်းက ကြယ်တာရာတိုက်ကြီးကနေ လာတာပဲ ါ

ကျွင်းရှောင်ယောက်လည်း မျက်လုံးအရောင် တစ်ချက်လက်သွားတော့သည်။

--------

အခန်း ( ၁၇၅ ) အဆုံးမဲ့ပင်လယ်၊ နယ်မြေဖြတ်ကျော်

တည်နေရာရွှေ့ပြောင်းခြင်း အစီရင်၊ လျှို့ချန်ချန်
အံ့သြတုန်လှုပ်သွားခြင်း။

ကြယ်တာရာတိုက်ကြီးသည် အောက်ကမ္ဘာဆယ်ခုထဲမှ
တစ်ခုဖြစ်သည်။

ဤနေရာတွင် အင်မော်တယ်နယ်မြေကြီးကို
အဆုံးမဲ့အခြေအနေများ ဖြစ်လာစေရန်
လှုံ့ဆော်ခဲ့သော တည်ရှိမှုတစ်ခု ရှိသည်ဟုပင်
ကောလဟာလများ ရှိ၏။

သို့သော်လည်း ကျွင်းရှောင်ယောက်က နားမလည်ပေ။

'အဲဒီမှာ နောက်လိုက်အင်အားတစ်ခု ရှိပုံရတယ်၊
အပြစ်သားတွေကို ကြယ်တာရာတိုက်ကြီးမှာ
တံဆိပ်ခတ်ထားတာပဲလား'

ကျွင်းရှောင်ယောက် စိတ်ထဲတွင် တွေးလိုက်၏။

ထို့နောက် တုန်ရှမ်ဘိုးဘေးတို့ သုံးယောက်အပြင် ရီယုကိုပါ ခေါ်လိုက်သည်။

"အောက်ကမ္ဘာဆယ်ခုကြားမှာ အမြန်ခုန်ကူးသွားဖို့ နည်းလမ်းရှိလား"
ကျွင်းရှောင်ယောက်က မေးလိုက်၏။

တုန်ရှမ်ဘိုးဘေးက ခေါင်းညိတ်ပြီး ပြောလိုက်သည်။
"အောက်ကမ္ဘာ ဆယ်ခုကြားမှာ အတားအဆီးတွေ ရှိတာ မှန်ပါတယ်၊ ဒါပေမဲ့ အင်မော်တယ်နယ်မြေကြီးနဲ့ အောက်ကမ္ဘာရဲ့ အတားအဆီးတွေလောက်တော့ မခက်ဘူး"

"နောက်ပြီး ဆန်းကျယ်ကောင်းကင်တိုက်ကြီးရဲ့
အဆုံးမဲ့ ပင်လယ်ရပ်ခြားမှာ
တခြားတိုက်ကြီးတွေဆီကို တိုက်ရိုက်ပို့နိုင်တဲ့
တည်နေရာရွှေ့ပြောင်းခြင်းအစီရင်တစ်ခု ရှိသင့်တယ်"

"ကောင်းပြီ၊ ဒါဆိုရင် ကြယ်တာရာတိုက်ကြီးကို
တခါတည်းသွားကြမယ်" ကျွင်းရှောင်ယောက်က
ပြောလိုက်သည်။

ကျွင်းရှောင်ယောက်ထံမှ အမိန့်ရသောအခါ
တုန်ရွှမ်ဘိုးဘေးတို့သုံးယောက်ကလည်း
မေးခွန်းမထုတ်ဘဲ ခေါင်းညိတ်ကြ၏။

နာရီအနည်းငယ်ကြာပြီးနောက် ခေါင်းကိုးလုံးခြသေ့၊
ကျွင်းရှောင်ယောက်၊ တုန်ရွှမ်ဘိုးဘေးတို့သုံးယောက်၊
ရီယုနှင့် စုဇီချုံတို့အားလုံး

နာလန်မိသားစုမှထွက်ခွာသွားကြတော့သည်။

နာလန်မိသားစုဝင်များလည်း အပြင်ထိ
လိုက်ပါနှုတ်ဆက်ခဲ့ကြသည်။

နာလန်လော်ရှီးကတော့ ဝန်လေးသော အကြည့်မျိုးဖြင့်
ကြည့်နေသည်။

ကျွင်းရှောင်ယောက်က အင်မော်တယ်နယ်မြေကြီးသို့
မပြန်မချင်း သူမလည်း မသွားနိုင်ပေ။

.........

ဆန်းကျယ်ကောင်းကင်တိုက်ကြီးအပြင်ဘက်တွင်
အဆုံးမဲ့ပင်လယ်ကြီး ရှိနေသည်။

အဆုံးမဲ့ပင်လယ်ဆိုသည့်အတိုင်း
အလွန်ကျယ်ပျောပုံရကာ တစ်ချက်ကြည့်ရုံဖြင့်
အဆုံးကို မမြင်နိုင်ပေ။

အဆုံးမဲ့ပင်လယ်သည်
ဆန်းကျယ်ကောင်းကင်တိုက်ကြီးရှိ
ကျင့်ကြံသူများအတွက် အလွန်အန္တရာယ်များသော
နေရာတစ်ခု ဖြစ်သည်။

ပေတစ်သောင်းကျော်နက်သည့်
ပင်လယ်ရေနက်ထဲတွင် ကြောက်စရာကောင်းသည့်
ပင်လယ်သားရဲများ ဘယ်လောက်များမှန်း မည်သူမျှ
မသိနိုင်ပါချေ။

ကောင်းကင်ယံ၌ ရီယုသည်

ရွှေရောင်လေးတစ်လက်ဖြင့် မြှားကိုးချောင်းကို
ဆက်တိုက်ပစ်ကာ သူ့ရှေ့မှ လက်တံကိုးခုဖြင့်
ရေဘဝဲကြီးတစ်ကောင်ကို ဆန်ခါပေါက်ဖြစ်အောင်
ပစ်ဖောက်၍ သတ်ဖြတ်လိုက်သည်။

တုန်ရှမ်ဘိုးဘေးကလည်း သူ့လက်ဝါးကို
ဝှေ့ယမ်းလိုက်ရာ ပင်လယ်သားရဲများ
ဆက်တိုက်ဆိုသလို ပေါက်ကွဲသွားပြီး
ပင်လယ်ရေပြင်အား သွေးချင်းချင်းနီသွားစေခဲ့၏။

ပင်လယ်နေ အထူးသက်ရှိများ အပါအဝင်
ပင်လယ်သားရဲအားလုံး ကြောက်လန့်တကြားဖြစ်ကာ
မထွက်ဝံ့တော့ဘဲ ပင်လယ်ရေနက်ပိုင်းထဲသို့
ပြန်ဆုတ်သွားကြတော့သည်။

ခေါင်းကိုးလုံးခြသေ့်က ရထားကိုဆွဲကာ

ပျံသန်းသွားခဲ့သည်။ ကျွင်းရှောင်ယောက်က ရထားပေါ်မှာထိုင်နေကာ စုဇီချုံကတော့ သူ့ကိုကျွေးရန် ရှားပါးသစ်သီးများအား ပြင်ဆင်နေ၏။

ဆန်းကျယ်ကောင်းကင်တိုက်ကြီးရှိ ကျင့်ကြံသူများအတွက် အဆုံးမဲ့ပင်လယ်သည် ငရဲပြည်ကဲ့သို့ ကြောက်စရာကောင်းသော်လည်း ကျွင်းရှောင်ယောက်တို့အတွက်ကတော့ မြေပြင်ပေါ်တွင် လမ်းလျှောက်နေကြရသလိုပင်။

သို့သော်လည်း အချိန်အနည်းငယ်ကြာသောအခါ မြင်ကွင်း၌ စွန့်ပစ်လေထုများနှင့် ကျွန်းငယ်လေးတစ်ခု ရုတ်တရက်ပေါ်လာသည်။

ကျွန်းပေါ်တွင်ကား ထူထဲသော ဖုန်မှုန့်များနှင့်

ပြည့်နှက်နေသော အလွန်ရိုးရှင်းသည့် တည်နေရာရွှေ့ပြောင်းခြင်း အစီရင်တစ်ခု ရှိနေလေသည်။

"သခင်လေး၊ ဒီမှာပါ"

တုန်ရှမ်ဘိုးဘေးနှင့် အခြားသူများက လေးလေးစားစားပြောလိုက်ကြသည်။

ကျွင်းရှောင်ယောက်လည်း ရထားပေါ်မှဆင်းကာ တည်နေရာရွှေ့ပြောင်းခြင်း အစီရင်အား အကဲခတ်လိုက်၏။

"ဟင်း၊ အင်မော်တယ်ကျောက်တွေ လိုသေးတာပဲ"

ကျွင်းရှောင်ယောက်လည်း တစ်ချက်ကြည့်ကာ ရေရွတ်လိုက်သည်။

အစီရင်ပေါ်တွင် ဖုန်မှုန့်များ ပြည့်နှက်နေသော အပေါက်တချို့ ရှိသည်။

ဤတည်နေရာရွှေ့ပြောင်းခြင်း အစီရင်ကို သာမန်အရင်းအမြစ်ကျောက်များနှင့် အသက်သွင်းရန် မဖြစ်နိုင်ကြောင်း ထင်ရှားသည်။

အနည်းဆုံးတော့ အဆင့်နိမ့် အင်မော်တယ်ကျောက်တစ်ခု လိုပေသည်။

အင်မော်တယ်ကျောက်က အောက်ကမ္ဘာတွင် မဆိုထားဘိ၊ အင်မော်တယ်နယ်မြေကြီး၌ပင် အလွန်ရှားသည်။

သို့ဖြစ်ပေရာ ဤတည်နေရာရွှေ့ပြောင်းခြင်း

အစီရင်ကို ဘယ်သူကမှ အသုံးမပြုတာ
အံ့သြစရာမရှိပါချေ။

ကျွင်းရှောင်ယောက်ကိုတော့ ကျွင်းမိသားစုက
လုံလောက်အောင် အမြဲပေးနေသောကြောင့်
ကိစ္စမရှိပါ။

အင်မော်တယ်ကျောက်ကို အပေါက်ထဲသို့
ထည့်လိုက်ပြီးနောက် တည်နေရာရွှေ့ပြောင်းခြင်း
အစီရင်သည် တဖြည်းဖြည်း လည်ပတ်လာပြီး
အလင်းရောင်များ တောက်ပလာသည်။

ခဏအကြာတွင် ကျွင်းရှောင်ယောက်နှင့် သူ့အဖွဲ့ကို
ဟင်းလင်းပြင်လှိုင်းတစ်ခုက ဖုံးလွှမ်းသွားပြီး နေရာမှ
ပျောက်ကွယ်သွားတော့သည်။

.........

ကြယ်တာရာတိုက်ကြီး၊ အလွန်ရှေးကျသော
စွန့်ပစ်တောင်တန်းတစ်ခုတွင်...

နှစ်ထောင်ပေါင်းများစွာ ငြိမ်သက်နေခဲ့သော
အစီရင်တစ်ခုက စတင်လည်ပတ်လာသည်။ ထို့နောက်
ပြိုးပြိုးပြက်ပြက် အလင်းရောင်များ
တောက်ပလာခဲ့၏။

ထို့နောက်တွင်ကား ကျွင်းရှောင်ယောက်နှင့်
အခြားသူများ ပေါ်လာကြတော့သည်။

ကြယ်တာရာတိုက်ကြီးသို့ ရောက်ရှိသည်နှင့်
တပြိုင်နက် ကျွင်းရှောင်ယောက်သည်
ထူးခြားမှုတစ်ခုကို သတိပြုလိုက်မိသည်။

"ဒီတိုက်ကြီးမှာရှိတဲ့ ကြယ်တွေရဲ့ စွမ်းအားက ထူးထူးကဲကဲ အားကောင်းပုံရတယ်"

ကျွင်းရှောင်ယောက်က ပြောလိုက်သည်။

သူက ခေါင်းမော့ကြည့်လိုက်သောအခါ ကြယ်တာရာတိုက်ကြီး၏ ကောင်းကင်ယံ၌ လျှို့ဝှက်ဆန်းကြယ်သည့် လမ်းကြောင်းအတိုင်း လှည့်ပတ်နေသော အဆုံးမဲ့ကြယ်များဖြင့် ပြည့်နှက်နေကြောင်း မြင်တွေ့လိုက်ရသည်။

တုန့်ရှမ်ဘိုးဘေးလည်း ပြုံးကာ ခေါင်းညိတ်၍ ပြောလိုက်သည်။

"ဟုတ်ပါတယ်၊ ကြယ်တာရာတိုက်ကြီးက ကြယ်နတ်ဘုရားခန္ဓာနဲ့ ဝူကျိုကြယ်သခင် တန်ခိုးထွားခဲ့တဲ့ နေရာတစ်ခုပဲလေ။ သူက

ကြယ်တာရာတိုက်ကြီးရဲ့ ပထမဆုံး တန်ခိုးရှင်ဖြစ်ပြီး နောက်ပိုင်းမှာ အင်မော်တယ်နယ်မြေကြီးကိုတောင် လှုပ်ခတ်စေနိုင်ခဲ့တယ်။ ဒါပေမဲ့ နောက်ဆုံးမှာတော့ သူက ထက်မြက်လွန်းတာကြောင့် ထိပ်တန်းကျွမ်းကျင်သူတွေရဲ့ သတ်ဖြတ်ခြင်းကို ခံခဲ့ရတယ်"

ကျွင်းရှောင်ယောက်က ဤအကြောင်းများကို သိပ်မသိပါ။

သို့သော်လည်း အောက်ကမ္ဘာတွင် မွေးဖွားခဲ့သော တုန့်ရှမ်ဘိုးဘေးက အခြားတိုက်ကြီးများ၏ အရေးကိစ္စများနှင့်လည်း ရင်းနှီးသည်။

"ကြယ်နတ်ဘုရားခန္ဓာလား"

ကျွင်းရှောင်ယောက် မျက်ခုံးပင့်လိုက်၏။

ယင်းက သူ့ကို ကြယ်ဘုရင်ခန္ဓာ ပိုင်ဆိုင်ထားသည့် ရဲ့ရှင်းယွင်အား သတိရသွားစေခဲ့သည်။

သူနှင့်တွေ့ပြီးနောက်ပိုင်း ရဲ့ရှင်းယွင်၏စရိုက်က သိသိသာသာ ပြောင်းလဲခဲ့သည် မဟုတ်ပါလား။

'ဒါက ဖြစ်နိုင်မလား...'

ကျွင်းရှောင်ယောက် တွေးလိုက်သည်။

ရဲ့ရှင်းယွင်က ရှောင်ချန်းနှင့် ရန်ပန်ကဲ့သို့ အဓိကဇာတ်ကောင်ဖြစ်နိုင်သော်လည်း ယခင်က သူ သတိမထားမိခဲ့ပေ။

"စိတ်ဝင်စားစရာပဲ၊ ရဲ့ရှင်းယွင်က အခု

အောက်ကမ္ဘာရှိနေမလားမသိဘူး၊ တကယ်လို့ အောက်ကမ္ဘာမှာရှိရင်တော့ ငါ့ကို အံ့သြစရာတွေ ယူလာပေးနိုင်လောက်တယ်"

ကျွင်းရှောင်ယောက်က ခပ်တိုးတိုး ရယ်မောလိုက်သည်။

ထို့နောက်တော့ ကျွင်းရှောင်ယောက်နှင့် တခြားသူများလည်း စွန့်ပစ်တောင်တန်းမှ ထွက်လာကြတော့သည်။

ထိုနေရာမှ ထွက်လာပြီးနောက် ရီယုသည် ကျင့်ကြံသူတစ်ယောက်အား ဆန်းကျယ်ကောင်းကင်ဂိုဏ်း၏ တည်နေရာကို မေးမြန်းကြည့်လိုက်သည်။

"ဆန်းကျယ်ကောင်းကင်ဂိုဏ်းလား၊

ဆန်းကျယ်ကောင်းကင်ဂိုဏ်းက
မပျက်စီးသေးဘူးလား"
ကျင့်ကြံသူက အံ့ဩသွားသည်။

"ဆန်းကျယ်ကောင်းကင်ဂိုဏ်းကို
ဘယ်လိုသွားရမယ်ဆိုတာ ပြောစမ်း၊
အပိုတွေမပြောနဲ့"
ရီယုက စိုက်ကြည့်လိုက်၏။

ထိုလူလည်း ထိတ်လန့်တကြားဖြင့် ချွေးစီးကျလာကာ
ပြောလိုက်သည်။
"အဲဒါက တိုက်ကြီးရဲ့ အလယ်ဗဟိုမှာ ရှိပါတယ်၊
ဒါပေမယ့် လွန်ခဲ့တဲ့ ရက်အနည်းငယ်က
ရွှေဦးချိုမျိုးနွယ်၊ ငွေချိုမျိုးနွယ်နဲ့
ဝူကျိုကြယ်နန်းတော်တို့ ဖျက်ဆီးတာကို ခံခဲ့ရတယ်”

“ဝူကျိုကြယ်နန်းတော်"

ဤစကားကိုကြားပြီး ကျွင်းရှောင်ယောက်

မျက်မှောင်ကြုတ်လိုက်သည်။

ရွှေဦးချိုမျိုးနွယ်နှင့် ငွေချိုမျိုးနွယ် လူပ်ရှားခြင်းကို

သူ မအံ့သြပါ။

နောက်ဆုံးတွင် ၎င်းတို့က

ထိပ်တန်းအပြစ်သားဆယ်ဦးဖြစ်၍

ဆန်းကျယ်ကောင်းကင်ဂိုဏ်းနှင့်

ရန်ဘက်များဖြစ်သည်။

သို့ရာတွင် ဝူကျိုကြယ်နန်းတော်က ဘာကြောင့်

ဝင်ပါရသနည်း။

ဆန်းကျယ်ကောင်းကင်ဂိုဏ်းနှင့် ဘယ်လို

မုန်းတီးမှုများ ရှိနေပါသနည်း။

"ဆန်းကျယ်ကောင်းကင်ဂိုဏ်းကို သွားမယ်"

ကျွင်းရှောင်ယောက်က ပြောလိုက်၏။

ခေါင်းကိုးလုံးခြင်္သေ့ကြီးလည်း ဟိန်းဟောက်ကာ တိုက်ရိုက်ပျံသန်းသွားတော့သည်။

"ဒဏ္ဍာရီလာ ခေါင်းကိုးလုံးခြင်္သေ့ဆွဲတဲ့ ရထားလုံးကို ဘယ်လိုတည်ရှိမှုမျိုးက စီးနိုင်တာလဲ"

ကျင့်ကြံသူလည်း တုန်လှုပ်ချောက်ချားရင်း ကျန်ရစ်ခဲ့သည်။

.........

မီတာသောင်းချီကျယ်ဝန်းသော
ဆန်းကျယ်ကောင်းကင်ဂိုဏ်းသည် မူလက
အလွန်ကြီးကျယ်ခမ်းနားခဲ့သည်။ ယခုတော့
နေရာတိုင်းတွင် လူသေအလောင်းများများနှင့်
နံရံများလည်း ပြိုပျက်နေခဲ့ပြီ။

ထိုအချိန်တွင် ကောင်းကင်ယံ၌ တောက်ပသော
ရွှေရောင်အလင်းတန်းတစ်ခု ဖြာထွက်လာပြီး
ကျွင်းရှောင်ယောက်တို့ ရောက်ရှိလာခဲ့ကြသည်။

ကျွင်းရှောင်ယောက်လည်း စစ်မြေပြင်ကြီးကဲ့သို့
သွေးများ၊ အလောင်းများလွှမ်းနေသော
အခြေအနေကိုမြင်သောအခါ
မျက်မှောင်ကြုတ်လိုက်၏။

"ကံမကောင်းချင်တော့ ငါ ခြေတစ်လှမ်း

နောက်ကျသွားခဲ့ပြီ"

ကျွင်းရှောင်ယောက်လည်း
ခေါင်းကိုခါယမ်းလိုက်သည်။

ကျွင်းမိသားစုတွင်
နောက်လိုက်ထောင်ပေါင်းများစွာရှိပြီး
ဆန်းကျယ်ကောင်းကင်ဂိုဏ်းကတော့
၎င်းတို့ထဲမှတစ်ခု ဖြစ်သည်။

ထို့ကြောင့် ကျွင်းရှောင်ယောက်က အနည်းငယ်
သနားမိသော်လည်း ထို့ထက်မပိုပါ။

"သခင်လေး၊ ကျုပ်တို့ ဘာဆက်လုပ်ရမလဲ"
ရီယုက မေးလိုက်သည်။

ကျွင်းရှောင်ယောက်က စကားပြောရန် ဟန်ပြင်လိုက်သော်လည်း ရုတ်တရက် တစ်စုံတစ်ခုကို သတိပြုမိသွားသည်။

"အဲဒီမှာ အသက်ရှင်နေတဲ့လူရှိတယ်၊ အသက်ရှူသံတွေ ရှိနေသေးတယ်"

ကျွင်းရှောင်ယောက်က ခြေတစ်ချက်လှမ်းလိုက်သည်နှင့် ချက်ချင်း ပျောက်သွားသည်။

ရင်ပြင်အထက်မှ ကြေးတိုင်တစ်ခုတွင် သွေးအလူးလူးဖြင့် လူတစ်ယောက် ရှိနေခဲ့၏။

ယင်းက လျိုချန်ချန် ဖြစ်ချေသည်။

အလွန်အားနည်းနေသော လျိုချန်ချန်သည်

ရုတ်တရက် အင်မော်တယ်အငွေ့အသက်များနှင့် ထူးကဲသောတည်ရှိမှုတစ်ခု ထွက်ပေါ်လာကြောင်း မြင်လိုက်ရ၍ အံ့သြသွားခဲ့သည်။

"နောက်ဆုံးတော့ ငါသေသွားပြီလား၊ ငါက ဘာဖြစ်လို့ အင်မော်တယ်နဲ့ တွေ့ရတာလဲ"

လျိုချန်ချန်က အားနည်းစွာ ပြုံးလိုက်သည်။

ထိုအချိန်တွင် အနီးအင်မော်တယ်က စကားပြောလာခဲ့၏။

"ငါက အင်မော်တယ်နယ်မြေကြီးက ကျွင်းမိသားစုရဲ့ နတ်ဘုရားသားတော် ကျွင်းရှောင်ယောက်ပါ။ ဒီမှာ ဘယ်လိုဖြစ်သွားတယ်ဆိုတာ ပြောပြပါဦး"

ကျွင်းရှောင်ယောက်က ပြောလိုက်သည်။

မူလက အားနည်းပြီး မှိုင်းဝေနေသော
လျှိုချန်ချန်သည် 'အင်မော်တယ်နယ်မြေကြီး၊
ကျွင်းမိသားစု'ဟူသော စကားကိုကြားပြီးနောက်
မျက်လုံးများ ဝိုင်းစက်ပြူးကျယ်သွားခဲ့သည်။ သူမ
နှလုံးသားသည်လည်း မုန်တိုင်းထန်သော
ပင်လယ်ကဲ့သို့ ခံစားလိုက်ရ၏။

နောက်ဆုံးမှာတော့ သခင့်မိသားစု ရောက်ရှိလာခဲ့ပြီ။

--------

အခန်း ( ၁၇၆ ) မိုဖန်း၏ ဇာတ်ဆောင်
လုပ်ရိုးလုပ်စဉ်၊ ပြန်လည် ရှင်သန်စေတဲ့ကျေးဇူးကို
မမေ့နိုင်တော့ပါဘူး၊ သခင်မိသားစုက ကယ်တင်ပေးဖို့
လာရောက်မှာလား။

လျှို့ချှန်ချှန်၏ သွေးအလူးလူးဖြစ်နေသော ခန္ဓာကိုယ်လေးက တုန်ယင်နေသည်။

သူမ မယုံနိုင်ပေ။

ဆန်းကျယ်ကောင်းကင်ဂိုဏ်းသည် ကျွင်းမိသားစုက အပြစ်သားများကိုဖိနှိပ်ရန် အောက်ကမ္ဘာသို့ စေလွှတ်ထားခဲ့သော ဂိုဏ်းဖြစ်သည်။ ထိုအတွက် ကျွင်းမိသားစုက သူတို့၏ အားကိုးရာပင် ဖြစ်ချေသည်။

သို့သော်လည်း ဆန်းကျယ်ကောင်းကင်ဂိုဏ်းသည် ကျွင်းမိသားစုမှ ရောက်လာသည်အထိ တောင့်မခံနိုင်ခဲ့ကြပါ။

သို့သော်လည်း ယခုအခါ ကျွင်းမိသားစုမှ နတ်ဘုရားသားတော်ကိုယ်တိုင် ရောက်ရှိလာခဲ့ပြီ ဖြစ်သည်။

ဤအတွက် လျို့ချန်ချန်တွင် မည်သည့်သံသယမှ မရှိပါ။

အကြောင်းမှာ အနီး အဖြူရောင်ဝတ်လူငယ်လေးက သပ်ရပ်လွန်းသည်။

သူ့ထံမှ အောက်ကမ္ဘာသားများ တုပ၍မရသော မသေမျိုးအရှိန်အဝါများလည်း ထွက်ပေါ်လျက်ရှိ၏။

ထိုစဉ် စုဇီချုံနှင့် ရီယုတို့ ရောက်လာပြန်သည်။

ယင်းကိုမြင်သောအခါ လျိုချန်ချန်စိတ်ထဲ ပို၍ပင်
အံ့သြသွား၏။

အင်မော်တယ်နယ်မြေကြီးရှိ လူတစ်ဦးစီက
အလွန်ထူးခြားသည်။

ငင်းတို့နှင့် နှိုင်းယှဉ်ပါက မိုဖန်းပင်လျှင်
ချောင်ကပ်နေရပေလိမ့်မည်။

ထို့နောက် တုန်ရှမ်ဘိုးဘေးတို့သုံးယောက်လည်း
ထပ်မံရောက်ရှိလာရာ လျိုချန်ချန်လည်း
အသက်ရှူရပ်မတတ် ဖြစ်နေတော့သည်။

ငင်းတို့ထံမှ ထွက်ပေါ်နေသော ဖိအားမျိုးသည်
လျိုချိန်ချန်အတွက် ဂိုဏ်းချုပ်နှင့်
ဒုဂိုဏ်းချုပ်အပေါ်တွင်သာ ခံစားခဲ့ရသည်။

တစ်နည်းဆိုရသော် ဤလူသုံးဦးက
သူတော်စင်တစ်ပိုင်းနှင့် အစစ်အမှန်သူတော်စင်များ
ဖြစ်တော့သည်။

ထိုကဲ့သို့ ကြောက်မက်ဖွယ်ကောင်းသော
တည်ရှိမှုများက လျိုချန်ချန်ကို
အလွန်ထိတ်လန့်သွားစေကာ
အချိန်အတော်ကြာသည်အထိ
ပြန်လည်ကောင်းမွန်လာခြင်းမရှိတော့ပေ။

ကျွင်းရှောင်ယောက်သည် သူ့ကို
မယုံဘူးဟုထင်သောကြောင့်
ရွှေရောင်တံဆိပ်ပြားတစ်ခုကို ထုတ်ပြလိုက်သည်။

ဂျင်းအပေါ်မှာတော့ 'ကျွင်း'ဟူသော စကားလုံးကို

ရေးထိုးထားလေသည်။

"အခု မင်းငါ့ကိုယုံလား"

ကျွင်းရှောင်ယောက်က ပြောလိုက်သည်။

လျိုချန်ချန်လည်း စိတ်အားထက်သန်စွာ ခေါင်းညိတ်ပြလိုက်၏။ သို့သော်လည်း သူမ၏နှလုံးသားထဲတွင် မုန်တိုင်းတစ်ခု ရှိနေပါသေးသည်။

"အခု မင်းသိသမျှ ငါ့ကို ပြောပြပါ"

ကျွင်းရှောင်ယောက်က လျစ်လျူရှုစွာ ပြောလိုက်သည်။

လျိုချန်ချန်လည်း ခေါင်းညိတ်လိုက်ပြီး သူမ၏

နောက်ဆုံးခွန်အားကိုသုံးကာ မခြွင်းမချန်
ပြောပြလိုက်တော့သည်။

ကျွင်းရှောင်ယောက်သည် ဤဇာတ်ညွှန်းကို
နားထောင်လေလေ ပိုရင်းနှီးလေပင်။

သူချစ်သူက သစ္စာဖောက်ပြီး နှိပ်စက်သည်။

ထိုမှတစ်ဖန် ကံဆိုးမသွားရာ မိုးလိုက်၍ရွာကာ
မိုးကြိုးပစ်ပြီး သေလုမျောပါး ဖြစ်သွား၏။
နောက်ဆုံးတော့ ဤအခြေအနေမျိုးဖြင့် ဂိုဏ်းမှ
နှင်ထုတ်ခံခဲ့ရတော့သည်။

အဆုံးတွင် သူက အသက်ရှင်သန်ရုံသာမကဘဲ
ဝူကျိုကြယ်နန်းတော်၏ အရေးပါသော
လူတစ်ယောက်ပင် ဖြစ်လာခဲ့ရပြီ ဖြစ်သည်။

ဤသို့ဖြင့် နောက်ဆုံးတွင် သူက အပြစ်သားများကို လွတ်မြောက်စေပြီး ဂိုဏ်းကို လက်စားချေကာ သစ္စာဖောက်သော မိန်းမကိုလည်း ရက်ရက်စက်စက် လက်စားချေခဲ့သည်။

ဤလုပ်ရိုးလုပ်စဉ်မျိုးက ကျွင်းရှောင်ယောက်ကို ဆွံ့အသွားစေခဲ့၏။

မင်းတို့တွေ အသစ်လေးဘာလေး မထွင်နိုင်ကြဘူးလား။

သို့သော်လည်း ထိုမှနေ၍ ကျွင်းရှောင်ယောက်သည် အနှီမိုဖန်းက ကြယ်တာရာတိုက်ကြီး၏ ဇာတ်ဆောင်ဖြစ်သင့်ကြောင်းလည်း အတည်ပြုနိုင်သည်။

ၡင်းက လင်းဖုန်းနှင့် တူညီလွန်းခဲ့၏။

ရဲ့ရှင်းယွင်မရှိလျှင် ကျွင်းရှောင်ယောက်အနေဖြင့် အနှီမိုဖန်းက ဝူကျိကြယ်သခင်နှင့် တစ်စုံတစ်ရာ ပတ်သက်မှုရှိ မရှိ အလွယ်တကူ ခန့်မှန်းနိုင်သည်။

သို့သော်လည်း ယခုတော့ ကျွင်းရှောင်ယောက်မှာ အနည်းငယ် အံ့ဩနေရသည်။

ဝူကျိကြယ်သခင်နှင့် ပတ်သက်သူက ရဲ့ရှင်းယွင်လား၊ သို့မဟုတ် မိုဖန်းပဲလား။

သို့တည်းမဟုတ် သူတို့နှစ်ယောက်စလုံးနှင့် ဆက်စပ်နေတာလား။

လျှိုချန်ချန်ပေးသော သတင်းကိုရလိုက်ပြီးနောက် ကျွင်းရှောင်ယောက်၏စိတ်ထဲတွင် အကြံတစ်ခု ရလာသည်။

မည်သို့ပင်ဆိုစေ ကြက်သွန်မြိတ်များကို လှီးဖြတ်ထားရန် လိုအပ်ပါသေးသည်။

သဲလွန်စများပေးပြီးနောက် လျှိုချန်ချန်လည်း အလွန်မောပန်းနေပြီး သူမ၏အကန့်အသတ်သို့ ရောက်ရှိလုနီး ဖြစ်နေခဲ့ချေပြီ။

သူမတွင် အသက်ဓာတ် သိပ်မရှိတော့ပါ။

သူမ၏ ဒန်တျန်ဆီးခံရပြီး အရွတ်များစုတ်ပြဲသွားသည်၊ သူ့တစ်ကိုယ်လုံးလည်း

စားရာများနှင့် ရုပ်ပျက်ဆင်းပျက် ဖြစ်နေခဲ့ချေပြီ။

ထိုအတွက် အသက်ရှင်နိုင်ရင်တောင်မှ လျိုချန်ချန်မှာ ဆက်လက်ရှင်သန်ရန်အား ရွေးချယ်တော့မည် မဟုတ်ပေ။

"သခင်လေး၊ ကျွန်မသိသမျှကို ပြောပြီးပြီ၊ သခင်လေးက ကျွန်မကို ပျော်ရွှင်တဲ့ဘဝ ပေးစွမ်းနိုင်မယ်လို့လည်း မျှော်လင့်ပါတယ်။ ဒါက ကျွန်မရဲ့ လက်စားချေမှုလည်း ဖြစ်ကောင်းဖြစ်နိုင်ပါတယ်"

လျိုချန်ချန်က ခါးသက်သက်ဖြင့် ပြောလိုက်သည်။

ယခု သူမ သေချင်နေလေပြီ။

ကျွင်းရှောင်ယောက်က တည်ငြိမ်စွာဖြင့်

ပြောလိုက်သည်။

"အသက်ရှင်ရတာ မကောင်းဘူးလား။"

"အသက်ရှင်ရမှာလား၊ ဒီလိုဘဝမျိုးက သေတာထက်ကို ပိုဆိုးပါတယ်ရှင်"

လျိုချန်ချန်က စိတ်ပျက်အားငယ်စွာဖြင့် ပြောလိုက်သည်။

"ဒန်တျန်ပျက်ဆီးပြီး အရွတ်တွေ၊ တံကောက်ကြောတွေ ပျက်ဆီးသွားရုံပဲ မဟုတ်လား၊ ဒါက ကြီးကြီးမားမားတော့ မဟုတ်ပါဘူး"

ကျွင်းရှောင်ယောက်က ခေါင်းကို ခပ်ဖြေးဖြေး ခါယမ်းလိုက်သည်။

လျိုချန်ချန်ထံမှ အဖိုးတန်အချက်အလက်များကို ရရှိခဲ့သောကြောင့် ကျွင်းရှောင်ယောက်သည်

မြင့်မြတ်ဆေးတစ်လုံးသုံးပေးရန် မတွန့်ဆုတ်တော့ပေ။

လျိုချန်ချန်က သံသယများ ပြည့်နှက်နေချိန်တွင်
ကျွင်းရှောင်ယောက်က သူ့လက်ကို
တစ်ချက်လှုပ်လိုက်သည်။

ထိုအခါ မြင့်မြတ်ဝိညာဉ်ဆေးလုံးက
သူမ၏ပါးစပ်ထဲသို့ ကျဆင်းသွား၏။

တခဏချင်းမှာပင် လျိုချန်ချန်၏ပါးစပ်တွင်းမှ
မကြုံစဖူး အသက်စွမ်းအင်တစ်ခု
တိုးထွက်လာတော့သည်။

သူမ၏ သွေးအလူးလူးဖြစ်နေသော
ဒဏ်ရာများကလည်း သာမန်မျက်စိဖြင့် မြင်နိုင်သော
အရှိန်အဟုန်ဖြင့် ပျောက်ကင်းလာခဲ့သည်။

လက်အရွတ်များနှင့် တံကောက်ကြောများလည်း ပြန်လည်ကောင်းမွန်လာ၏။

ယင်းက ဘယ်လောက်မှ မကြာခဲ့ပေ။

အရွတ်ကြောနှင့် တံကောက်ကြောများ ပြန်ကောင်းလာပြီးနောက် လျိုချန်ချန်၏ခန္ဓာသည် မူလအသွင်အပြင်သို့ ပြန်လည်ရောက်ရှိသွားခဲ့သည်။

သူမ၏ နှင်းဖြူကဲ့သို့ အသားရေကလည်း ပြန်လည်ပေါ်ထွက်လာရန် အသင့်ဖြစ်နေခဲ့ချေပြီ။

"ဒါ... ဒါက..."

လျိုချန်ချန်တကိုယ်လုံး ထုံကျဥ်သွားခဲ့သည်။

နောက်ပိုင်းတွင် သူမ၏ ဒန်တျန်ရှိ ပျက်စီးနေသော
ဝိညာဉ်ပင်လယ်က အမှန်တကယ်
ပြန်လည်ရရှိလာကြောင်း မြင်ရသောအခါ
အံ့သြမဆုံးအောင် ဖြစ်နေမိတော့သည်။

လျိုချန်ချန်၏ ပါးစပ်ကလေးမှာလည်း
အံ့အားသင့်စွာဖြင့် စက်ဝိုင်းကဲ့သို့ ဝိုင်းစက်နေခဲ့သည်။

"ဒီလိုဒဏ်ရာသေးသေးလေးအတွက်
နှင်းကျောက်စိမ်းဆေးတစ်လုံးက လုံလောက်ပါတယ်"
ကျွင်းရှောင်ယောက်က ပြောလိုက်သည်။

တကယ်တော့ သူ့တွင် မြင့်မြတ်ဆေးလုံး
ရှားပါးမှုမရှိပေ။

သို့သော်လည်း အောက်ကမ္ဘာအတွက်တော့
မြင့်မြတ်ဆေးလုံးက အလွန်ရှားပါးသည်။

"ကျေးဇူးတင်ပါတယ် နတ်ဘုရားသားတော်၊
ဒီကျေးဇူးကို ချန်ချန်က
တစ်သက်မမေ့နိုင်တော့ပါဘူး။ ဒါကြောင့်
လိုလိုလားလားဦးညွှတ်ပြီး သခင်လေးရဲ့
အစေခံအဖြစ် ထာဝရနေဖို့ ဆန္ဒရှိပါတယ်"
လျိုချန်ချန်က စိတ်လှုပ်ရှားစွာဖြင့်
ဒူးထောက်ချလိုက်သည်။

အကယ်၍ အသက်ရှင်နိုင်လျှင် ဘယ်သူကများ
သေချင်ကြမလဲ။

ကျွင်းရှောင်ယောက်က သူမကို

ဘဝသစ်ပေးသကဲ့သို့ပင် ဖြစ်သည်။

လျိုချန်ချန်၏ အပြုအမူနှင့်
စကားများကိုကြားသောအခါ
ကျွင်းရှောင်ယောက်လည်း ဘာပြောရမည်မှန်း
မသိတော့ပါ။

အမျိုးသမီးတိုင်းပ ဘာကြောင့်
သူ့ကျွန်မိန်းကလေးဖြစ်ချင်ကြတာလဲ။

သူတို့ အနီးနားတွင်ကား စုဇီချုံသည် စိုးရိမ်မှုနှင့်
သတိထားသော အရိပ်အမြွက်များအား
လှစ်ဟလာသည်။

အောက်ကမ္ဘာတွင် သူမရှိနေရုံဖြင့်
ကျွင်းရှောင်ယောက်အတွက် အစေခံမလိုတော့ပြီ

မဟုတ်ပါလား။

"မင်းအနေနဲ့ ကျွန်မိန်းကလေးဖြစ်စရာမလိုပါဘူး၊ ဒါထက် ဆန်းကျယ်ကောင်းကင်ဂိုဏ်းမှာ မင်းတစ်ယောက်ပဲ ကျန်တော့တာလား"

ကျွင်းရှောင်ယောက်က မေးလိုက်သည်။

ထိုအခါ လျိုချန်ချန်မျက်လုံးများတွင် စိတ်ပျက်မှုအရိပ်အမြွက်များ ဖြစ်ပေါ်လာသော်လည်း ပြောလိုက်သည်။

"မဟုတ်လောက်ပါဘူး၊ ဂိုဏ်းချုပ်က တန်ခိုးထွားတဲ့ သူတော်စင်တစ်ယောက်ပဲလေ၊ သူတို့ အနောက်ဆုတ်သွားလောက်တယ်"

"အင်း"

ကျွင်းရှောင်ယောက်

အနည်းငယ်ခေါင်းညိတ်လိုက်သည်။

အကယ်၍ ဂိုဏ်းချုပ်နှင့် အခြားသူများ
အသက်ရှင်နေသေးပါက
သူ၏ရွှေရောင်တံဆိပ်ပြားဖြင့် လိုက်ရှာနိုင်သေးသည်။

"သွားရအောင်"

ကျွင်းရှောင်ယောက်က သူ့လက်ကို
ဝှေ့ယမ်းလိုက်သည်။

သူသည် ဆန်းကျယ်ကောင်းကင်ဂိုဏ်းမှ
ကျန်ရစ်သူများကို သွားရောက်ရှာဖွေပေတော့မည်။

လျို့ချန်ချန်တို့လည်း ချက်ချင်း
လိုက်ပါသွားတော့သည်။

.........

အခြားတစ်ဖက်တွင်၊
ရှေးဟောင်းတောင်တန်းကြီးတစ်ခုတွင်...

ဆန်းကျယ်ကောင်းကင်ဂိုဏ်းချုပ်နှင့် အခြားသူများက
ဤနေရာတွင် ယာယီ နားခိုနေသည်။

"အပတ္တ အပတ္တ... ဒီယုတ်မာတဲ့
ဝူကျိုကြယ်နန်းတော်"

ဒုဂိုဏ်းချုပ်က ချောင်းဆိုးလိုက်ရာ သွေးများလည်း
အန်ထွက်လာသည်။

ဝူကျိုကြယ်နန်းတော်မှ ကျွမ်းကျင်သူ၏

ခိုးဝင်တိုက်ခိုက်ခြင်းက သူ့ကို ဒဏ်ရာအပြင်းအထန် ရစေခဲ့ပေသည်။

"ဝူကျိကြယ်နန်းတော်က ဆန်းကျယ်ကောင်းကင်ဂိုဏ်းကို မကျေနပ်တာကြာလောက်ပြီ၊ အခုမှ သူတို့ရဲ့ မျက်နှာအစစ်ကို ထုတ်ပြလာခဲ့တာ"

ဆန်းကျယ်ကောင်းကင်ဂိုဏ်းချုပ်၏ မျက်နှာကလည်း သုန်မှုန်နေသည်။

သူသည်လည်း ဒဏ်ရာအပြင်းအထန်ရခဲ့၏။

ရွှေချိုမျိုးနွယ်နှင့် ငွေချိုမျိုးနွယ်သာဆိုလျှင် ဆန်းကျယ်ကောင်းကင်ဂိုဏ်းက ဖိနှိပ်နိုင်စွမ်းရှိဦးမည်။

သို့ရာတွင် ဝူကျိကြယ်နန်းတော်က ချိန်ခွင်လျှာကို

ချူးဖြုတ်သွားခဲ့သည်။

"သေစမ်း၊ အဲဒီအပြစ်သားတွေနဲ့
ဝူကျိုကြယ်နန်းတော်က တကယ်ကို
မုန်းစရာကောင်းတယ်"

ဆန်းကျယ်ကောင်ကင်ဂိုဏ်း၏
လက်ကျန်ကျွမ်းကျင်သူအချို့က
အံကြိတ်လိုက်ကြသည်။

ဤနေရာတွင် ကံကောင်းပြီး လွတ်မြောက်ခဲ့သော
သာမန်တပည့်အချို့လည်း ရှိနေပါသေးသည်။ သူတို့
မျက်နှာများမှာလည်း ညိုးငယ်နေကြသည်။

"အင်မော်တယ်နယ်မြေကြီးရဲ့ ကျွင်းမိသားစုသခင်က
လာပြီးမကူညီတော့ဘူးလား"

ဆန်းကျယ်ကောင်းကင်ဂိုဏ်း၏

အမျိုးသမီးတပည့်တစ်ယောက်က ဝမ်းနည်းစွာဖြင့် ပြောလိုက်သည်။

"ကျွင်းမိသားစုသခင်က ကျုပ်တို့ ဆန်းကျယ်ကောင်းကင်ဂိုဏ်းကို စွန့်လွှတ်လိုက်တာလား"

အမျိုးသားတပည့်တစ်ယောက်ကတော့ မကျေမနပ်ဖြစ်နေကာ ပြောလိုက်၏။

"မင်းဘာပြောတာလဲ၊ ငါတို့ ဆန်းကျယ်ကောင်းကင်ဂိုဏ်းက သခင်မိသားစုအပေါ် အမြဲသစ္စာစောင့်သိခဲ့တယ်၊ သခင်မိသားစုကလည်း ငါတို့ကို လက်မလွှတ်ဘူးဆိုတာ ငါယုံတယ်"

ကောင်းကင်နတ်ဘုရားတစ်ယောက်က အခိုင်အမာပြောလိုက်သည်။

ထိုမြင်ကွင်းကိုမြင်တော့
ဆန်းကျယ်ကောင်းကင်ဂိုဏ်းချုပ်လည်း
သက်ပြင်းချလိုက်လေသည်။

သူကိုယ်တိုင်လည်း ကျွင်းမိသားစုက
ဆန်းကျယ်ကောင်းကင်ဂိုဏ်းကို
လာရောက်ကယ်တင်မည်အား သဘာဝအတိုင်း
မျှော်လင့်ခဲ့ပေသည်။

သို့ရာတွင် အခု ဖြစ်နိုင်ပါ့ဦးမလား။

ဆန်းကျယ်ကောင်းကင်ဂိုဏ်းမှလူများလည်း
တောင်တန်းထဲသို့ ထွက်ပြေးလာပြီးနောက်
နှလုံးသားများ ပြိုလဲလုနီးဖြစ်နေခဲ့ရပြီ ဖြစ်သည်။

ထိုအချိန်တွင် တောင်တန်းအပြင်ဘက်မှ

သန်မာသောအရှိန်အဝါများ ရုတ်တရက် ထွက်ပေါ်လာသည်။

"ဆန်းကျယ်ကောင်းကင်ဂိုဏ်းရဲ့ အကြွင်းကျန်တွေ၊ သေဖို့အတွက် ထွက်လာကြစမ်း"

-------

အခန်း ( ၁၇၇ ) ဝမ်းနည်းစရာကောင်းသော ဆန်းကျယ်ကောင်းကင်ဂိုဏ်း၊ ဩဇာကြီးမားသော ကျွင်းရှောင်ယောက်၏ ဓား၊ ဒီဓားက ဆန်းကျယ်ကောင်းကင်ဂိုဏ်းအတွက်။

သတ်ဖြတ်ချင်သော စိတ်ဆန္ဒများ ပါဝင်နေသည့် ဟိန်းဟောက်လိုက်သံက တောင်တန်းများတစ်လျှောက် ပျံ့နှံ့သွားသည်။

ဤအသံကိုကြားလိုက်ရသော
ဆန်းကျယ်ကောင်းကင်ဂိုဏ်းဝင်အားလုံး
မျက်နှာအမူအရာများ သိသိသာသာ
ပြောင်းလဲသွား၏။

ရွှေချိုမျိုးနွယ်နှင့် ငွေချိုမျိုးနွယ်က
ဤမျှမြန်မြန်ရောက်လာမည်ဟု ထင်မထားခဲ့ပေ။

"သေစမ်း၊ ဝူကျိုကြယ်နန်းတော်က
လမ်းပြလာတာဖြစ်ရမယ်၊ အပြစ်သားတွေက
ကြယ်တာရာတိုက်ကြီးအကြောင်းကို သိပ်ပြီး
သိကြတာမဟုတ်ဘူး"
ဆန်းကျယ်ကောင်းကင်ဂိုဏ်း၏ လူတစ်ယောက်က
ဒေါသတကြီးဖြင့် ပြောလိုက်သည်။

ရွှေချိုမျိုးနွယ်နှင့် ငွေချိုမျိုးနွယ်ချည်းဆိုပါက
သူတို့ကို ဤမျှမြန်မြန် ရှာတွေ့နိုင်ရန် မဖြစ်နိုင်ပေ။

ထိုအတွက် တစ်ခုတည်းသော ဖြစ်နိုင်ချေမှာ
ဝူကျိုကြယ်နန်းတော်၏ လူများက ၎င်းတို့အား
လျှို့ဝှက်စွာ ခြေရာခံပေးခဲ့ခြင်းပင် ဖြစ်သည်။

ဝူကျိုကြယ်နန်းတော်က ကြယ်တာရာတိုက်ကြီးတွင်
နှစ်ပေါင်းမရေမတွက်နိုင်အောင်
အုပ်ချုပ်ခဲ့ခြင်းဖြစ်ပေရာ တိုက်ကြီးတစ်ခုလုံးကို
ကောင်းစွာနားလည်သဘောပေါက်ထားသည်။

ထို့ကြောင့် သူတို့ကို ခြေရာခံဖို့ဆိုတာက
ဘာမျှမခက်ခဲပေ။

ယခုအချိန်တွင် တောင်တန်းအပြင်ဘက်၌

ရွှေချိုမျိုးနွယ်နှင့် ငွေချိုမျိုးနွယ်မှ မရေတွက်နိုင်သော ကျွမ်းကျင်သူများရှိနေပြီး လေထဲမှာပင် ရပ်နေကြသည်။

၎င်းတို့သည် ကောင်းကင်တခွင်လုံးကို ကျိုင်းကောင်များကဲ့သို့ ပြည့်ကျပ်နေ၏။

ထို့အပြင် ကောင်းကင်တစ်ဖက်ခြမ်းတွင်လည်း ကြယ်ဝတ်စုံကို ဝတ်ဆင်ထားသည့် အစွမ်းထက်ကျင့်ကြံသူများ ရှိနေကြသေးသည်။

ထိုလူအုပ်စုထဲတွင် ခရမ်းရောင်ကြယ်ဝတ်စုံဖြင့် မိုဖန်းက အလယ်မှာ ရှိနေသည်။

သူ့ပ အရပ်ရှည်ရှည်၊ ပိန်ပိန်ဖြစ်ပြီး သူ့အသွင်အပြင်ကလည်း သာမန်သာဖြစ်သည်။

သို့သော်လည်း မိုးကြိုးထိမှန်ပြီး
ကြယ်အမှတ်အသားနှင့် ပေါင်းစပ်သွားသောအခါ
ပိုအစွမ်းထက်ပြီး ချောမောလာ၏။

ဇာတ်ဆောင်လို စိတ်ခံစားချက်မျိုးကလည်း သူ့ကို
သိသိသာသာ ပြောင်းလဲသွားစေခဲ့ပေသည်။

မိုဖန်း၏ ကျင့်ကြံခြင်းအခြေခံကလည်း
ပိုမိုမြင့်မားလာပြီး ပေါင်းစည်းခြင်းအဆင့်သို့
ရောက်ရှိသွားခဲ့သည်။

နောက်တစ်ဆင့်ကတော့ တာအိုပေါင်းစည်းရန်ပင်
ဖြစ်သည်။

မိုဖန်းသည် ဤကိစ္စကို အလွန်သတိထား၏။

ထိုကြယ်ပွင့်က သူ့အခွင့်အရေးအားလုံး
မဟုတ်သလိုလည်း ယောင်ဝါးဝါး
ခံစားနေခဲ့မိပေသည်။

သူ့အမှတ်တရများတွင် ကြီးကျယ်ခမ်းနားသော
ကြယ်နန်းတော်တစ်ခုလည်း ရှိသည်။

ကြယ်နန်းတော်အောက်မှာ ရပ်နေသောလူရိပ်က
မိုဖန်းကို အံ့သြထိတ်လန့်စေခဲ့၏။

မိုဖန်းသည် ဤခံစားချက်ကို မကြိုက်ပါ။

"ငါ မိုဖန်းရဲ့ခေါင်းကို ဘယ်သူမှမဖိနှိပ်နိုင်ဘူး၊ ဒီ

ဆန်းကျယ်ကောင်းကင်ဂိုဏ်းက ဥပမာတစ်ခုပဲ"
မိုဖန်းက တိတ်တဆိတ်ပြောလိုက်သည်။

ကြယ်ပွင့်များကဲ့သို့ သူ့မျက်လုံးက တောင်တန်းများကို ဂရုမစိုက်ဟန်ဖြင့် လှမ်းကြည့်လိုက်၏။

သူ့ကိုခေါ်ဆောင်လာပြီး ပြုစုပျိုးထောင်ပေးခဲ့သည့် အနှီဂိုဏ်းအတွက် မိုဖန်းတွင် ခံစားချက်လုံးဝမရှိပါ။ ယခုအခါ ၎င်းတို့ စေ့စေ့ညက်ညက်ကြေသွားတာကိုပဲ သူမြင်ချင်နေခဲ့သည်။

ခဏကြာသောအထိ တောင်တန်းအတွင်းမှ လူတစ်စုထွက်လာသည်။ ယင်းက ဆန်းကျယ်ကောင်းကင်ဂိုဏ်းချုပ်နှင့် တခြားသူများ ဖြစ်ချေသည်။

ပုန်းကွယ်ခြင်းက အသုံးမဝင်သောကြောင့် ထိပ်တိုက်ရင်ဆိုင်ခြင်းက ပိုကောင်းသည်။

"ဟားဟားဟား၊ ဆန်းကျယ်ကောင်းကင်ဂိုဏ်းက အဘိုးကြီး၊ နောက်ဆုံးတော့ မင်းထွက်လာခဲ့ပြီပေါ့"

ရွှေချိုမျိုးနွယ်ဘက်မှ သူတော်စင်အဆင့် အရှိန်အဝါများနှင့် ကျွမ်းကျင်သူတစ်ယောက် ထွက်လာသည်။

သူ့ဦးခေါင်းပေါ်ရှိ တစ်ခုတည်းသော ရွှေရောင်ဦးချိုက ရွှေအကြေးခွံများဖြင့် ဖုံးအုပ်ထားကာ ဆန်းကျယ်သော အငွေ့အသက်များလည်း ထွက်ပေါ်နေလေသည်။

၎င်းက ရွှေချိုဘုရင်ဖြစ်ပြီး ရွှေချိုမျိုးနွယ်စုတွင် အသန်မာဆုံး ကျွမ်းကျင်သူဖြစ်သည်။

ထို့ပြင် ငွေချိုမျိုးနွယ်စုမှလည်း ငွေချိုဘုရင်က ရွှေချိုဘုရင်ထက် မနိမ့်ကျသော အရှိန်အဝါများဖြင့် ထွက်လာခဲ့၏။

"ငါတို့ မျိုးနွယ်စုနှစ်ခုကို မင်းရဲ့ ဆန်းကျယ်ကောင်းကင်ဂိုဏ်းက ဖိနှိပ်ထားတာ နှစ်ပေါင်းများစွာ ကြာခဲ့ပြီ။ ဒီနေ့တော့ မင်းတို့ကို ငါတို့ကိုယ်တိုင် ဖျက်ဆီးရတော့မယ်"

ငွေချိုဘုရင်က အေးစက်စက်ဖြင့် ပြောလိုက်သည်။

ဆန်းကျယ်ကောင်းကင်ဂိုဏ်းချုပ်က ဤမျိုးနွယ်စုနှစ်ခုကို လျစ်လျူရှုထား၏။

နောက်ဆုံးတွင် သူတို့က သေခြင်းရှင်ခြင်းရန်သူများပင် ဖြစ်သည်။

သူက ဝူကျိကြယ်နန်းတော်ဘက်ကို ကြည့်ပြီး
အေးစက်စက်ဖြင့် ပြောလိုက်သည်။

"မင်းတို့ ဝူကျိကြယ်နန်းတော်က ဒီလိုလုပ်တာ
အင်မော်တယ်နယ်မြေကြီးမှာရှိတဲ့
ရှေးဟောင်းမင်းမျိုးနွယ် မိသားစုက
လက်စားချေမှာကို မကြောက်ဘူးလား"

ထိုစကားကိုကြားသည်နှင့် ဝူကျိကြယ်နန်းတော်မှ
လူများ၏ မျက်နှာအမူအရာက မသိမသာ
ပြောင်းလဲသွားသည်။

၎င်းတို့သည် အောက်ကမ္ဘာတွင်
မွေးဖွားခဲ့ခြင်းဖြစ်သောကြောင့်
ရှေးဟောင်းမင်းမျိုးနွယ် မိသားစုတစ်ခုက
မည်မျှသန်မာကြောင်း မသိပေ။

သို့သော်လည်း နာမည်ကိုတော့ ကြားဖူးသည်။

အလွန်သန်မာသော
ဆန်းကျယ်ကောင်းကင်ဂိုဏ်းသည်ပင်
ကျွင်းမိသားစု၏ မရေမတွက်နိုင်သော
အင်အားစုများထဲမှ တစ်ခုသာဖြစ်သည်။

ထိုမှတဆင့် ကျွင်းမိသားစု၏အင်အားကို
ခန့်မှန်းနိုင်ပေမည်။

အကယ်၍ ဝူကျိကြယ်နန်းတော်က ကျွင်းမိသားစုကို
တိုက်ခိုက်လိုလျှင် ကျောက်တောင်ကို ကြက်ဥနှင့်
ပေါက်နေသကဲ့သို့ အရာထင်မည်မဟုတ်ပေ။

ရွှေချိုဘုရင်က လျှောင်ပြောင်ပြောဆိုလိုက်သည်။
"အင်မော်တယ်နယ်မြေကြီးမှာ ကျွင်းမိသားစုက
အစွမ်းထက်ရင်တောင် ကောင်းကင်ကို
လက်တစ်ဖက်တည်းနဲ့ မဖုံးကွယ်နိုင်ဘူး။
တချိန်တည်းမှာပဲ
ရှေးဟောင်းတော်ဝင်မိသားစုတွေလည်း
ရှိနေသေးတာကြောင့် မင်းတို့ကို ဘယ်လိုလုပ်ပြီး
အာရုံစိုက်နိုင်မှာလဲ"

ရွှေချိုနှင့် ငွေမျိုးနွယ်များက ပုန်ကန်ရခြင်း
အကြောင်းရင်းမှာ ၎င်းတို့နောက်တွင်
ရှေးဟောင်းမျိုးနွယ်တစ်ခု ရှိနေသောကြောင့်ပင်
ဖြစ်သည်။

ထိုအခါမှပဲ ဝူကျိကြယ်နန်းတော်မှ လူများမှာ
သက်ပြင်းချနိုင်ကြတော့သည်။

၎င်းတို့က အင်မော်တယ်နယ်မြေကြီးနှင့် ဘာမှမဆိုင်ပါ။ ၎င်းတို့က ကြယ်တာရာတိုက်ကြီးကို ပြန်လည်ထိန်းချုပ်ပြီး အတိတ်မှ ခမ်းနားသောအချိန်အား ပြန်လည်ရယူချင်ရုံသာ ဖြစ်သည်။

ထို့အတွက် ၎င်းတို့သည် ဂူကျိုကြယ်သခင်နှင့် ပတ်သက်သည့် လူများကို ရှာဖွေရန် အစွမ်းကုန် ကြိုးစားခဲ့ပေသည်။

မိုဖန်းကတော့ သူတို့တွေ့ရှိခဲ့သော အရေးကြီး အစိတ်အပိုင်းတစ်ခု ဖြစ်သည်။

"မင်းတို့ သေချာပေါက် နောင်တရလိမ့်မယ်"

ဆန်းကျယ်ကောင်းကင်ဂိုဏ်းချုပ်က

ဝူကျိုကြယ်နန်းတော်မှ လူများကို လေးလေးနက်နက် ကြည့်လိုက်သည်။

ကျွင်းမိသားစုသာ ဤသတင်းကိုသိခဲ့ပါက သနားညှာတာမှုကင်းမဲ့စွာဖြင့် ဝူကျိုကြယ်နန်းတော်ကို လုံးဝဖျက်ဆီးပစ်မည်ဖြစ်ကြောင်း သူယုံကြည်သည်။

"ကောင်းပြီလေ၊ ဒါက မင်းရဲ့ နောက်ဆုံးစကားဆိုရင် မင်းသေနိုင်ပြီ"

ရွှေချိုဘုရင်က လှုပ်ရှားလိုက်သည်။

၎င်းက ရွှေဓားတစ်လက်ကို ကိုင်ဆောင်ထားသည်။ သူက ဓားတစ်ချက် ထုတ်ဖော်လိုက်သောအခါ ဟင်းလင်းပြင်က အက်ကွဲသွား၏။

သူတော်စင်နယ်ပယ် သူ့ခွန်အားဖြင့် အောက်ကမ္ဘာရှိ

ဟင်းလင်းပြင်ကို အလွယ်တကူ
ဆုပ်ဖြဲနိုင်စွမ်းရှိပေသည်။

ငွေချိုဘုရင်ကလည်း တစ်ချိန်တည်းမှာပင်
တိုက်ခိုက်လိုက်သည်။ ထိုအခါ သူတော်စင်အဆင့်
အရှိန်အဝါများက လေထဲတွင် ပြည့်လျှံကာ
ဟင်းလင်းပြင်အား ဖြိုချသွား၏။

မျိုးနွယ်နှစ်ခု၏ ခေါင်းဆောင်များက
တပြိုင်နက်တည်း လှုပ်ရှားကြချေပြီ။

ထိုအခါ ဆန်းကျယ်ကောင်းကင်ဂိုဏ်း၏
လက်ကျန်ကျွမ်းကျင်သူများကလည်း
အသက်ချင်းလဲရန် စိတ်ပိုင်းဖြတ်ထားဟန်ဖြင့်
ဟိန်းဟောက်လိုက်ကြသည်။

သူတို့ကြောက်နေလျှင်ပင် ယနေ့
သေရတော့မည်ဖြစ်ကြောင်း ကောင်းစွာသိ၏။

သို့သော်လည်း သူတို့မသေမီ နောက်ထပ်
အပြစ်သားတစ်ဦး သို့မဟုတ် နှစ်ယောက်ကို
သတ်သွားနိုင်လျှင် မဆိုးပေ။ သေရကျိုးနပ်သည်။

အပြစ်သားများကို ဖိနှိပ်ခြင်းက
ဆန်းကျယ်ကောင်းကင်ဂိုဏ်းရှိ လူတိုင်း၏
အရိုးများစွဲနေသော တာဝန်တစ်ခုဖြစ်သည်။

ဤတာဝန်က သခင်မိသားစုအတွက် ၎င်းတို့
ဆန်းကျယ်ကောင်းကင်ဂိုဏ်း၏ကတိပင်။

"သခင်မိသားစုက ငါတို့ကို စွန့်ပစ်ခဲ့ရင်တောင်
နောက်ဆုံး သွေးတစ်စက်ပဲ ကျန်တော့တဲ့အထိ

အပြစ်သားတွေကို သတ်ဖြတ်မယ်"

"ဟုတ်တယ်၊ ငါက ဆန်းကျယ်ကောင်းကင်ဂိုဏ်းသား၊
ငါက သခင်မိသားစုအတွက်"

ဆန်းကျယ်ကောင်းကင်ဂိုဏ်းသားများက
တစ်ယောက်ပြီးတစ်ယောက်
ဟိန်းဟောက်လိုက်ကြသည်။

ဒဏ်ရာအပြင်းအထန်ရပြီး
သေလုမျောပါးဖြစ်နေသူများကလည်း
အပြစ်သားများနှင့်အတူ မိမိကိုယ်ကို အဆုံးစီရင်ရန်
မတုံ့ဆိုင်းဘဲရွေးချယ်ခဲ့၏။

ကြေကွဲဖွယ်မြင်ကွင်းကို မြင်လိုက်ရသော
ဆန်းကျယ်ကောင်းကင်ဂိုဏ်း၏

တပည့်ငယ်များလည်း မျက်လုံးနီရဲလာကြသည်။

ဆန်းကျယ်ကောင်းကင်ဂိုဏ်းချုပ်လည်း မျက်လုံးများ နီရဲလာသည်။

ထိုအချိန်တွင် ဝူကျိုကြယ်နန်းတော်မှ
မှလူများကလည်း လှူပ်ရှားကြရန် အသင့်ဖြစ်နေပြီ ဖြစ်သည်။

ထိုအထဲတွင် သူတော်စင်များလည်း ပါ၏။

ဝူကျိုကြယ်နန်းတော်ကလည်း
လှူပ်ရှားတော့မည်ကိုမြင်သောအခါ
ဆန်းကျယ်ကောင်းကင်ဂိုဏ်းမှ ဂိုဏ်းသူများလည်း
စိတ်ပျက်အားငယ်မှုများ ပြည့်နှက်သွားခဲ့သည်။

"တကယ်ပဲ အခြားနည်းလမ်း မရှိတော့ဘူးလား”

စိတ်ပျော့သော အမျိုးသမီးတပည့်များက
စိတ်မကောင်းစရာမြင်ကွင်းကြောင့်
ငိုကြွေးလိုက်ကြသည်။

ဆန်းကျယ်ကောင်းကင်ဂိုဏ်းချုပ်နှင့်
အခြားသူများလည်း တုန်လှုပ်သွား၏။

ဝူကျိုကြယ်နန်းတော်ပါ ဝင်ရောက်စွက်ဖက်ပါက
ဆန်းကျယ်ကောင်းကင်ဂိုဏ်း၏ လုံးဝပျက်စီးခြင်း
ကံကြမ္မာကို ရှောင်လွှဲနိုင်မည် မဟုတ်တော့ပေ။

"ပြီးပြီ ဆန်းကျယ်ကောင်းကင်ဂိုဏ်း"

မိုဖန်းက နှုတ်ခမ်းကိုတွန့်ကွေးကာ ရေရွတ်လိုက်သည်။

သို့သော်လည်း ထိုအချိန်တွင်…

ကမ္ဘာကြီးက ရုတ်တရက်
တိတ်ဆိတ်သွားသကဲ့သို့ပင်…

အချိန်စီးဆင်းမှုသည်လည်း
များစွာနှေးကွေးသွားခဲ့ပုံရသည်။

ကောင်းကင်ယံမှာတော့ ဖော်မပြနိုင်အောင်
အစွမ်းထက်သော ဓားအလင်းတစ်ခုက
မိုင်တစ်သိန်းအကွာကိုဖြတ်သန်း၍
ဝူကျိုကြယ်နန်းတော်ဘက်မှ လူစုကို
ဖြတ်သန်းသွား၏။

ဓားတစ်ချက်က စကြဝဠာကြီးကို လွှမ်းမိုးသွားသည်။

ဓားတစ်ချောင်းက ကောင်းကင်ကို ဖြိုခွင်းသွား၏။

ဤဓားတစ်ချက်က နှစ်ပေါင်းများစွာကိုဖြတ်သန်းပြီး
ထာဝရသို့ ပိုင်းဖြတ်သွားပုံရပေသည်။

ထိုအချိန်တွင် အချိန်၏ အရှိန်အဝါများဖြင့်
ရှေးဟောင်းဓားတစ်လက်ကို ကိုင်ဆွဲထားသည့်
အဖြူရောင်ဝတ် ပုံရိပ်တစ်ခု ထွက်ပေါ်လာသည်။

ပန်ပွင့်နှစ်များဓားနှင့် အင်မော်တယ်သတ်ဓားသိုင်း။

ပြိုင်ဘက်ကင်းသည့် ဓားတစ်ချက်။

အဆုံးမဲ့နှစ်များ၏ စွမ်းအားကို သယ်ဆောင်ထားကာ
ထက်လွန်းသည့် ဓားတစ်ချက်ပင်။

ဤဓားချက်က ဝူကျိုကြယ်နန်းတော်၏
ကြီးမားသောဧရိယာကို ချက်ချင်း
ဖယ်ရှားပစ်လိုက်သည်။

ဝူကျိုကြယ်နန်းတော်မှ လူများစွာသည်
အချိန်၏တိုက်စားမှုကို မခံနိုင်ဘဲ ခဏချင်းပင်
ဖုန်မှုန့်အဖြစ်သို့ ပြောင်းလဲသွားကြသည်။ ထို့နောက်
လေနှင့်အတူ လွင့်ပါးသွား၏။

ဝူကျိုကြယ်နန်းတော်မှ ကျန်ရစ်သူများလည်း
အလွန်တရာ ထိတ်လန့်တုန်လှုပ်သွားတော့သည်။
ဤဓားချက်က ၎င်းတို့၏ စိတ်ဝိညာဉ်အထိ
တုန်လှုပ်သွားစေခဲ့သည်။

ထိုအချိန်တွင် မိုးနှင့်မြေကို ခွဲခြမ်းနိုင်သော ဓားအလင်းနှင့်အတူ အဆုံးမဲ့အေးစက်မှုများ ပါဝင်နေသည့် အသံတစ်ခု ထွက်ပေါ်လာသည်။

"ဒါ ဆန်းကျယ်ကောင်းကင်ဂိုဏ်းအတွက် ငါ့ရဲ့ ကျွင်းမိသားစုက ဓားချက်ပဲ"

--------

အခန်း ( ၁၇၈ ) နတ်ဘုရားတစ်ပါးကဲ့သို့၊ ဆန်းကျယ်ကောင်းကင်ဂိုဏ်း စိတ်ဓာတ်တက်ကြွလာခြင်း၊ မိုဖန်းကို လိုက်ဖမ်းပြီ။

နတ်ဘုရား၏အသံကဲ့သို့ တည်ငြိမ်ပြီး ထူးခြားမှုမရှိသောအသံသည် လူတိုင်း၏နားထဲတွင်

ပွဲတင်ထပ်သွားသည်။

ယခုအခိုက်အတန့်တွင် အခြေအနေတစ်ခုလုံးသည် ရှားရှားပါးပါး တုံ့ဆိုင်းနေကာ အချိန်ကလည်း ရပ်တန့်သွားပုံရ၏။

ရွှေချိုနှင့် ငွေချိုမျိုးနွယ်များ၊ ဝူကျိုကြယ်နန်းတော်... မည်သူပဲဖြစ်ဖြစ် လူတိုင်း၏မျက်နှာများတွင် မကြုံစဖူးထိတ်လန့်မှုများနှင့် ပြည့်နှက်သွား၏။

'ဒါ ဆန်းကျယ်ကောင်းကင်ဂိုဏ်းအတွက် ငါ့ရဲ့ ကျွင်းမိသားစုက ဓားချက်'

ဆန်းကျယ်ဓားဂိုဏ်းနှင့် အခြားသူများလည်း တကိုယ်လုံး ထုံကျဉ်သွားကာ အနည်းငယ်တုန်လှုပ်သွား၏။

ထို့နောက်တော့ အဆုံးမဲ့အံ့သြမှုများ
ဖြစ်ပေါ်လာတော့သည်။

ကျွင်းမိသားစု။

သခင်မိသားစုက ရောက်ရှိလာခဲ့ကြချေပြီ။

ယခုအချိန်တွင် ဆန်းကျယ်ကောင်းကင်ဂိုဏ်းမှ
ကျင့်ကြံသူအားလုံး အိပ်မက်တစ်ခုလို
လက်တွေ့မကျသော ခံစားချက်များ
ဖြစ်ပေါ်နေခဲ့ကြသည်။

သူတို့မျှော်လင့်နေသော ကျွင်းမိသားစုက တကယ်ပင်
ရောက်လုခဲ့ပြီလော။

အဝေးမှ ကောင်းကင်ယံတွင်
အင်မော်တယ်အရှိန်အဝါများနှင့် လူဖလံပုံရိပ်တစ်ခု
ရှိနေသည်။

၎င်းက အဖြူရောင်ဝတ်စုံကို ဝတ်ဆင်ထားကာ
အချိန်၏ အရှိန်အဝါများ ပြည့်နှက်နေသော
ရှေးဟောင်းဓားတစ်ချောင်းကို ကိုင်ဆွဲထားသည်။

လူတစ်ယောက်...

ဓား တစ်စင်းလကျ...

တုန့်ငြိုမဲ့သော အင်မော်တယ်ကိုယ်ဟန်။

"နှင်းလွှာပြင်လို ဖြူစင်တဲ့အဝတ်အစားနဲ့
တကယ်ထိုက်တန်တဲ့ မသေမျိုး"

ဆန်းကျယ်ကောင်းကင်ဂိုဏ်းမှ
မိန်းကလေးတပည့်တစ်ယောက်က ရှုးသွပ်နေသကဲ့သို့
တစ်ယောက်တည်း ရေရွတ်လိုက်သည်။

ဤမျှထူးကဲသော လူတစ်ယောက်ကို သူမ တခါမျှ
မမြင်ဖူးပေ။

ဆန်းကျယ်ကောင်းကင်ဂိုဏ်းရှိ အံ့သြမှု၊
စိတ်လှုပ်ရှားမှုတို့နှင့် နှိုင်းယှဉ်လျှင်...

ရွှေချိုမျိုးနွယ်နှင့် ငွေချိုမျိုးနွယ်တို့က
ထိတ်လန့်တုန်လှုပ်ကာ စိတ်မသက်မသာဖြစ်ခဲ့ရသည်။

အစောပိုင်းက ကျွင်းမိသားစုကို အထင်သေးနေသော

ရွှေချိုင့်ဘုရင်နှင့် ငွေချိုင့်ဘုရင်လည်း အာခေါင်များ
ခြောက်ကပ်လာကာ တံတွေးများကို
မြိုချနေတော့သည်။

ဝူကျိုကြွယ်နန်းတော်ဘက်မှ လူတစ်စုဆိုလျှင်
ပိုလို့တောင် ကြောက်လန့်ပြီး ဖြူဖပ်ဖြူရော်
ဖြစ်နေခဲ့ကြသည်။

ကျွင်းရှောင်ယောက်၏ ဓားအလင်းထိမှန်ခဲ့သော
လူအားလုံးသည် ဖုန်မှုန့်အဖြစ် ပြောင်းလဲသွားပြီး
တခါတည်းပျောက်ကွယ်သွားရ၏။

ယင်းက အလွန်ကြောက်စရာကောင်းကာ အားလုံးကို
ခေါင်းမွေးထောင်သွားစေခဲ့သည်။

အခြေတည်နတ်ဘုရားများနှင့်

အစစ်အမှန်နတ်ဘုရားများပင် ဤဓားချက်မှ အန္တရာယ်ကို ခံစားနေရတော့သည်။

"ကြောက်စရာကောင်းလိုက်တာ၊ ဒီလူက ဘယ်သူလဲ" မိုဖန်း၏ မျက်နှာက ဖြူဖျော့သွားခဲ့သည်။

ယခုလေးတင် သေခြင်းအငွေ့အသက်များကို သူခံစားခဲ့ရ၏။

မိုဖန်းသည်ပင် ဤဓားအလင်းကြောင့် သေဆုံးလုနီး ဖြစ်ခဲ့ရသည်။

အကယ်၍ သူ့ခန္ဓာကိုယ်ထဲမှ ကြယ်ပွင့်လူလေးက ကြယ်တာရာဒိုင်းတစ်ခုကို မထုတ်ဖော်ခဲ့လျှင် ဖုန်မှုန့်အဖြစ်သို့ ပြောင်းလဲသွားပြီး ဖြစ်ရမှာပင်

ကြောက်မိသည်။

ကျောင်းရှောင်ယောက်က လျစ်လျူရှုစွာ ပြောလိုက်သည်။

"ဒီနတ်ဘုရားရဲ့သားတော်က အပြစ်သားတွေကိုသတ်ဖို့လာတာ၊ မင်းတို့ အဝါရောင်စမ်းကိုသွားဖို့ အဆင်သင့်ဖြစ်နေပြီလား"

ကျောင်းရှောင်ယောက်၏စကားက ရွှေချိုနှင့် ငွေချိုမျိုးနွယ်များကို မျက်နှာသုန်မှုန်သွားသည်။

ရွှေချိုဘုရင်ဆိုလျှင် 'ကိုယ်ရဲ့လုပ်နိုင်စွမ်းကို ပိုတွက်နေတယ်'ဟု ပြောတော့မည် ဖြစ်သည်။

ထိုအချိန်တွင် တုန်ရွှမ်ဘိုးဘေးနှင့် အခြားသူများ

ပေါ်လာခဲ့၏။

သူတော်စင်နှစ်ယောက်၊ သူတော်စင်တစ်ပိုင်း တစ်ယောက်။

အောက်ကမ္ဘာတွင် ထိုအင်အားက လုံးဝကြောက်စရာကောင်းသော တည်ရှိမှုများ ဖြစ်သည်။

အောက်ကမ္ဘာအတွက် သူတော်စင်တစ်ပိုင်းပင်လျှင် အလွန်လွှမ်းမိုးနိုင်စွမ်း ရှိပေမည်။

"အရမ်းကောင်းတယ်..."

ဆန်းကျယ်ကောင်းကင်ဓားဂိုဏ်းချုပ်၊ ဒုဂိုဏ်းချုပ်နှင့် အခြားလူများ စိတ်လှုပ်ရှားစွာဖြင့် မျက်လုံးများ

နီရဲသွားသည်။

အပြစ်သားမျိုးနွယ်များမှာတော့ နှလုံးသားများ လေးလံသွား၏။

ဂူကျိုကြယ်နန်းတော်ကလည်း ဂုဏ်နည်းတူ ခံစားနေရတော့သည်။

မိုဖန်း၏ မျက်နှာဆိုလျှင် အလွန်မည်းမှောင်နေခဲ့ပြီ ဖြစ်သည်။

လွန်ခဲ့သည့်နှစ်အတွင်း သူသည် ဆက်တိုက်တိုးတက်လာပြီး သူ့လမ်းကလည်း ချောမွေ့ခဲ့သည်။ အမှန်အတိုင်းပြောရလျှင် သူသည် ဤအနေအထား၌ အနည်းငယ်ပင် စီးမျောနေမိ၏။

အောက်ကမ္ဘာမှ ပါရမီရှင်မပြောနှင့်၊
အင်မော်တယ်နယ်မြေကြီးရှိ ပါရမီရှင်တချို့ကိုပင်
မိုဖန်းက သိပ်ဂရုမစိုက်ပေ။

သို့သော်လည်း ကျွင်းရှောင်ယောက်၏
ဓားတစ်ချက်က မိုဖန်းကို သေခြင်းတရားနှင့်
အကြောက်တရားအား နားလည်စေခဲ့သည်။

သူ့တွင် ကြယ်ပွင့်လူလေး ရှိနေလျှင်ပင်
ကျွင်းရှောင်ယောက်၏ပြိုင်ဘက်
မဖြစ်နိုင်သေးသကဲ့သို့ ခံစားနေခဲ့ရသည်။

"ရွှေချို၊ ငွေချို၊ ဂူကျိုကြယ်နန်းတော်... သူတို့ထဲက
တစ်ယောက်မှ အလွတ်မပေးနဲ့"

ကျွင်းရှောင်ယောက်က လျစ်လျူရှုစွာ

ပြောလိုက်သည်။

ထိုအပြစ်သားများအတွက် ကျွင်းရှောင်ယောက်သည် အနည်းငယ်မျှ ကရုဏာမရှိပေ။

သတ်လိုက်ရုံသာ ဖြစ်သည်။

ဝူကျိုကြွယ်နန်းတော်က ဤကပ်ဘေးဖြစ်ရန် ထောက်ပံ့ပေးခဲ့သူဖြစ်၍ ကျွင်းရှောင်ယောက်သည် သဘာဝအတိုင်း လွှတ်ထားမည်မဟုတ်ပေ။

"သခင်လေးရဲ့ အမိန့်အတိုင်းပါ"
တုန်ရှမ်ဘိုးဘေးတို့ သုံးယောက်က တပြိုင်နက်တည်း လှုပ်ရှားလိုက်ကြသည်။

သူတော်စင်နှစ်ဦးနှင့် သူတော်စင်တစ်ပိုင်း
တစ်ယောက်သည် တိုက်ပွဲဒီရေကို
ပြောင်းပြန်လှန်ပစ်ရန် လုံလောက်၏။

"ဆန်းကျယ်ကောင်းကင်ဂိုဏ်းသားတို့၊ သခင်မိသားစုနဲ့
ပူးပေါင်းပြီး အပြစ်သားမျိုးနွယ်တွေကို သတ်ကြ"
ဆန်းကျယ်ကောင်းကင်ဂိုဏ်းချုပ်က
အသံကျယ်ကျယ်ဖြင့် အမိန့်ပေးလိုက်သည်။

"ဟုတ်ကဲ့"
စိတ်ဓာတ်တက်ကြွလာသော ဂိုဏ်းသားများလည်း
တန်ပြန်တိုက်စစ်ကို ဖွင့်လိုက်ကြ၏။

ကျွင်းရှောင်ယောက်ကလည်း အချိန်၏
အားကောင်းသော စွမ်းအားများ စိမ့်ဝင်နေသည့်
ပန်ပွင့်နှစ်များစားကို ကိုင်ဆွဲကာ လှုပ်ရှားခဲ့သည်။

အဆင့်တူများမဆိုထားနှင့် တာအိုပေါင်းစည်းခြင်း၊ နီဗားနား၊ ကောင်းကင်ဘုံ၊ နတ်မီးတောက်အဆင့်များပင် ကျွင်းရှောင်ယောက်၏ ဓားချက်နှင့်ရင်ဆိုင်ရပါက အန္တရာယ်ကို ခံစားရမည် ဖြစ်သည်။

ကျွင်းရှောင်ယောက်က အင်မော်တယ်သတ်ဓားသိုင်းကို ပန်ဟွမ်နှစ်များစွာနှင့် ထုတ်ဖော်သောအခါ နီဗားနားနယ်ပယ်ကိုပင် အလွယ်တကူ သတ်နိုင်စွမ်းရှိ၏။

ကောင်းကင်ဘုံနှင့် နတ်မီးတောက်နယ်ပယ် ကျွမ်းကျင်သူတစ်ဦးပင်လျှင် ဒဏ်ရာအပြင်းအထန်ရပြီး အဆုံးတွင် သေဆုံးသွားရပေလိမ့်မည်။

ကျွင်းရှောင်ယောက်၏ လမ်းတစ်လျှောက်ရှိ မည်သူမျှ ခံနိုင်စွမ်းမရှိခဲ့ပေ။

ရီယုနှင့် စုဇီချုံကလည်း လှုပ်ရှားကြပြီး ပြတ်ပြတ်သားသား လုပ်ဆောင်ခဲ့ကြသည်။

ထိုအချိန်တွင် ဝူကျိုကြယ်နန်းတော်မှ လူများက အထိတ်တလန့်ဖြစ်ကာ ဆုတ်ခွာသွား၏။

တကယ်တော့ သူတို့က ဝင်ပါကြရန်မလိုသော်လည်း ယခုအခါ အမှားတစ်ခုကြောင့် ထာဝရမုန်းတီးမှုအဖြစ် ပြောင်းလဲသွားခဲ့ပြီ။ အခုမှ နောင်တရချင်လျှင်လည်း အချိန်နှောင်းသွားခဲ့ပြီ ဖြစ်သည်။

ဝူကျိုကြယ်နန်းတော်သည်လည်း ကျွင်းမိသားစုက

ဤမျှမြန်မြန် ရောက်လာမည်ဟု မမျှော်လင့်ခဲ့ပေ။

မိုဖန်းက နောက်ပြန်ဆုတ်ရန်ပြင်လိုက်ချိန်တွင် သူ့မျက်လုံးထောင့်မှ ရင်းနှီးပြီးသား ပုံရိပ်တစ်ခုကို လှမ်းမြင်လိုက်ရသည်။

'လျိုချန်ချန်... သူ ဘယ်လိုလုပ်ပြီး ဖြစ်နိုင်မှာလဲ'

မိုဖန်း၏ စိတ်ထဲတွင် အလွန်တုန်လှုပ်သွားသည်။

သူကိုယ်တိုင် လျိုချန်ချန်ကို လူမဆန်စွာ ညှဉ်းပန်းနှိပ်စက်ခဲ့သည် မဟုတ်ပါလား။

လျိုချန်ချန် ပိုစိတ်ဆင်းရဲလေလေ၊ သူက ပိုပျော်ရလေလေပင်။

သို့ရာတွင် ယခုအခါ...

လျိုချန်ချန်က ပြန်လည်ကောင်းမွန်ရုံသာမကဘဲ ကျင့်ကြံခြင်းအခြေကလည်း ယခင်ကထက် ပို၍ မြင့်မားလာပုံရသည်။

ထို့အပြင် သူမက ကျွင်းရှောင်ယောက်အနီးတွင် ပြင်းပြင်းထန်ထန် တိုက်ခိုက်နေ၏။ ကျွင်းရှောင်ယောက်ကိုကြည့်သည့် သူ့မျက်လုံးများကလည်း လေးလေးနက်နက် မြတ်နိုးမှု၊ စွဲလမ်းမှုနှင့် တောင့်တမှုတို့ ပြည့်နှက်နေတော့သည်။

'သေစမ်း၊ ဒါတွေအားလုံးက ကျွင်းမိသားစုရဲ့ နတ်ဘုရားသားတော်ကြောင့်ပဲ၊ လျိုချန်ချန်ကိုလည်း သူပဲ ကယ်တင်ခဲ့တာ ဖြစ်ရမယ်၊ ချီးတဲ့မှပဲ'

မိုဖန်း၏မျက်နှာက သုန်မှုန်သွားသည်။

လျိုချန်ချန်က သူ၏ စွဲလမ်းမှုပင် ဖြစ်ချေသည်။

သူမ ပိုစိတ်ဆင်းရဲရလေလေ မိုဖန်းအဖို့
ပို၍ကျေနပ်ရလေပင် ဖြစ်သည်။

ယခုတော့ ကျွင်းရှောင်ယောက်က လျိုချန်ချန်ကို
ကယ်တင်ခဲ့ရာ မိုဖန်းစိတ်ထဲ၌
အလွန်ဒေါသဖြစ်သွားမိတော့သည်။

'အခွင့်သာရင် ကျွင်းမိသားစုရဲ့
ဒီနတ်ဘုရားသားတော်ကို
လျိုချန်ချန်ကိုကယ်ခဲ့တဲ့အတွက် နောင်တရစေရမယ်'
မိုဖန်းက အေးစက်စက်ဖြင့်တွေးကာ

နောက်ဆုတ်သွားခဲ့သည်။

မိုဖန်းက မိုက်မဲသူမဟုတ်ပေ။ ယခုအချိန်တွင် သူ့အတွက် ကျွင်းရှောင်ယောက်ကို အနိုင်ယူရန် မဖြစ်နိုင်မှန်း သိသည်။

အရင်ဆုံး ကြယ်နန်းတော်၏ ရတနာများကို ယူရပေဦးမည်။

ထိုအချိန်တွင် လျိုချန်ချန်က တိတ်တဆိတ်ထွက်သွားရန် ဟန်ပြင်နေသော မိုဖန်းကို သတိပြုမိသွားသည်။ ထိုအခါ သူမမျက်လုံးတွင် မုန်းတီးမှုနှင့် ဒေါသများ ဖြစ်ပေါ်လာပြီး အော်ဟစ်လိုက်၏။

"မိုဖန်း၊ နင်မပြေးနဲ့၊ လူယုတ်မာ"

"ဟမ်"

ကျွင်းရှောင်ယောက်လည်း မိုဖန်းကို
လှည့်ကြည့်လိုက်သည်။

ယင်းကိုမြင်သောအခါ မိုဖန်းက
အဆောင်စာရွက်တစ်ခုကိုထုတ်ယူပြီး
သူ့ခန္ဓာကိုယ်ပေါ်တွင် ကပ်လိုက်၏။ ထို့နောက်တော့
အလင်းတန်းတစ်ခုကဲ့သို့ အဝေးကို
ထွက်ပြေးတော့သည်။

"သူလား"

ကျွင်းရှောင်ယောက်က လှုပ်ရှားရန် အသင့်ရှိသည်။

ထိုအချိန်တွင် ဝူကျိကြယ်နန်းတော်မှ
ကျွမ်းကျင်သူတစ်စုက ၎င်းတို့ကို ဝိုင်းရံထားသည်။

မိုဖန်းက ဝူကျိုကြယ်နန်းတော်၏ အစိကနှလုံးသားဖြစ်ရာ အဆုံးရှုံးမခံနိုင်ကြပေ။

"ရထားကိုတားဖို့ ကြိုးစားနေတဲ့ ပုရွက်ဆိတ်တွေ"

ကျွင်းရှောင်ယောက်က ပန်ဟွမ်နှစ်များစားဖြင့် တစ်ချက်ခုတ်ပိုင်းလိုက်သည်။ ထိုအခါ ဝူကျိုကြယ်နန်းတော်၏ ကျွမ်းကျင်သူများမှာ ဖုန်မှုန့်အဖြစ်သို့ ပြောင်းလဲသွားခဲ့ရလေသည်။

'ရီယု၊ သူ့ကို ဖမ်းလိုက်'

ကျွင်းရှောင်ယောက်က အသံပို့လွှတ်ကာ ပြောလိုက်၏။

"ကောင်းပါပြီ"

မိုဖန်းလည်း နောက်ပြန်ဆုတ်ပြီး
နေအလင်းတစ်ခုအသွင်ဖြင့် မိုဖန်းနောက်ကို
ပြေးလိုက်သွားတော့သည်။

--------

အခန်း ( ၁၇၉ ) စစ်ပွဲပြီးဆုံးပြီ၊ နောက်လိုက်များ၊
ရဲ့ရှင်းယွင်၏ စတိုင်။

ကျွင်းရှောင်ယောက်၊ တုန်ရွှမ်ဘိုးဘေးတို့နှင့်
တခြားသူများ ပူးပေါင်းလိုက်သောအခါ
အပြစ်သားနှစ်ယောက်နှင့် ဝူကျိုကြယ်နန်းတော်ကို
အနိုင်ယူခြင်းက အချိန်တစ်ခုမျှသာဖြစ်ချေသည်။

တစ်ဖက်တွင် ရီယုက ထွက်ပြေးသွားသော
မိုဖန်းနောက်သို့ လိုက်နေသည်။

"သခင်လေး ဖမ်းချင်တဲ့လူက
လွတ်မြောက်နိုင်မှာလား"

ရီယုက အေးစက်စက်ဖြင့် လေးကိုမြှောက်ကာ
ပစ်လွှတ်လိုက်သည်။

မြှားကိုးစင်းသည် မီးငှက်ကိုးကောင်ကဲ့သို့ မိုဖန်းထံသို့
တိုးဝင်သွား၏။

မိုဖန်းက လက်ကိုတစ်ချက်လှုပ်လိုက်သောအခါ
တောက်ပသော ကြယ်ပွင့်ကြီးတစ်ပွင့်
ထွက်ပေါ်လာသည်။

"ဝုန်း… ဝုန်း…"

ကိုးကြိမ်ဆက်တိုက် ပေါက်ကွဲပြီးနောက်
တံဆိပ်တော်ပြိုကွဲသွားကာ မိုဖန်းလည်း

သွေးတစ်ပွက်အန်ပြီး လွင့်စဉ်သွားခဲ့သည်။

သူ့မျက်နှာမှာလည်း မကျေနပ်သော အရိပ်အမြွက်များ ထွက်ပေါ်လာခဲ့၏။

သူက ကျွင်းရှောင်ယောက်ကိုမပြောနှင့်၊ တစ်ဖက်လူ၏ နောက်လိုက်များကိုပင် အနိုင်ယူလို့မရပေ။

"ဖမ်းထားလော့"

ရီယုက သူ့လက်ကို မြှောက်လိုက်ပြီး စွမ်းအားလက်ဝါးကြီးတစ်ဖက်ကို ထုတ်ဖော်ကာ မိုဖန်းဆီသို့ လှမ်းဆွဲလိုက်သည်။

ထိုအချိန်တွင် ဟင်းလင်းပြင်က ရုတ်တရက်

ပုံပျက်သွားကာ အရိပ်တစ်ခု ပေါ်လာခဲ့၏။

ထို့နောက်မှာတော့ မိုဖန်းလည်း နေရာမှာပင် ပျောက်ကွယ်သွားတော့သည်။

"ဒါ...”

ရီယု၏ လက်ဝါးကြီးက လေထုကိုသာ ဖမ်းဆုပ်မိသွားသည်။

ရီယု မျက်မှောင်ကြုတ်လိုက်၏။

ပတ်ဝန်းကျင်ကို စေ့စေ့စပ်စပ် စုံစမ်းကြည့်သော်လည်း ရီယုသည် မိုဖန်း၏ အရိပ်အယောင်ကိုမျှ မတွေ့ရှိခဲ့ပေ။

"သူ့ကို ဘယ်သူက ကယ်လိုက်တာလဲ မသိဘူး။ ထားပါ၊ သခင်လေးဆီကိုပဲ အရင်သွားလိုက်မယ်"

ရီယုလည်း မျက်မှောင်ကြုတ်ကာ လှည့်ထွက်သွားတော့သည်။

ဤတွင် တိုက်ပွဲကလည်း ပြီးဆုံးသွားပေပြီ။

ကျွင်းရှောင်ယောက်ဘက်တွင် လူမများသော်လည်း သူတော်စင်သုံးဦးနှင့် သူတော်စင်တစ်ပိုင်း နှစ်ဦး ရှိသည်။

ဤအင်အားက တိုက်ကြီးတစ်ခုကို အလျားလိုက် တွန်းထုတ်သွားရန် လုံလောက်ခဲ့ပေသည်။

ရွှေချိုဘုရင်နှင့် ငွေချိုဘုရင်အပြင် ဝူကျိုကြယ်နန်းတော်၏ သူတော်စင်လည်း

လက်မခံနိုင်စွာ အော်ဟစ်ရင်း
ကျဆုံးသွားကြတော့သည်။

ရင်းတို့အားလုံးက သူတော်စင်များဖြစ်သော်လည်း
တန်ခိုးအရာတွင် တုန်ရှမ်ဘိုးဘေးတို့ကို မမီပေ။

သူတော်စင်ချင်းတူလျှင်ပင် အားနည်းသူ၊ သန်မာသူ
ရှိသည်။

ရွှေချိုဘုရင်နှင့် အခြားသူများက သူတော်စင်နယ်ပယ်
အစောပိုင်း သို့မဟုတ် အလယ်လတ်အဆင့်တွင်သာ
ရှိသည်။

တုန်ရှမ်ဘိုးဘေးနှင့် အခြားဘိုးဘေးကတော့
သူတော်စင်နယ်ပယ် သေးငယ်သော ပြီးပြည့်စုံခြင်းသို့
ရောက်ရှိနေခဲ့ကြချေပြီ။

ကွာဟချက်က ကြီးမားသည်။

အောက်ကမ္ဘာ၏ သဘာဝဥပဒေသများကြောင့်
သူတော်စင်အဖြစ် ကျင့်ကြံနိုင်လျှင်ပင် သေးငယ်သော
ပြီးပြည့်စုံမှု သို့မဟုတ် ကြီးမားသော ပြီးပြည့်စုံမှုသို့
ရောက်ရှိနိုင်ရန် ခက်ခဲသည်။

ထိပ်တန်းခေါင်းဆောင်များ အသတ်ခံရပြီးနောက်
ကျန်အပြစ်သားအများစုမှာ အသတ်ခံခဲ့ရပေသည်။

မတော်တဆ လွတ်သွားသူတချို့ရှိသော်လည်း
၎င်းတို့က ခြိမ်းခြောက်မှု လုံးဝမရှိတော့ပေ။

ဂူကျိုကြယ်နန်းတော်မှ လူတစ်စုသည်ပင်

သဘာဝအတိုင်း အသတ်ခံခဲ့ရသည်။

မြေကြီးတပြင်လုံး၌ အလောင်းများပုံကာ
သွေးများကလည်း မြစ်ငယ်များကဲ့သို့
စီးဆင်းသွားသည်။

ဆန်းကျယ်ကောင်းကင်ဂိုဏ်းရှိလူတိုင်းသည်
သွေးများဖြင့် ဖုံးလွှမ်းနေသော်လည်း
သူတို့အမူအရာများမှာ စိတ်လှုပ်ရှားတက်ကြွမှုများဖြင့်
ပြည့်နှက်နေသည်။

ဆန်းကျယ်ကောင်းကင်ဂိုဏ်းမှ တပည့်များကလည်း
ကျွင်းရှောင်ယောက်ကို လေးစားမှုအပြည့်ဖြင့်
ကြည့်ကြလေ၏။

ကျွင်းရှောင်ယောက်က ပန်ဟွမ်နှစ်များစားကို

ကိုင်ထားပြီး လေထဲတွက် ရပ်နေသည်။

ပြင်းထန်သော တိုက်ပွဲတစ်ခုကို
ရင်ဆိုင်ခဲ့ရသော်လည်း
သူ၏အဖြူရောင်အဝတ်အစားများသည်
ဖုန်မှုန့်များဖြင့် မစွန်းထင်းသေးပေ။

၎င်းက ဓားနတ်ဘုရားတစ်ပါးကဲ့သို့ နေရာတွင်
တည်ငြိမ်စွာရပ်နေသည်။

ဆန်းကျယ်ကောင်းကင်ဂိုဏ်းမှ
အမျိုးသမီးတပည့်များမှာတော့ အောက်ကမ္ဘာတွင်
ထိုသို့သောတည်ရှိမှုမျိုးကို တစ်ခါမျှ
မမြင်ဖူးကြသဖြင့် သူတို့၏ နှလုံးသားများမှာလည်း
တဒုတ်ဒုတ်ခုန်ပေါက်နေတော့သည်။

ဆန်းကျယ်ကောင်းကင်ဂိုဏ်းချုပ်နှင့် တခြားသူများကတော့ အရှေ့သို့လှမ်းကာ လေးလေးစားစားဦးညွှတ်ပြီး ပြောလိုက်သည်။

"သခင်မိသားစုရဲ့ ကြီးမားတဲ့ကရုဏာအတွက် ကျေးဇူးတင်ပါတယ်၊ သခင်လေး နတ်ဘုရားသားတော်ရဲ့ မဟာကရုဏာအတွက်လည်း ကျေးဇူးတင်ပါတယ်။ နတ်ဘုရားသားတော်သာ အချိန်မီမရောက်လာရင် ကျွန်တော်တို့ ဆန်းကျယ်ကောင်းကင်ဂိုဏ်းက အမှန်တကယ် ပျက်စီးသွားရတော့မှာပါ"

ဆန်းကျယ်ကောင်းကင်ဂိုဏ်း၏ ကျန်ရစ်သူများကိုကြည့်ကာ ကျွင်းရှောင်ယောက် ခဏစဉ်းစားလိုက်သည်။

သူက လက်ကိုဝှေ့ယမ်းလိုက်သောအခါ ဆေးဝါး၊ ဝိညာဉ်ကျောက်တုံးများနှင့် လက်နက်များစွာတို့သည်

တောင်တန်းပေါ်သို့ ကျဆင်းသွား၏။

ဆန်းကျယ်ကောင်းကင်ဂိုဏ်းမှလူများလည်း
၎င်းတို့ဘဝတွင်
ဤမျှလောက်ကောင်းသောအရာများကို
တစ်ခါမျှမမြင်ဖူးသောကြောင့်
တုန်ယင်နေကြတော့သည်။

ကျွင်းရှောင်ယောက်အတွက် သာမာန်အရာများမှာ
သူတို့အိပ်မက်ပင် မမက်နိုင်သည့် အဖိုးမဖြတ်နိုင်သော
ရတနာများဖြစ်ကြသည်။

"နတ်ဘုရားသားတော်၊ ဒါတွေအားလုံးက
ငါတို့အတွက်ပဲလား"

ဆန်းကျယ်ကောင်းကင်ဂိုဏ်းချုပ်လည်း
တုန်ယင်နေသောလေသံဖြင့် ပြောလိုက်၏။

ဤအရာများက သူ့အတွက်
အထူးအဖိုးတန်သည်မဟုတ်ပေ။ သို့ရာတွင်
သူ၏တပည့်များအတွက်မူကား ၎င်းတို့သည်
သေချာပေါက် အခွင့်ကောင်းတစ်ခုဖြစ်သည်။

"ဆန်းကျယ်ကောင်းကင်ဂိုဏ်းက
ကျွင်းမိသားစုအတွက် အပြစ်သားတွေကို
နှစ်ပေါင်းများစွာဖိနှိပ်ပေးပြီး ကောင်းမွန်တဲ့
အလုပ်တစ်ခုကို လုပ်ခဲ့တယ်။ ဒါကြောင့် ဆုလာဘ်ပဲ။
နောက်တော့ ဂူကျိုကြယ်နန်းတော်ကိုပါ အပြီးအပိုင်
ဖျက်ဆီးသွားမှာမို့
ကြယ်တာရာတိုက်ကြီးတစ်ခုလုံးကလည်း ခင်ဗျားတို့
ဆန်းကျယ်ကောင်းကင်ဂိုဏ်းရဲ့
ထိန်းချုပ်မှုအောက်မှာပဲ အမြဲရှိနေတော့မှာပါ"
ကျွင်းရှောင်ယောက်က ပြောလိုက်သည်။

"နတ်ဘုရားသားတော်ရဲ့ ကြီးမားတဲ့ ကြင်နာမှုအတွက် ကျေးဇူးတင်ပါတယ်"

ဆန်းကျယ်ကောင်းကင်ဂိုဏ်းချုပ်နှင့် တခြားသူများလည်း ယင်းကိုကြားသောအခါ အလွန်စိတ်လှုပ်ရှားလာပြီး ဦးညွတ်လိုက်ကြပြန်တော့သည်။

ကျွင်းရှောင်ယောက်က အောက်ကမ္ဘာဆယ်ခုထဲမှ တစ်ခုကို တိုက်ရိုက်ပေးအပ်လိုက်ခြင်း ဖြစ်သည်။

ဒီလက်ဆောင်မှာ ကြီးမားလွန်း၏။

တိုက်ကြီးတစ်ခုလုံးကို ပေါ့ပေါ့ပါးပါးပေးလိုက်သော ကျွင်းရှောင်ယောက်ကိုကြည့်ကာ အမျိုးသမီးတပည့်များလည်း

မျက်လုံးအရောင်တောက်ပနေတော့သည်။

"ဒါထက် နတ်ဘုရားသားတော်၊ ဒီအဘိုးကြီးက ပြောစရာတစ်ခုရှိပါတယ်"

ဆန်းကျယ်ကောင်းကင်ဂိုဏ်းချုပ်က လေးနက်သော လေသံဖြင့် ပြောလာသည်။

"ဘာအကြောင်းလဲ"

ကျွင်းရှောင်ယောက်က မေးလိုက်၏။

"ရှေးဟောင်းနတ်ဆိုးဂိုဏ်းနှင့် ရှေးနတ်ဆိုးမျိုးနွယ်က အပြစ်သားတွေနဲ့ ပေါင်းပြီး ဘက်ပြောင်းသွားကြပါပြီ"

ဆန်းကျယ်ကောင်းကင်ဂိုဏ်းချုပ်က ပြောလိုက်သည်။

"အိုး"

ကျွင်းရှောင်ယောက် မျက်ခုံးပင့်လိုက်၏။

အောက်ကမ္ဘာရှိ ကျွင်းမိသားစု၏
နောက်လိုက်ငါးဦးမှာ...

ဆန်းကျယ်ကောင်းကင်ဂိုဏ်း၊ တာ့ယင်မင်းဆက်၊
ရှေးနတ်ဘုရား၊ ရှေးနတ်ဆိုးမျိုးနွယ်နှင့်
ရှေးဟောင်းနတ်ဆိုးများ ဖြစ်သည်။

၎င်းတို့တွင် ရှေးနတ်ဘုရားများ၊ ရှေးနတ်ဆိုးများနှင့်
ရှေးနတ်ဆိုးဂိုဏ်းက ရွှေချိုမျိုးနွယ်၊
ငွေချိုမျိုးနွယ်များကဲ့သို့ ဆင်တူသော
အုပ်စုများဖြစ်သည်။

ရှေးနတ်ဘုရားများနှင့်နှိုင်းယှဉ်လျှင်...

ရှေးနတ်ဆိုးများက နတ်ဆိုးကျင့်စဉ်များကို
ကျင့်သုံးကြပြီး နတ်ဆိုးသဘာဝကို
ပိုမိုနှစ်သက်ကြသည်။

ရှေးနတ်ဆိုးမျိုးနွယ်တွင်
နတ်ဆိုးမျိုးနွယ်သွေးမျိုးဆက်လည်း ပါရှိ၏။

ကျွင်းရှောင်ယောက်သည် ၎င်းတို့၏
သစ္စာဖောက်ကြောင့် အံ့သြခြင်းတော့ မရှိပေ။

"ကျွင်းမိသားစုကို သစ္စာဖောက်ခြင်းရဲ့
အကျိုးဆက်ကို သူတို့ လုံးဝမခံနိုင်စေရဘူး"

ကျွင်းရှောင်ယောက်၏ မျက်လုံးများတွင်
အေးစက်စက် အလင်းရောင်တစ်ခု

လင်းလက်လာသည်။

ထိုအချိန်တွင် ရီယု ပြန်ရောက်လာ၏။

"တောင်းပန်ပါတယ်၊ သခင်လေးရဲ့
မျှော်လင့်ချက်အတိုင်း မလုပ်နိုင်ဘူး၊ ရီယုက
အဲဒီလူကို မဖမ်းနိုင်ခဲ့ဘူး"
ရီယုက ခေါင်းငုံ့ကာ လက်ယှက်ပြီး ပြောလိုက်သည်။

"အခြေအနေဘယ်လိုလဲ"
ကျွင်းရှောင်ယောက်က မေးကြည့်သည်။

ရီယုကလည်း အခြေအနေကို ပြောပြ၏။

"ပုံရိပ်တစ်ခုက တင်ကယ်သွားတာလား"

ကျွင်းရှောင်ယောက်က မျက်ခုံးပင့်ကာ
တွေးကြည့်လိုက်၏။

"ရီယုက ညှံ့တယ်၊ သခင်လေး အပြစ်ပေးပါ"
ရီယုက ရဲဝံ့စွာ ပြောလိုက်သည်။

"မေ့လိုက်ပါ၊ ဒါက မင်းကြောင့်မဟုတ်ဘူး"
ကျွင်းရှောင်ယောက်က သူ့လက်ကို
ဝှေ့ယမ်းလိုက်သည်။

ရီယု၏ ခွန်အားက မိုဖန်းကို
လုံးဝချေမှုန်းနိုင်သော်လည်း မိုဖန်းသည်ကား
ကြယ်တာရာတိုက်ကြီးမှ
အစိကဇာတ်ဆောင်ဖြစ်သည်။ သူသာ
လွယ်လွယ်နှင့်ကျဆုံးပါက
ဤကမ္ဘာကြီး၏ဇာတ်ဆောင်က

အလွန်စျေးပေါပေလိမ့်မည်။

ကျွင်းရှောင်ယောက် သိချင်သည်က မိုဖန်းကို ကယ်တင်ခဲ့သူပင်။

၎င်းက ဝူကျိကြယ်နန်းတော်သခင်လား၊ သို့မဟုတ် အခြားသူတစ်ယောက်ယောက်လား။

'မင်းဖြစ်နိုင်မလား'

ကျွင်းရှောင်ယောက်၏ နက်ရှိုင်းသော မျက်လုံးများသည် တစ်စုံတစ်ခုကို မှန်းဆမိသွားသည်။

.........

တစ်ချိန်တည်းမှာပင်၊ ကြယ်တာရာတိုက်ကြီး၊
ဝေးလံခေါင်သီသော တောင်ပေါ်တောအုပ်တွင်...

ဟင်းလင်းပြင်က ခဏမျှ ပုံပျက်သွားကာ ပုံရိပ်နှစ်ခု
ရုတ်တရက်ပြန်ပေါ်လာသည်။

၎င်းတို့ထဲမှ တစ်ခုမှာ မိုဖန်းပင် ဖြစ်သည်။

သူ့ရင်ထဲတွင် ကြောက်စိတ်များဖြင့် ခုန်ပေါက်နေပြီး
ကယ်တင်သူကို လှည့်ကြည့်လိုက်သည်။
၎င်းကိုမြင်ကာနီးတွင် သန်မာသော ဖိအားတစ်ခုကို
ခံစားလိုက်ရ၏။

သူ့ရှေ့တွင် အပြာရောင်ဝတ် လူငယ်တစ်ယောက်
ရပ်နေပြီး တစ်ကိုယ်လုံးတွင်လည်း
တောက်ပသောကြယ်အလင်းများ ထွက်ပေါ်နေသည်။

သူ၏ အရှိန်အဝါကလည်း အောက်ကမ္ဘာနှင့် လုံးဝမသက်ဆိုင်ပေ။

"မင်းက အင်မော်တယ်နယ်မြေကြီးရဲ့ ပါရမီရှင် တစ်ယောက်လား"

မိုဖန်း၏ မျက်နှာအမူအရာ ပြောင်းသွားသည်။

သူက အင်မော်တယ်နယ်မြေကြီးမှလူများကို သဘာဝအရ ဆန့်ကျင်ဘက်ပြုပေသည်။

အင်မော်တယ်နယ်မြေကြီးမှ လူများရှေ့တွင် အောက်ကမ္ဘာမှ ဤလူများက ပုရွက်ဆိတ်များ ဖြစ်ပုံရသည်။

"စိတ်မပူပါနဲ့၊ ငါမင်းကိုဒုက္ခမပေးဘူး"

ကြယ်အလင်းရောင်များ ပြည့်နှက်နေသောလူရိပ်က ပေါ့ပါးပါး ပြောလိုက်၏။

"မင်း... မင်းက ဘယ်သူလဲ"

မိုဖန်းက စိုးရိမ်နေသေးကာ ကြည့်လိုက်သည်။

"ပျက်ဆီးခြင်းကောင်းကင် အင်မော်တယ် နယ်မြေ၊ ရှေးဟောင်းပျက်ဆီးခြင်း ရဲ့မိသားစု၊ ရဲ့ရှင်းယွင်"

-------

အခန်း ( ၁၈၀ ) ရဲ့ရှင်းယွင်၏ အစီအစဉ်၊

ကြယ်နန်းတော်၏ ရတနာသော့၊

ဝူကျိုကြယ်နန်းတော်၏ နောက်ဆုံးတိုက်ပွဲ။

"အင်မော်တယ်နယ်မြေကြီးက ရှေးဟောင်းမိသားစု"

မိုဖန်း၏မျက်နှာက သုန်မှုန်သွားသည်။ သူသည် အတော်လေး ချုပ်တည်းနေရပုံလည်း ရှိ၏။

ကျွင်းမိသားစုကို မကျေနပ်တော့သောကြောင့် ရှေးဟောင်းမိသားစုဟူသော နာမည်များကို မကြားလိုတော့ပေ။

"စိတ်မပူပါနဲ့ ငါ့ရဲ့ ရဲ့မိသားစုနဲ့ ကျွင်းမိသားစုက အတူတူမဟုတ်ဘူး။ ကျွင်းရှောင်ယောက်နဲ့ ငါတောင် အာဃာတတွေ ရှိနေပြီ"

ရဲ့ရှင်းယွင်က မျက်လုံးကို အနည်းငယ်မှိတ်လိုက်သည်။

မိုဖန်း အံ့သြသွား၏။

ရှေးဟောင်းရဲ့မိသားစု၏ ပါရမီရှင်က ကျွင်းမိသားစုမှ နတ်ဘုရားသားတော်အပေါ် ရန်လိုနေကြောင်း သိလိုက်ရပေသည်။

သို့ရာတွင် ရဲ့ရှင်းယွင်က သူ့ကို ဘာကြောင့်ကယ်တင်ခဲ့သနည်း။

"အင်မော်တယ်နယ်မြေက သခင်လေး၊
မင်းရဲ့အကူအညီအတွက်
ငါအရမ်းကျေးဇူးတင်ပေမယ့်
ဘာအကြောင်းကြောင့်လဲ"

မိုဖန်းက သံသယဖြစ်နေမိသည်။

ရဲ့ရှင်းယွင်က ကျွင်းရှောင်ယောက်နှင့်

ပြဿနာရှိထားလျှင်ပင် သူ့လို
သေးငယ်သောတည်ရှိမှုကို ကယ်တင်ရန် မလိုအပ်ပေ။

မိုဖန်းသည် ဤတစ်နှစ်ကျော်အတွင်း၌
တိုးတက်လာသော်လည်း အင်မော်တယ်မယ်မြေကြီးမှ
ပါရမီရှင်၏ အမြင်အာရုံတွင်းသို့ ဝင်ရောက်နိုင်မည်ဟု
မထင်ပါချေ။

"မင်းမှာ ကြယ်နန်းတော်နဲ့ ပုံရိပ်ရှိတဲ့ အိပ်မက်တွေ
ရှိဖူးလား"
ရဲ့ရှင်းယွင်က လေးနက်သော မျက်လုံးများဖြင့်
မေးသည်။

မိုဖန်း ခန္ဓာကိုယ်က ရုတ်တရက် တုန်ခါသွားကာ
ရဲ့ရှင်းယွင်အား ထိတ်လန့်တကြားဖြင့် ကြည့်လိုက်၏။

၎င်းက သူ၏ နှလုံးသားထဲရှိ လျှို့ဝှက်ချက်ဖြစ်ကာ သူသာလျှင် သိသည်။

ဝူကျိုကြယ်နန်းတော်ရှိ အခြားလူများပင် ယင်းကို လုံးဝမသိကြပေ။

"ရှိပုံရတယ်"

ရဲ့ရှင်းယွင် ပြုံးလိုက်သည်။

ရဲ့ရှင်းယွင်က ဘာကြောင့် မိုဖန်းကို တွေ့နိုင်ခဲ့သနည်း။

အကြောင်းပြချက်က ရိုးရှင်းသည်။

ကောင်းကင်တာအိုမျှော်စင်တွင်
နောက်ထပ်မှတ်ဉာဏ်များ နိုးထလာပြီနောက်ပိုင်း

ရဲ့ရှင်းယွင်သည် အချက်အလက်များစွာအား
စစ်ဆေးကြည့်ခဲ့သည်။

နောက်ဆုံးတွင် ဒဏ္ဍာရီလာတန်ခိုးရှင်
ဝူကျိုကြယ်သခင်အကြောင်း သိလာရ၏။

ဝူကျိုကြယ်သခင်သည် အောက်ကမ္ဘာများရှိ
ကြယ်တာရာတိုက်ကြီးတွင် မွေးဖွားခဲ့သည်။

ထို့ကြောင့် ရဲ့ရှင်းယွင်သည် မတွန့်ဆုတ်ဘဲ
ကြယ်တာရာတိုက်ကြီးသို့ ဆင်းသက်လာခဲ့၏။

ကြယ်တာရာတိုက်ကြီးသို့ ရောက်လာသည်နှင့်
အမှောင်ထဲမှ ခံစားချက်များမှာ
ပို၍ပြင်းထန်လာသည်။

ယင်းက အကြောင်းတရားနှင့် အကျိုးသက်ရောက်မှု ဖြစ်ပုံရလေသည်။

ရဲ့ရှင်းယွင်က လမ်းတစ်လျှောက် ရှာဖွေခဲ့ပြီး နောက်ဆုံးတွင် မိုဖန်းကို တွေ့ရှိသွားခဲ့သည်။

သို့သော်လည်း ထိုအချိန်တွင် စစ်ပွဲစတင်နေပြီဖြစ်ပြီး မြင်ကွင်းက အလွန်ရှုပ်ထွေးနေသောကြောင့် ရဲ့ရှင်းယွင် မလှုပ်ရှားနိုင်ခဲ့ပါ။

နောက်ပိုင်းတွင် ကျွင်းရှောင်ယောက်က ထပ်မံရောက်ရှိလာသောကြောင့် ရဲ့ရှင်းယွင်လည်း အနည်းငယ် အံ့အားသင့်သွားကာ မျက်နှာပင်မပြဝံ့တော့ အဝေးသို့ ပုန်းနေခဲ့ရသည်။

ကျွင်းရှောင်ယောက်နှင့် ရင်ဆိုင်ရတိုင်း
ရဲ့ရှင်းယွင်သည် အတွေးတစ်ခုအတိုင်းသာ
လုပ်ဆောင်သည်။

စိတ်အေးအေးထား...

စိတ်အေးအေးထား...

မင်းလုပ်နိုင်တယ်။

ရဲ့ရှင်းယွင်က ကျွင်းရှောင်ယောက်ကို ကြောက်သည်။
အကယ်၍ ရတနာအခွင့်အရေးကို မရရှိခဲ့ပါက
ကျွင်းရှောင်ယောက်အား ဘယ်တော့မှ
လိုက်မှီတော့မည် မဟုတ်ပေ။

ထိုအချိန်တွင် မိုဖန်းက ရီယု၏ ဖမ်းဆီးခြင်းကို ခံရတော့မည်ကို မြင်သောအခါမှ ရဲ့ရှင်းယွင်လည်း လှုပ်ရှားလိုက်ရခြင်း ဖြစ်သည်။

သူ့လျှို့ဝှက်ချက်ကို ဖော်ထုတ်လိုက်သောကြောင့် မိုဖန်းလည်း တိုက်ရိုက်ပင် မေးလိုက်သည်။

"သခင်လေး၊ မင်းက ငါ့လျှို့ဝှက်ချက်ကို သိနေတာပဲ၊ မင်းဘာလိုချင်လို့လဲ"

ရဲ့ရှင်းယွင်က ပြုံးလျက် ပြောလိုက်သည်။

"စိတ်မပူပါနဲ့၊ ငါက မင်းကို ဒုက္ခမပေးရုံသာမကဘဲ ကောင်းကင်ကို တက်နိုင်အောင်လည်း လုပ်ပေးဦးမှာ။ မင်းအတွက်လည်း အခွင့်အရေးတစ်ခုကို ရထားသင့်တယ်၊ အဲဒီအခွင့်အရေးက ကြယ်နန်းတော်ရဲ့ ရတနာကို သော့ဖွင့်ဖို့ သော့ဖြစ်နိုင်ချေရှိတယ်"

ထိုစကားကိုကြားပြီးနောက် မိုဖန်းသည် သူ့ခန္ဓာကိုယ်ရှိ ကြယ်လူအကြောင်း ကို
ချက်ချင်းစဉ်းစားလိုက်မိသည်။

ယင်းက ကြယ်နန်းတော်၏ ရတနာဖွင့်ဖို့ သော့ပဲလား။

မိုဖန်းသည် အနည်းငယ်
စိတ်မချဖြစ်နေသေးသော်လည်း
ရဲ့ရှင်းယွင်ပြောသမျှက အမှားမပါပေ။

"မင်းရဲ့အခွင့်အရေးက
ကြယ်နန်းတော်ရဲ့ရတနာကိုရှာတဲ့နေရာမှာ
ကူညီပေးနိုင်တယ်၊ အဲဒီအချိန်မှာ မင်းကိုလည်း
မျှဝေပေးမှာပါ၊ နောက်ပြီး အပြန်ကျရင်
ငါ့နောက်လိုက်အဖြစ်နဲ့ အင်မော်တယ် နယ်မြေကြီးကို

ခေါ်ဆောင်သွားပေးမယ်"

ရဲ့ရှင်းယွင်က ပေါ့ပေါ့ပါးပါး ပြောလိုက်သည်။

ထိုစကားကိုကြားသောအခါ မိုဖန်း၏

မျက်နှာအမူအရာက အနည်းငယ်

ပြောင်းလဲသွားသည်။

သူက ဂုဏ်သိက္ခာရှိသော

အဓိကဇာတ်ကောင်တစ်ဦးဖြစ်၍

မည်သူ့နောက်လိုက်မှ မဖြစ်ချင်ပေ။

သို့ရာတွင် မိုဖန်းက ထုတ်မပြောဘဲ ပြောလိုက်သည်။

"ဒါဆိုရင် ငါ့ကို ဝူကျိုကြယ်နန်းတော်ဆီ

အရင်ပြန်ခွင့်ပြုပါ"

ထိုစကားကိုကြားတော့ ရဲ့ရှင်းယွင်က ခေါင်းယမ်းပြီး ပြောလိုက်သည်။  "ပြန်သွားစရာ မလိုဘူး"

"မင်းဘာပြောချင်တာလဲ"

မိုဖန်း မျက်မှောင်ကြုတ်လိုက်၏။

"ကျွင်းရှောင်ယောက်ရဲ့ စရိုက်အရ မကြာခင် ကြယ်နန်းတော်တစ်ခုလုံး ပျက်စီးသွားမှာကို ငါကြောက်တယ်။ ဒါကြောင့် ကြယ်နန်းတော်ရဲ့ ရတနာကို ငါတို့ တိုက်ရိုက်သွားရှာလို့ရပြီ"

ရဲ့ရှင်းယွင်က သူ့လက်ကို ဝှေ့ယမ်းလိုက်သည်။

မိုဖန်းလည်း တိတ်တဆိတ် အံကြိတ်လိုက်တော့သည်။

ထို့ပြင် အခြေအနေကလည်း ရဲ့ရှင်းယွင်

မျှော်လင့်ထားသကဲ့သို့ပင်။

အပြစ်သားများကို သုတ်သင်ပြီးနောက် ကျွင်းရှောင်ယောက်သည် တုန်ရှမ်ဘိုးဘေးတို့နှင့် ဆန်းကျယ်ကောင်းကင်ဂိုဏ်းကို ဝူကျိုကြယ်နန်းတော် ဌာနသို့ ခေါ်ဆောင်သွားခဲ့သည်။

ဝူကျိုကြယ်နန်းတော်က ပိုးကြယ်ချောက်ဟုခေါ်သော နေရာတစ်ခုတွင် တည်ရှိသည်။

ကြယ်တာရာတိုက်ကြီး၏ အုပ်စိုးသူဟောင်းအနေဖြင့် ဝူကျိုကြယ်နန်းတော်တွင် သဘာဝအားဖြင့် နောက်ခံများစွာရှိပေသည်။

သူတော်စင်များနှင့် ခေတ္တယှဉ်ပြိုင်နိုင်သော မဟာဝက်ပါကြီးများပင် ရှိသည်။

ကျွင်းမိသားစု၏ တန်ခိုးရှင်များ
အောက်ကမ္ဘာသို့ရောက်လာပြီး အပြစ်သားများကို
သုတ်သင်ရန် ဆန်းကျယ်ကောင်းဂိုဏ်းကို
ကူညီပေးခဲ့သည့် သတင်းက ကြယ်တာရာတိုက်ကြီးသို့
ခဏချင်းပျံ့နှံ့သွားခဲ့သည်။

ထို့ကြောင့် ဂူကျိုကြယ်နန်းတော်လည်း
မဟာရန်သူတော်ကြီးများနှင့် ရင်ဆိုင်နေရသကဲ့သို့
အစောင့်အရှောက်ဝက်ပါကြီးကိုပင် အသက်သွင်းကာ
အသင့်စောင့်နေကြတော့သည်။

၎င်းတို့အနေဖြင့် လွတ်မြောက်ရန်
မဖြစ်နိုင်သောကြောင့် ထွက်ပြေးရန်
မရွေးချယ်ခဲ့ကြပေ။

ပိုကြယ်ချောက် အနီးတစ်ဝိုက်တွင်လည်း တိုက်ပွဲကို
စောင့်ကြည့်နေသည့် အင်အားစုများစွာ
ရှိနေခဲ့ကြသည်။

နောက်ဆုံးတွင် ဤတိုက်ပွဲက
ကြယ်တာရာတိုက်ကြီး၏ အနာဂတ်ပိုင်ဆိုင်မှုနှင့်
သက်ဆိုင်သည်။

ဆန်းကျယ်ကောင်းကင်ဂိုဏ်းက အနိုင်ရပါက
ကြယ်တာရာတိုက်ကြီး၏ အုပ်စိုးရှင်အသစ်
ဖြစ်လာပေလိမ့်မည်။

အကယ်၍ ရှုံးနိမ့်ခဲ့ရင်တော့ ဝူကျိကြယ်နန်းတော်က
ယခင်အတိုင်း ဆက်လက်နေနိုင်မည် ဖြစ်သည်။

သို့သော်လည်း ယခုတစ်ကြိမ်တွင်

ဝူကျိုကြယ်နန်းတော်ကို မည်သူမျှ
အကောင်းမြင်ခြင်းမရှိကြကြောင်း ထင်ရှား၏။

နောက်ဆုံးတွင် ဆန်းကျယ်ကောင်းကင်ဂိုဏ်းက
ကျွင်းမိသားစု၏ အကူအညီကို ရထားခဲ့ချေပြီ။

အင်မော်တယ်နယ်မြေကြီးက အောက်ကမ္ဘာအတွက်
လက်လှမ်းမမှီနိုင်သော ဖြစ်တည်မှုတစ်ခု ဖြစ်သည်။

"ဟင်း၊ ဒီတစ်ခါတော့ ကြယ်တာရာတိုက်ကြီးကို
နှစ်ပေါင်းများစွာ တည်ရှိခဲ့တဲ့
ဝူကျိုကြယ်နန်းတော်လည်း
လုံးဝပျက်စီးသွားလိမ့်မယ်"

အဖြူရောင်ဝတ် အမျိုးသားတစ်ဦးက ခေါင်းကို
အနည်းငယ်ခါယမ်းလိုက်သည်။

သူသည် ကြယ်တာရာတိုက်ကြီး၏
အစိကအင်အားစုတစ်ခုဖြစ်သော ဥက္ကာပျံခန်းမမှ
ကောင်းကင်ကြယ်သားတော်ဖြစ်သည်။

"ဒါပေမဲ့ ဂူကျိုကြယ်နန်းတော်က
ကြယ်တာရာတိုက်ကြီးရဲ့ အုပ်စိုးရှင်ပဲလေ၊
ကျွင်းမိသားစုရဲ့အကူအညီနဲ့တောင် သူတို့ကို
လုံးဝဖယ်ရှားဖို့က မလွယ်ဘူးမဟုတ်လား"

အနီရောင်ဆံပင်နှင့် ထွားကျိုင်းသော အမျိုးသားက
ခေါင်းယမ်းလိုက်သည်။

သူ့အမည်မှာ ကျောက်လဲ့ ဖြစ်ပြီး ရန်ရှန့်တာအိုမှ
ဆင်းသက်လာသူ ဖြစ်ချေသည်။ ဥက္ကာပျံခန်းမကဲ့သို့
၎င်းတို့က ဆန်းကျယ်ကောင်းကင်တာအိုဂိုဏ်း၊
ဂူကျိုကြယ်နန်းတော်တို့ပြီးလျှင် ဒုတိယလိုက်သော
အင်အားစုတစ်ခု ဖြစ်သည်။

"ကျွင်းမိသားစုရဲ့ နတ်ဘုရားသားတော်က အရမ်းအစွမ်းထက်တယ်လို့ကြားတယ်။ သူက ဝူကျိုကြယ်နန်းတော်က လူတိုင်းကို ဓားတစ်ချောင်းတည်းနဲ့ သတ်ပစ်ခဲ့တယ်တဲ့"

"ဒီနှစ်မှာ ကျော်ကြားလာတဲ့ မိုဖန်းဆိုရင်လည်း သူ့ကို ရင်မဆိုင်ဝံ့ဘဲ ထွက်ပြေးသွားရတယ်"

အနီရောင်ဝတ် မိန်းကလေးက ပြုံးလျက်ပြောလိုက်သည်။

သူမ၏ မျက်လုံးများက တောက်ပနေပြီး ဝဝကစ်ကစ်ဖြစ်ကာ ခေါင်းတွင် စန္ဒပန်းတစ်ပွင့်ကို ပန်ထားသည်။

"အိုး၊ သူတော်စင်ချူးက လှပ်ရှားချင်လို့လား"

ကောင်းကင်ကြယ်သားတော်က ပြုံးလိုက်၏။

အနီရောင်ဝတ်မိန်းကလေးက ချူးဟုန်ရီဖြစ်သည်။
သူမက ကြာနီဂိုဏ်း၏ သူတော်စင်ဖြစ်ပြီး
ကြယ်တိုက်ကြီးတွင် အလွန်ကျော်ကြားသော
ပါရမီရှင်တစ်ဦး ဖြစ်ချေသည်။

"ခစ်ခစ်၊ ကျွင်းမိသားစုရဲ့
နတ်ဘုရားသားတော်အကြောင်း
ကောလာဟလအမျိုးမျိုးကို ကြားရရုံနဲ့တင်
စူးစမ်းချင်စိတ် ဖြစ်မိပါတယ်"
ချူးဟုန်ရီ ရယ်မောလိုက်သည်။

"ဟမ့်၊ အင်မော်တယ်နယ်မြေကြီးရဲ့ ပါရမီရှင်တွေက
ငွေသားနဲ့တူတဲ့ ငရုတ်ပွတွေပါပဲ။ သူတို့ထဲမှာ
တကယ်အစွမ်းရှိသူက နည်းနည်းပဲရှိတာ"

ယင်းကိုကြားတော့ ကျောက်လဲ့က နှာခေါင်းရှုံ့ကာ ပြောလိုက်၏။

"ဟားဟား၊ မနာလို"

ကောင်းကင်ကြယ်သားတော်က ခေါင်းခါယမ်းလိုက်သည်။

ကျောက်လဲ့က ချူးဟုန်ရီကို သဘောကျနေသည်မှာ လျှို့ဝှက်ချက်မဟုတ်ပေ။

"ကျွင်းမိသားစုရဲ့ နတ်ဘုရားသားတော်က ဒီနေ့ ငါတို့ကို အမြင်ကျယ်စေဖို့ မျှော်လင့်တယ်"

ချူးဟုန်ရီက ပြောလိုက်သည်။

ဂျင်းတို့က ဝူကျိုကြယ်နန်းတော်နှင့်

ဆန်းကျယ်ကောင်းကင်ဂိုဏ်းတို့ကြား တိုက်ပွဲကို စောင့်ဆိုင်းရန်နှင့် ကျွင်းမိသားစုမှ နတ်ဘုရားသားတော်ကို မြင်တွေ့ကြရန် လာရောက်ခဲ့ခြင်း ဖြစ်ချေသည်။

"ဟမ့်၊ ဟုန်ရီ၊ ကျွင်းမိသားစုရဲ့ နတ်ဘုရားသားတော်အကြောင်း သိပ်အများကြီး မတွေးပါနဲ့၊ သူ မင်းကို စိတ်ပျက်စေမှာ ငါကြောက်တယ်"

ကျောက်လဲ့က မကျေမချမ်းဖြင့် ပြောလိုက်၏။

"စောင့်ကြည့်ကြတာပေါ့"

ချူးဟုန်ရီက ချစ်စရာကောင်းသော အပြုံးဖြင့် ပြောလိုက်သည်။

ထိုအချိန်တွင် အဝေးမှကောင်းကင်ယံ၌ ပြင်းထန်သော

တိုက်ခိုက်ချင်စိတ်နှင့် လူသတ်ငွေ့များက
လွှမ်းခြုံသွားသည်။

ထိုအရှိန်အဝါများသည် ကောင်းကင်နှင့်မြေကြီးကို
တုန်လှုပ်စေခဲ့၏။

"လာပြီ၊ ဒီနေ့တိုက်ပွဲပြီးရင် ကြယ်တာရာတိုက်ကြီးမှာ
ဘုရင်တစ်ပါးပဲကျန်တော့မယ်"

စာစဉ် ( ၁၂ ) ပြီးပါပြီ။